မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၄၀)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၁၇ ရက်၊ တနင်္ဂနွေနေ့။

တိမ်အသင့်အတင့်

၁၇-၂-၂၀၁၂

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟားခါးမြို့သို့ရောက်ရှိရာ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြစဉ်။ (သတင်းစဉ်)

ဒေသဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ချင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးနိုထန်ကပ်၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ယနေ့နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ချင်းပြည်နယ် ဖလမ်းခရိုင် တီးတိန်မြို့သို့ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ချင်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် နယ်မြေခံတပ်ရင်းဧည့်ရိပ်သာ၌ တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ်နှင့် ကျီခါးမြို့နယ်ခွဲတို့မှ အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံရာ၌ အုပ်ချုပ်ရေးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက

စာမျက်နှာ ၈ ကော်လံ ၁ ◆

အုပ်ချုပ်ရေးမှူးများသည် မိမိတို့မြို့နယ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် မိမိတို့၏ အရည်အချင်း၊ ဆောင်ရွက်ပေးလိုသည့် စေတနာနှင့် လက်တွေ့ကြိုးစားဆောင်ရွက်ပေးမှုတို့အပေါ် မူတည်သည်ဟု ခံယူဆောင်ရွက်။

ယနေ့ မာတိကာ

တာဝန်ကိုယ်စီရှိကြသည် (ခေါင်းကြီး) စာ - ၂

အမေရိကန်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ် တွေ့ဆုံမည် စာ - ၄

မောင်းသူမဲ့လေယာဉ်များ ပိုမိုထုတ်လုပ်မည် စာ - ၅

ကမ္ဘာ့အသက်ကြီးဆုံး နံပါတ်တစ်နေရာ စာ -၁၃

မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးမှုလွန်ကဲနေ၍ ငါးသလောက်မျိုးသုဉ်းမည့်အလားအလာရှိ

မြသန်းထွန်း (ငါးလုပ်ငန်းဦးစီး)

ငါးသလောက်သည် မြန်မာလူမျိုးများ တန်ဖိုးထားစားသုံးသော ငါးတစ်မျိုးဖြစ်ပြီး မြန်မာနိုင်ငံအတွက် အမျိုးသားငါး **National Fish** ဟု ခေါ်ဆိုနိုင်သော ငါးဖြစ်ပါသည်။ မြန်မာလူမျိုးများ ပြောဆိုကြသော ဆိုရိုးစကားတစ်ခုမှလည်း **"ငါး ငါးသလောက် မယားဆံတောက်"** ဟူ၍ဖြစ်ပြီး ငါးထဲတွင် ငါးသလောက်မှာ အရသာအကောင်းဆုံးဖြစ်ပြီး မိန်းမယူရန်မှာ ဆံတောက်ဖားဖားနှင့် တောသူကိုရွေးချယ်သင့်သည်ဟု ပြောဆိုကြပါသည်။

မြန်မာနိုင်ငံ၏ ရေထွက်ပစ္စည်းစာရင်းတွင် ပြည်ပပို့ကုန်အနေဖြင့် ဒုတိယနေရာမှာ တည်ရှိနေသော ငါးမျိုးစိတ်ဖြစ်ပြီး ၂၀၁၁-၂၀၁၂ ခုနှစ် ပြည်ပပို့ကုန် စာရင်းများအရ (၁၅၄၀၈) မက်ထရစ်တန်တင်ပို့ပြီး တန်ဖိုး US$ (47.4) Million ရရှိခဲ့ပါသည်။ သို့သော်လည်း ယင်းငါးမျိုးစိတ်များ တစ်နှစ်ထက်တစ်နှစ်

စာမျက်နှာ ၇ ကော်လံ ၁ ❒



ပြင်ဦးလွင်ခရိုင် စပွါယ်နဂိုလ်ကျေးရွာအနီး ဧရာဝတီမြစ်အတွင်းမှရသော ငါးသလောက်ကြီးနှင့် သားပေါက်ရန်အသင့်ဖြစ်နေသော ဥအမြွှာကြီး။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တာဝန်ကိုယ်စီရှိကြသည်

ကမ္ဘာ့နိုင်ငံများသည် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် ယနေ့အချိန်တွင် အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုကြောင့် နိုင်ငံပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်း၊ ရှေးဟောင်းအမွေအနှစ်များ၊ ပြည်သူတို့၏ အသက်အိုးအိမ်များ ပျက်စီးဆုံးရှုံးကြရသည်။ သဘာဝဘေးတွင် မီးဘေး၊ ရေဘေး၊ မုန်တိုင်း၊ ငလျင်ဘေး၊ သောက်သုံးရေရှားပါးမှု စသည်တို့ပါဝင်ပေသည်။

ယခုအခါတွင် နွေဦးကာလသို့ ရောက်ရှိလာပြီဖြစ်၍ မီးဘေးကြိုတင်ကာကွယ်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ထားကြရတော့မည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့် ဆုံးရှုံးမှုတွင် မီးဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုသည် အများဆုံးဖြစ်သည်။ "လူခိုး၍မကုန် မီးခိုး၍ကုန်" ဆိုစကားအရ မီးလောင်ဆုံးရှုံးမှုကြောင့် နှစ်ရှည်လများ ရှာဖွေစုဆောင်းခဲ့ရသော ပစ္စည်းဥစ္စာရတနာများ ဆုံးရှုံးကြရသည်။ မီးလောင်မှုအကြောင်းအမျိုးမျိုးတွင် လျှပ်စစ်ကြောင့်လောင်ကျွမ်းခြင်း၊ မီးဖိုမီးကြောင့်လောင်ကျွမ်းခြင်း၊ ပေါ့ဆမှုကြောင့် လောင်ကျွမ်းခြင်း အများဆုံးဖြစ်ပွားခဲ့သည်ကို တွေ့ရှိရသည်။

မီးဘေးအန္တရာယ် ပြည်သူများလိုက်နာဆောင်ရွက်ရေးနှင့် မီးသတိမူရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရပ်ကွက်၊ မြို့နယ်အလိုက် အသိပညာပေးခြင်း၊ ဟောပြောခြင်း၊ လက်တွေ့သရုပ်ပြသခြင်း၊ မီးသုံးစွဲမှုများစစ်ဆေးခြင်းများကို ဆောင်ရွက်နေသော်လည်း ပြည်သူများအပိုင်းက လိုက်နာမှုအားနည်းခြင်းကြောင့် မီးလောင်မှုများဖြစ်ပွားနေကြောင်း တွေ့ရှိရပေသည်။ ပွင့်လင်းခြောက်သွေ့သည့် ရာသီရောက်ရှိနေပြီဖြစ်၍ ပေါ့ဆမှုမှစတင်သော မီးလောင်မှုများ မဖြစ်ပွားရန် ရုံး၊ ဌာန၊ စက်ရုံ၊ အလုပ်ရုံ၊ ဈေး၊ လောင်စာဆီအရောင်းဆိုင်များ၊ နေအိမ်များနှင့် တစ်ဦးချင်းစီက အလေးထားဂရုစိုက်ကြရမည်ဖြစ်သည်။

သက်ဆိုင်ရာက မီးဘေးကြိုတင်သတိပေးမှုများ ထုတ်ပြန်ကာ ပြည်သူများကို သတိပေးလျက်ရှိရာ ပြည်သူများအပိုင်းကလည်း မီးသုံးစွဲသည့်အခါ လူစောင့်ရှိရန်၊ မီးဖိုအနီးတွင် လောင်စာနှင့် လောင်စာဆီများမထားရန် လျှပ်စစ်မီးများကို သုံးစွဲရာတွင် ပလပ်များပိတ်ရန်၊ ဖြုတ်ရန် စသည်ဖြင့် မီးသုံးစွဲမှုတွင် စနစ်တကျရှိပြီး မေ့မေ့လျော့လျော့မဖြစ်ရန် အထူးသတိပြုကြရမည်ဖြစ်သည်။ တစ်ဦးတစ်ယောက်၏ ပေါ့ဆမှုကြောင့် ပြည်သူအများ နစ်နာမဆုံးရှုံးစေရေးကို အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

ယနေ့အချိန်ကာလသည် ခေတ်မီတိုးတက်လျက်ရှိပြီး လူနေမှုအဆင့်အတန်းများသည်လည်း တစ်ရှိန်ထိုးတိုးတက်လျက်ရှိသည်။ ယင်းသို့ဖြစ်ရန် ပြည်သူအားလုံး အသိပညာ၊ ဝီရိယ၊ ခွန်အားများစိုက်ထုတ်ပြီး နှစ်ကာလကြာမြင့်စွာ ကြိုးပမ်းဆောင်ရွက်မှုကြောင့်ရရှိသော အကျိုးခံစားမှုများဖြစ်သည်။ ရရှိသောအကျိုးခံစားမှုများ၊ စိုက်ထုတ်ရသော စွမ်းအားများသည် တစ်ခဏတာအတွင်း ပျောက်ပျက်မသွားရန် ကြိုတင်ကာကွယ်၍ရသော သဘာဝဘေးအန္တရာယ်ကို ဝိုင်းဝန်းပူးပေါင်းကာကွယ်ကြရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်သည့် မီးဘေးအန္တရာယ်သည် ပြည်သူအားလုံးကြိုတင်ကာကွယ်၍ရသောကြောင့် မီးသုံးစွဲမှုများတွင် တစ်ဦးတစ်ယောက်ချင်းက အစပြုပြီး မီးကို စနစ်တကျသုံးစွဲကြရန်လိုပြီး ပြည်သူတို့၏ အသက်အိုးအိမ်၊ ပြည်သူ့ဘဏ္ဍာငွေများ မဆုံးရှုံးစေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းနေချိန်တွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အလျင်အမြန်ပြီးမြောက်ရန်အတွက် မလိုလားအပ်သော ဆုံးရှုံးမှုများ၊ နှောင့်နှေးကြန့်ကြာမှုများ မဖြစ်ပွားရန် တာဝန်ကိုယ်စီရှိကြပါကြောင်း။ ။

ပြည်တွင်းသတင်း

သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၌ စာပေသင်ကြားရေးကိစ္စများဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၁၆

သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးစိန်မောင်၊ သမဝါယမဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီတွင် မြသရဖီခန်းမ၌ သမဝါယမတက္ကသိုလ်(စစ်ကိုင်း) တာဝန်ခံပါမောက္ခချုပ် ဒေါက်တာရီရီဝင်း၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက သမဝါယမတက္ကသိုလ်(စစ်ကိုင်း)သည် ယခုမှ စတင်ဖွင့်လှစ်ရသော တက္ကသိုလ်ဖြစ်၍ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ မြင့်မားသည့် တက္ကသိုလ်ဖြစ်လာအောင် မြို့မိ မြို့ဖများ၊ ဆရာဆရာမများနှင့် ဌာနဝန်ထမ်းများအားလုံးက ပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ သမဝါယမဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ကလည်း ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စာပေသင်ကြားရေးနှင့်ပတ်သက်၍ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ် သင်ရိုးညွှန်းတမ်းများကို ခေတ်စနစ်နှင့်အညီ သုံးသပ်ပြုပြင်ရေး၊ စတုတ္ထနှစ်အတွက် သင်ရိုးညွှန်းတမ်းအသစ်ရေးဆွဲရေး၊ လက်ရှိသင်ကြားရာတွင် Self Learning စနစ်ကို ကျင့်သုံးသင်ကြားရေး၊ ဤတက္ကသိုလ်မှ ဘွဲ့ရပြီးပါက လုပ်ငန်းနယ်ပယ်တွင် အင်္ဂလိပ်ဘာသာဖြင့် အရည်အသွေးမီ ရေးသားပြောဆို ဆောင်ရွက်နိုင်စေရေးအတွက် အင်္ဂလိပ်ဘာသာကို အလေးထား သင်ကြားလေ့ကျင့်ရေး၊ ပညာရပ်ကျွမ်းကျင်မှုအတွက် နှစ်အလိုက် ဘာသာရပ်စာတမ်းများ ရေးသားစေရေး၊ စတုတ္ထနှစ်တွင် ဘွဲ့ယူစာတမ်းသတ်မှတ်ရေးသားစေရေး၊ ဆရာဆရာမများကိုယ်တိုင်လည်း နှစ်စဉ် ဘာသာရပ်စာတမ်း တစ်စောင်စီ သုတေသနပြု ရေးသားတင်သွင်းရေးတို့ကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကျောင်းသား ကျောင်းသူများ၏ အမျိုးသားရေးနှင့် လူမှုရေးအခြေခံစိတ်ဓာတ်များ မြှင့်တင်ရေးအတွက် တက္ကသိုလ်ဘာသာရေးအသင်း၊ စာပေ၊ အနုပညာနှင့်ယဉ်ကျေးမှုအသင်း၊ အားကစားအသင်း၊ ခြေလျင်တောင်တက်အသင်း၊ အိမ်တွင်းမှုအသင်း၊ ကြက်ခြေနီအသင်း၊ လူမှုရေးလုပ်ငန်းဆောင်ရွက်မှုအသင်း၊ နှစ်ပတ်လည်မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ၊ စာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်မှု ကော်မတီအသင်းများ ဖွဲ့စည်းဆောင်ရွက်နေမှုများကို အားပေးပြီး ပညာရပ်ဆိုင်ရာ စာတွေ့ လက်တွေ့ ပေါင်းစပ်နိုင်ရေးအတွက် ဂျီးအီးစီပညာရေးသမဝါယမအသင်း၊ ငွေစုငွေချေးသမဝါယမအသင်းများတွင် ကျောင်းသားကျောင်းသူများကိုယ်တိုင် အသင်းဝင်များ၊ အမှုဆောင်များအဖြစ် ပါဝင်စေပြီး စာတွေ့၊ လက်တွေ့ ပေါင်းစပ်သင်ကြားရေး၊ ပြည်ပမှ အောင်မြင်နေသော သမဝါယမ အသင်းစုချုပ်ကြီးများ၏ လုပ်ငန်းဆောင်ရွက်မှုများကို လေ့လာစေရေး၊ ပြည်တွင်းမှ အောင်မြင်နေသော သမဝါယမအသင်းများထံ ကွင်းဆင်းလေ့လာရေး တို့ကိုလည်း ပေါင်းစပ်ဆောင်ရွက်ပေးပြီး စာသင်ကြားနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(အောက်ပုံ) (သတင်းစဉ်)

လမ်းမကြီးပေါ်ရောက်နေသည့် ကားလက်မှတ်အရောင်းဆိုင်းဘုတ်များ

မိတ္ထီလာ ဖေဖော်ဝါရီ ၁၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့သည် ခရိုင်မြို့ကြီးတစ်မြို့ဖြစ်ပြီး တက္ကသိုလ်၊ ကောလိပ်များ၊ ရုံးဌာနများ၊ ဘဏ်များ၊ ဈေးများဖြင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သော မြို့ကြီးဖြစ်သည်။ နေ့စဉ် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် စည်ကားလျက်ရှိသည်။

အဆင်ပြေ

မိတ္ထီလာမြို့တွင် လမ်းမကြီးငါးသွယ်ဖြစ်သည့် မိတ္ထီလာ-နေပြည်တော်လမ်း၊ မိတ္ထီလာ-မန္တလေးလမ်း၊ မိတ္ထီလာ-တောင်ကြီးလမ်း၊ မိတ္ထီလာ-မြင်းခြံလမ်း၊ မိတ္ထီလာ-ပုဂံလမ်းများ ရှိခြင်းကြောင့် ကားလက်မှတ်အရောင်းဆိုင်များ အပြိုင်အဆိုင်ဖွင့်လှစ်ခြင်းကြောင့် ခရီးသွားပြည်သူများအတွက် အဆင်ပြေလျက်ရှိသည်။

ထင်သာမြင်သာ ပြုပြင်စရာ

တားမြစ်ပေး

မိတ္ထီလာမြို့ ကားကြီးဝင်းနှင့် နာရီစင်အကြားရှိ ကားလက်မှတ်အရောင်းဆိုင်များ၏ ဆိုင်းဘုတ်များသည် လမ်းမကြီးပေါ်အထိ တက်ရောက် ခင်းကျင်းထားမှုကြောင့် ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ အတွက် ယာဉ်အန္တရာယ် ဖြစ်ပေါ်စေနိုင်သဖြင့် ဆိုင်းဘုတ်များ လမ်းမကြီးပေါ်အထိ တက်၍ ချထားခြင်းများကို သက်ဆိုင်ရာမှ တားမြစ်ပေးနိုင်ပါရန် ရေးသားလိုက်ရပါသည်။

မောင်နဂါး(ထီလာ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၇-၂-၂၀၁၃ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ကျန်းမာဖို့အတူကစားစို့
- ၈း၀၀ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၁၅ Sea Games (Gold for Gold (တင်းနစ်)
- ၈း၅၀ **ကြားညှပ်သီးနှံဖရဲ**

နေ့လယ်ပိုင်း

- ၁၁း၂၀ **အိမ်တွင်းစီးပွားရေးအိုးလုပ်ငန်း**
- ၁၁း၂၅ တစ်ပတ်အတွင်းနိုင်ငံတကာသတင်း
- ၁၁း၃၅ International News
- ၁၁း၄၅ မြန်မာဗီဒီယိုဇာတ်လမ်း **တိမ်ဝှက်လ** ခန့်စည်သူ၊ စိုးမြတ်နန္ဒာ [ဒါရိုက်တာ-မြင့်စိုး(ဝ/သ)]
- ၁၃း၁၅ **မန္တလေးမြို့ အဆင့်မြင့်ဘောလုံး အားကစားကွင်းစီမံကိန်း**

ညပိုင်း

- ၄း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ (တတိယနှစ်) (သမိုင်းအထူးပြု) (သမိုင်း)
- ၈း၀၀ ပြည်တွင်းသတင်း
  - နိုင်ငံတကာသတင်း
  - မိုးလေဝသအခြေအနေ
- **တစ်ရာမြောက်သောမင်္ဂလာဝတ်စုံ** (ဇာတ်သိမ်း)
- ၁၀း၀၀ ပြည်တွင်းသတင်း



ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတဦးသိန်းစိန် ကလေးမြို့နယ် မဟာသာကပဋိမာရေဆန်ကျွန်း ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညို ဆင်းရွှေကြာ(၃) နေကြာမျိုး စိုက်ခင်းနှင့် ပျားမွေးမြူရေးလုပ်ငန်းကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ယနေ့နံနက် ၈နာရီ ၁၀မိနစ်တွင် ကလေးမြို့နယ် ကျီကုန်းကျေးရွာအနီး ရာဇဂီရိ ကုန်းတော်၌ တည်ထားကိုးကွယ်သည့် မဟာသာကပဋိမာရေဆန်ကျွန်းဗုဒ္ဓရုပ်ပွားတော်အား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး ဖူးမြော်ကြည်ညိုသည်။

ထို့နောက် ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး ဗုဒ္ဓရုပ်ပွားတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍နိုင်ငံတော်သမ္မတအား စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးငွေအောင်တို့က ရေဆန်ကျွန်းဗုဒ္ဓရုပ်ပွားတော် တည်ထား ကိုးကွယ်ခဲ့မှုသမိုင်းကို ရှင်းလင်းတင်ပြကြသည်။

အဆိုပါ မဟာသာက ပဋိမာရေဆန်ကျွန်း ဗုဒ္ဓရုပ်ပွားတော်မှာ ကလေးမြို့နယ် မော်လိုက်ကလေးကျေးရွာအနီး ဖြတ်သန်းစီးဆင်းနေသော နေရဉ္စရာမြစ်အတွင်း၌ ၂၀၀၄ ခုနှစ် ဇန်နဝါရီလက ရေစီးတွင်မျောပါခြင်းမရှိဘဲ အထက်သို့ ဆန်တက်နေသော ကျွန်းတုံးကြီးကို တွေ့ရှိရာမှ ဗုဒ္ဓရုပ်ပွားတော်အဖြစ် ထုလုပ်ပူဇော်ခဲ့ခြင်းဖြစ်သည်။ ထိုရေဆန်ကျွန်းတုံးကြီးမှာ သစ်တောဦးစီးဌာနမှ တိုင်းတာမှုအရ အလျား ၁၆ ပေ၊ လုံးပတ် ၁၀ ပေ တစ်လက်မရှိပြီး သက်တမ်းမှာ နှစ် ၁၂၀ ခန့်ရှိကြောင်း ခန့်မှန်းခဲ့ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရာဇဂီရိ ကုန်းတော်ပေါ်မှနေ၍ ကလေးလွင်ပြင်ဒေသတွင် စိုက်ပျိုးအောင်မြင်နေသောနေကြာနှင့် အခြားသီးနှံများစိုက်ပျိုးထားမှုကို ကြည့်ရှုသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် ကလေးမြို့နယ် ကျီကုန်းကျေးရွာ အုပ်စုဖောင်ကူးစိုက်ကွင်း၌ အောင်မြင်ဖြစ်ထွန်းနေသော ဆင်းရွှေကြာ (၃) နေကြာမျိုး ၁၃ ဧက စိုက်ပျိုးထားရှိမှုနှင့် ပျားမွေးမြူရေး လုပ်ငန်းဆောင်ရွက်နေသည့်နေရာသို့ ရောက်ရှိရာ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ၊ ဒေသခံတောင်သူများ ၊ နေကြာစိုက်ပျိုးထားသူ ဦးသီဟနှင့် ပျားမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေသူ ဦးအောင်ကျော်ဦးတို့က လယ်ယာမြေများ၌ တစ်နှစ်လျှင် နှစ်သီးစိုက်ပျိုးလုပ်ကိုင်နေမှု၊ ပျားမွေးမြူရေးလုပ်ငန်း အောင်မြင်နေမှု၊ ပြည်တွင်းပြည်ပတွင် ဈေးကွက်ရရှိမှုနှင့် စီးပွားရေးတွက်ခြေကိုက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ပျားမွေးမြူရေးလုပ်ငန်းမှ လက်တွေ့ပျားရည်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပျားလုပ်ငန်းဌာန တိုင်းဦးစီးမှူးနှင့် လုပ်ငန်းရှင်တို့က ရှင်းလင်းပြသကြသည်။ ထို့နောက် နိုင်ငံတော်သမ္မတက ပျားမွေးမြူရေးလုပ်ငန်းသည် စီးပွားရေးအရ တွက်ခြေကိုက်သဖြင့် ဒေသခံတောင်သူများလည်း စိုက်ပျိုးရေးလုပ်ငန်းနှင့်အတူတွဲဖက်၍ စီးပွားဖြစ်ကျယ်ကျယ်ပြန့်ပြန့် လိုက်ပါလုပ်ကိုင်နိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်တို့က ပညာပေးစည်းရုံး လုပ်ဆောင်သွားကြရန် မှာကြားခဲ့သည်။ **(သတင်းစဉ်)**

အလှူငွေများပေးအပ်

နိုင်ငံတော်သမ္မတဦးသိန်းစိန် ကလေးမြို့နယ် ကျီကုန်းကျေးရွာအနီး ရာဇဂီရိကုန်းတော်၌ တည်ထားကိုးကွယ်သည့် မဟာသာကပဋိမာရေဆန်ကျွန်းဗုဒ္ဓရုပ်ပွားတော်အတွက် အလှူငွေများပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတဦးသိန်းစိန် ကလေးမြို့နယ် ကျီကုန်းကျေးရွာ ပျားမွေးမြူရေးလုပ်ငန်းမှ လက်တွေ့ပျားရည်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲ စာမေးပွဲဝင်ခွင့်ကတ်ပြားများ ထုတ်ယူနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

၂၀၁၃ ခုနှစ် မတ် ၁၃ ရက်မှ ၂၂ ရက်အထိ ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုခွင့်တောင်းထားကြသော ကျောင်းသား ကျောင်းသူများအနေဖြင့် တစ်ပြည်လုံးရှိ နယ်စာစစ်ဌာနအသီးသီးတွင် ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများသည် မိမိတို့၏ဓာတ်ပုံကပ်ထားသည့် ခုံအမှတ်စဉ်ပါသော စာမေးပွဲဝင်ခွင့်ကတ်ပြား(Identity Card)များကို **၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်** (ကြာသပတေးနေ့)မှစ၍လည်းကောင်း၊ ရန်ကုန်မြို့မ စည်ပင်သာယာနယ်နိမိတ်အတွင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို **၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်** (တနင်္လာနေ့)မှစ၍လည်းကောင်း စာမေးပွဲရက်မတိုင်မီ ထုတ်ယူကြရန်၊ ထိုသို့ထုတ်ယူရာတွင် အခြေခံပညာအထက်တန်းကျောင်း၊ (ကျောင်းခွဲ)နှင့် (တွဲဖက်) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများသည် မိမိတို့၏ စာမေးပွဲဝင်ခွင့်ကတ်ပြားများကို သက်ဆိုင်ရာ မိမိတို့ကျောင်းအုပ်ကြီးများထံမှလည်းကောင်း၊ ပြင်ပမှဖြေဆိုသူများသည် စာမေးပွဲဝင်ခွင့်ကတ်ပြားများကို မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနကြီးကြပ်ရေးမှူးများထံမှလည်းကောင်း အသီးသီးထုတ်ယူနိုင်ကြသည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် စာမေးပွဲဝင်ခွင့်ကတ်ပြားများ ထုတ်ယူရာတွင် အခက်အခဲရှိပါက သက်ဆိုင်ရာကြီးကြပ်ရေးမှူးများနှင့် မြို့နယ်ပညာရေးမှူးများထံ တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

အီရန်နျူကလီးယားအရေး ထိပ်တိုက်မတွေ့ရန် အီးယူကို အမေရိကန်ဆော်ဩတိုက်တွန်း

ဝါရှင်တန် ဖေဖော်ဝါရီ ၁၆

အီရန်နျူကလီးယားစွမ်းအင် အစီအစဉ်နှင့်ပတ်သက်ပြီး ထိပ်တိုက်ဆုံတွေ့မှုကို ရှောင်ရှားရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက အီးယူသို့ တိုက်တွန်းလိုက်သည်။

အီရန်နှင့် P5+1 အုပ်စု (ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံငါးနိုင်ငံ +ဂျာမနီ)တို့ ကာဇက်စတန်နိုင်ငံ အယ်မတ်တီး၌ ဖေဖော်ဝါရီ ၂၆ ရက်တွင် တွေ့ဆုံဆွေးနွေးစဉ်အတွင်း ထိပ်တိုက်တွေ့ဆုံခြင်းကို ရှောင်ကြဉ်ရန် ဝါရှင်တန်မြို့ အီးယူနိုင်ငံခြားရေးမူဝါဒအကြီးအကဲ ကက်သရင်းအက်ရှ်တန်နှင့် တွေ့ဆုံစဉ် ပြောကြားလိုက်ခြင်းဖြစ်သည်။ အီရန်နှင့် P5+1 အုပ်စုသည် ၂၀၁၂ ခုနှစ် ဇွန်လက မော်စကိုမြို့၌ နောက်ဆုံးတွေ့ဆုံခဲ့သည်။ **(ပရက်စ်တီဗွီ)**

အီရန်-ပါကစ္စတန် ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်

တီဟီရန် ဖေဖော်ဝါရီ ၁၆

အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့သည် အာရှနှစ်နိုင်ငံအကြား အမေရိကန်ဒေါ်လာတစ်ဘီလီယံတန်ဖိုးရှိ ဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းရေးစာချုပ်တစ်ရပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်း ဖေဖော်ဝါရီ ၁၅ ရက်က သတင်းဖော်ပြသည်။ ပါကစ္စတန်ပြည်သူ့ဓာတ်ငွေ့လုပ်ငန်းကုမ္ပဏီနှင့် တီဟီရန်အခြေစိုက် စွမ်းအင်ဖွံ့ဖြိုးရေးကုမ္ပဏီတို့ ဖေဖော်ဝါရီ ၁၅ ရက်က အစ္စလာမ္မာဘတ်၌ သဘောတူလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ အီရန်ကုမ္ပဏီတစ်ခုက အဆိုပါ ဓာတ်အားပိုက်လိုင်းကို ၁၅ လအတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ်၏ အကြံပေးအာရှင်ဟူစိန်က ပြောကြားသည်။ **(ဆင်ဟွာ)**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး

အမေရိကန်သမ္မတ ဘားရက်အိုဘားမား

အမေရိကန်သမ္မတနှင့် ဂျပန်ဝန်ကြီးချုပ်တွေ့ဆုံမည်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၆

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အိမ်ဖြူတော်တွင် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် လာမည့် ဖေဖော်ဝါရီ ၂၂ ရက်တွင် တွေ့ဆုံရန်စီစဉ်ထားကြောင်း အိမ်ဖြူတော်မှ ဖေဖော်ဝါရီ ၁၆ ရက်က သတင်းထုတ်ပြန်သည်။

သမ္မတအိုဘားမားနှင့် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးတို့နှစ်ဦးသည် ကမ္ဘာ့ရေးရာနှင့် ဒေသဆိုင်ရာကိစ္စရပ်များကို တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။ ထို့အတူ နှစ်နိုင်ငံဆက်ဆံရေးရာကိစ္စရပ်များကိုလည်း ဆွေးနွေးကြမည်ဖြစ်ပြီး လုံခြုံရေးနှင့် ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များကို နက်နက်ရှိုင်းရှိုင်းဆွေးနွေးကြရန် စီစဉ်ထားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားစမ်းသပ်မှုပြုလုပ်ခဲ့ပြီးနောက် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ အမေရိကန်ခရီးစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဖေဖော်ဝါရီ ၁၃ ရက်က ရှင်ဇိုအာဘေးနှင့် အိုဘားမားတို့ တယ်လီဖုန်းဖြင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရာတွင် ဂျပန်နိုင်ငံ၏ လုံခြုံရေးအပေါ် အမေရိကန်က အလေးထားကြောင်း ပြောကြားခဲ့သည်။

ရှင်ဇိုအာဘေး၏ အမေရိကန်ခရီးစဉ်မှာ ပထမအကြိမ်ရွှေ့ဆိုင်းခဲ့ရပြီးနောက် ဖေဖော်ဝါရီ ၂၂ ရက်တွင် တွေ့ဆုံဆွေးနွေးရန် စီစဉ်နိုင်ခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

မာလီစစ်ပွဲရှိ ပြင်သစ်တပ်ဖွဲ့ဝင်များအား လေယာဉ်ပို့ဆောင်ထောက်ပံ့မှု ကနေဒါတိုးမြှင့်မည်

ပါရီ ဖေဖော်ဝါရီ ၁၆

စစ်ကြောင့်ပြိုကွဲပျက်စီးနေသော အနောက်အာဖရိကနိုင်ငံဖြစ်သည့် မာလီနိုင်ငံတွင် ပြင်သစ်တပ်ဖွဲ့ဝင်များ၏ ထိုးစစ်ဆင်တိုက်ခိုက်မှုအတွင်း လေယာဉ်သယ်ယူပို့ဆောင်ထောက်ပံ့မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဟု ကနေဒါနိုင်ငံက ပြောကြားခဲ့ကြောင်း ဖေဖော်ဝါရီ ၁၆ ရက် ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

မာလီနိုင်ငံအတွင်း အထူးစစ်ဆင်ရေးတပ်ဖွဲ့အတွက် မိမိတို့၏ ကူညီထောက်ပံ့မှုများကို ရက်ပေါင်း ၃၀ ထပ်မံတိုးချဲ့သွားမည်ဟု အတည်ပြုနိုင်ကြောင်း ကနေဒါကာကွယ်ရေးဝန်ကြီး ပီတာမက်စ်ကေးက ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

ပြင်သစ်သည် မာလီနိုင်ငံအတွင်း တိုက်ခိုက်ရေးသမားများ တိုးမြင့်လာမှုကို အကြောင်းပြုပြီး ဇန်နဝါရီ ၁၁ ရက်က ၎င်း၏ စစ်ပွဲကို စတင်ဆင်နွှဲခဲ့သည်။ ဇန်နဝါရီ ၁၄ ရက်တွင် ကနေဒါဝန်ကြီးချုပ် စတီဖန်ဟာပါက ပြင်သစ်စစ်ပွဲအား ကူညီရန် လေယာဉ်ပို့ဆောင်ရေးတပ်ဖွဲ့ စေလွှတ်မည့် အစီအစဉ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

အထူးတပ်ဖွဲ့ လေယာဉ်သည် ဖေဖော်ဝါရီ ၁၅ ရက်ကျော်အထိ ဘာမာကိုသို့ ပြင်သစ်တပ်ဖွဲ့ ပစ္စည်းကိရိယာ ပေါင်တစ်သန်းနီးပါး (၄၅၄ တန်) သယ်ယူပို့ဆောင်ပေးခဲ့ကြောင်း အတည်ပြုခဲ့သည်။ **(ပရက်စ်တီဗွီ)**

တင်မောင်လွင်-စုစည်းသည်

ရုရှားအလယ်ပိုင်း၌ ဥက္ကာခဲကျရောက်ပေါက်ကွဲ၊ ၁၂၀၀ ကျော်ဒဏ်ရာရ



မော်စကို ဖေဖော်ဝါရီ ၁၆

ရုရှားနိုင်ငံအလယ်ပိုင်း ဝေဟင်ပေါ်တွင် ဖေဖော်ဝါရီ ၁၅ ရက်က ဥက္ကာခဲတစ်ခု တစ်ဟုန်ထိုးကျဆင်းပြီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း၊ ယင်းပေါက်ကွဲမှုမှ ထွက်ပေါ်လာသော မီးလုံးများသည် ကျယ်ပြန့်သောဧရိယာအတွင်း ကျရောက်ပြီး တုန်လှုပ်မှုများဖြစ်ပေါ်ခြင်းကြောင့် ပြတင်းပေါက်များ အစိတ်စိတ်အမွှာမွှာကွဲကြေ၍ အဆောက်အအုံများ ပျက်စီးကာ လူပေါင်း ၁၂၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ရိုက်တာသတင်းတွင်ဖော်ပြသည်။ **(ဝဲပုံ)**

ချီလ်ယာဘင့်ဒေသတွင် အလုပ်လုပ်ရန် ဦးတည်သွားနေသူများသည် အချက်ပေးမြည်သံကြီးကဲ့သို့သော ပေါက်ကွဲသံကြီးကိုကြားပြီး စူးရှတောက်ပသောအလင်းတန်းကြီးကို မြင်တွေ့ခဲ့ရကြောင်း၊ ထို့နောက် တုန်လှုပ်ချောက်ချားမှုကို ခံစားခဲ့ရကြောင်း မော်စကိုမြို့အရှေ့ဘက် ကီလိုမီတာ ၁၅၀၀ အကွာ စက်မှုဇုန်မြို့အတွင်းရှိ ရိုက်တာသတင်းထောက်တစ်ဦး၏ ပြောကြားချက်အရသိရသည်။

အဆိုပါမီးလုံးကြီးသည် တစ်စက္ကန့်လျှင် ကီလိုမီတာ ၃၀ နှုန်းပျံ့နှံ့ရောက်ရှိခဲ့ကြောင်း၊ ဝေဟင်အတွင်း မီးလောင်မှုမှ ထွက်ပေါ်လာသော အဖြူရောင်လမ်းကြောင်းကြီးကို ကီလိုမီတာ ၂၀၀ အကွာမှ မြင်တွေ့နိုင်ကြောင်း ရုရှားအာကာသအေဂျင်စီရိုကော့စမော့စ်က ပြောကြားသည်။ ကားအချက်ပေးသံများပြတ်တောက်ပြီး ပြတင်းပေါက်ထောင်ပေါင်းများစွာအစိတ်စိတ်အမွှာမွှာကွဲထွက် သွားကာ မိုဘိုင်းကွန်ရက်များလည်း ပျက်စီးခဲ့သည်ဟု ဆိုသည်။ ဥက္ကာခဲပေါက်ကွဲမှုသည် အလွန်ရှားပါးသော မြင်ကွင်းဖြစ်ပြီး လေထုအတွင်း ဖြစ်ပေါ်လာသော ပေါက်ကွဲပွင့်ထွက်သံသည်လည်း ရှားပါးကြောင်း ပြည်ထဲရေးဝန်ကြီး ဌာနက ပြောကြားသည်။

"ကျွန်တော်အလုပ်သွားရန် ကားမောင်းနေစဉ် တော်တော်မှောင်သွားခဲ့ပါတယ်။ သို့သော်လည်း အဲဒီအမှောင်ထုက ရုတ်တရက်ပြန်လင်းလာခဲ့ပါတယ်" ဟု ယူရယ်တောင်တန်းဒေသ ယီကာတာရင်ဘတ်မြို့ ဒေသခံတစ်ဦးဖြစ်သည့် အသက် ၃၆ နှစ် အရွယ် ဗစ်တာပရိုကိုဖိက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။ **(ရိုက်တာ)**

(Final Part -2)

ရွှေပြည်နန်းမှရရှိထားသော နိုင်ငံတကာအသိအမှတ်ပြုဆုတံဆိပ်နှင့် အရည်အသွေးဆိုင်ရာလက်မှတ်များ

Halal Certificate

BFAD Philippines

FDA (Thailand)

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

လုံခြုံရေးပခုံးပြောင်းယူတော့မည့် အာဖဂန်မြေမှ အကြမ်းဖက်မှုအလားအလာ

အမေရိကန်မြို့ကြီးများကို ခရီးသည်ယာဉ်များအား အပိုင်စီးပြီး အကြမ်းဖက်တိုက်ခိုက်သဖြင့် လူ ၃၀၀၀ ကျော်သေဆုံးသည့် နိုင်းအီလဲဗင်း အရေးအခင်းအပြီး အာဖဂန်နစ္စတန်နိုင်ငံကို အမေရိကန်ဦးဆောင်သည့် နိုင်ငံစုံတပ်များ ၂၀၀၁ ခုနှစ်တွင် ကျူးကျော် ဝင်ရောက်ကာ အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့နှင့်တကွ အာဖဂန်နစ္စတန်အာဏာရ တာလီဘန်အစိုးရကိုပါ ဖယ်ရှားပြီးနောက် ၂၀၁၄ ခုနှစ် နောက်ပိုင်းတွင် နေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံမှု အကူအညီပေးရေးတပ်ဖွဲ့(အိုင်အက်စ်အေအက်ဖ်)ဝင်များ အာဖဂန်နစ္စတန်မှ ရုပ်သိမ်းတော့မည် ဖြစ်သည်။

ယခုတိုင် အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်အဖွဲ့ဝင်များ လှုပ်ရှားလျက်ပင်ရှိသည်။ နိုင်ငံတကာတပ်ဖွဲ့ဝင်များ ဆုတ်ခွာသွားလျှင် တာလီဘန်တို့အစားထိုး နေရာယူမည်လော။ ထိုမှုမက လက်ရှိ အာဖဂန်နစ္စတန် သမ္မတ ဟာမစ်ကာဇိုင်း၏ အစိုးရနေရာကိုပါ ယူမည်လော။ အာဖဂန်နစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များက မည်မျှ အသင့်ရှိပြီး လုံခြုံရေးတာဝန်တစ်ခုလုံးကို နိုင်ငံတကာတပ်ဖွဲ့ဝင်များထံမှ ပီပီပြင်ပြင် ပခုံးပြောင်းထမ်းဆောင်နိုင်မည်လော။ သမ္မတကာဇိုင်းကိုယ်တိုင်က သမ္မတသက်တမ်းနှစ်ကြိမ်ပြည့်ပြီး မည်သူ့ကိုပခုံးပြောင်းတာဝန်ပေးကာ အစိုးရအနေဖြင့် မည်မျှတာဝန်ကျေအောင် ထမ်းဆောင်နိုင်မည်နည်းစသည်ဖြင့် အာဖဂန်နစ္စတန်၏ အနာဂတ်ရေးမှာ တွေးစရာများစွာ ရှိသည်။

မည်သို့ဆိုစေ အမေရိကန် တပ်ဖွဲ့ဝင် ၃၄၀၀၀ ကို ၂၀၁၄ ခုနှစ်ဆန်းတွင် အာဖဂန်နစ္စတန်နိုင်ငံမှ ပြန်ခေါ်မည်ဖြစ်ကြောင်း အမေရိကန်သမ္မတ အိုဘားမားက ၎င်း၏ နိုင်ငံတော်အခြေပြမိန့်ခွန်းတွင် ထည့်သွင်းပြောကြားလိုက်ပြီဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ နေတိုးဦးဆောင်သည့် တပ်ဖွဲ့များတွင် အများဆုံးဖြစ်သည့် အမေရိကန် တပ်ဖွဲ့ဝင်ဦးရေမှာ ယခုအခါ ၆၆၀၀၀ ခန့်ရှိသဖြင့် ထိုအချိန်ရောက်လျှင် တပ်ဖွဲ့ဝင်ဦးရေ ထက်ဝက်ခန့် ပြန်ခေါ်မည့်သဘောဖြစ်သည်။

အာဖဂန်နစ္စတန်စစ်ပွဲမှာ ၂၀၁၄ ခုနှစ်ကုန်တွင် ပြီးဆုံးမည်ဟုလည်း သမ္မတအိုဘားမားက ပြောကြားသည်။ သို့သော် အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်တန်းပေးရေးနှင့် အကြမ်းဖက်မှု ဆက်လက်နှိမ်နင်းရေးအတွက် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမည်မျှအထိ ချန်မည်ကိုမူ အတိအကျ မိန့်ခွန်းထဲ ထည့်မပြောပေ။

စစ်ဆင်ရေးတာဝန်များကို အာဖဂန်နစ္စတန်တပ်များထံအမြန်လွှဲပေးစေရေးကို အာဖဂန်နစ္စတန်သမ္မတကာဇိုင်းနှင့် သမ္မတ အိုဘားမားတို့

တိုး-ရေးသည်

ဇန်နဝါရီလက သဘောတူကြပြီးဖြစ်သည်။ ဤအချက်ကို မိမိတို့ကြိုဆိုကြောင်းဖြင့် သမ္မတအိုဘားမား၏ မိန့်ခွန်းအပြီးတွင် အာဖဂန်နစ္စတန် ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီး မိုဟာမက်ဇဟားအဇီမီက ပြောကြားလိုက်သည်။ ၂၀၁၃ ခုနှစ်ကုန်တွင် လုံခြုံရေးတာဝန်မှန်သမျှ မိမိတို့ယူကြမည် ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီးမိုဟာမက်ဇဟားအဇီမီက ပြောသည်။

မိမိတို့သည် အသင့်ရှိနေကြကြောင်း၊ မိမိတို့တပ်ဖွဲ့ဝင်များက အမေရိကန်တပ်ဖွဲ့ဝင်များ၏ နေရာကို အစားထိုး တာဝန်ယူမည်ဖြစ်ကြောင်း ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ သမ္မတ အိုဘားမား၏ နိုင်ငံတော် အခြေပြ မိန့်ခွန်းအပြီးတွင် ဗိုလ်ချုပ်ကြီး မိုဟာမက်ဇဟားအဇီမီက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ရောက်ရှိသည့် နိုင်ငံခြားတပ်ဖွဲ့ဝင်များတွင် အမေရိကန်တပ်ဖွဲ့ဝင်များက အများဆုံးဖြစ်ပြီး ဗြိတိန်နိုင်ငံက ဒုတိယ အများဆုံး စေလွှတ်ပေးပို့ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာ ၁၅ ရက်က တပ်ဖွဲ့ဝင်စေလွှတ် အင်အားစာရင်းအရ ၄၂ နိုင်ငံ အနက် အမေရိကန် ၉၀၀၀၀၊ ဗြိတိန် ၉၅၀၀၊ ဂျာမနီ ၄၃၄၁၊ ပြင်သစ် ၃၈၅၀၊ အီတလီ ၃၆၈၈၊ ကနေဒါ ၂၉၂၂၊ ပိုလန် ၂၅၁၉၊ တူရကီ ၁၇၉၀၊ ရိုမေးနီးယား ၁၆၄၈၊ စပိန် ၁၅၇၆၊ ဩစတြေးလျ ၁၅၅၀ စသည်ဖြင့် အများဆုံးတပ်ဖွဲ့ဝင်များ စေလွှတ်ကြောင်း သိရသည်။

နိုင်ငံခြားတပ်ဖွဲ့ဝင်များက အာဖဂန်နစ္စတန်နိုင်ငံအတွင်း တာလီဘန်သူပုန်များနှင့် အယ်လ်ခိုင်ဒါ အကြမ်းဖက်သမားများကို တိုက်ခိုက်နေစဉ်အတွင်း နိုင်ငံခြားတပ်ဖွဲ့ဝင်များအား အာဖဂန်နစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်သည့် အတွင်းရန်မှာလည်း မသေးလှပေ။

တာလီဘန်များ စိမ့်ဝင်ခြင်းကြောင့် ဖြစ်ရသကဲ့သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များကိုယ်တိုင် မကျေနပ်၍ ပစ်ခတ်သတ်ဖြတ်ခြင်းများလည်းရှိသည်။ ထိုသို့သောအခြေအနေတွင် အမေရိကန်အစိုးရနှင့် အာဖဂန်နစ္စတန်အစိုးရတို့ သဘောတူသည့်ကိစ္စနှစ်ရပ်ရှိသည်။ အာဖဂန်နစ္စတန်နိုင်ငံ ဝရုန်းသုန်းကားထပ်မံ မဖြစ်စေရေးအတွက် အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များ ထိန်းသိမ်းနိုင်အောင် အမေရိကန်တပ်ဖွဲ့ဝင် အချို့က လေ့ကျင့်သင်တန်းပေးရန် နှင့် အယ်လ်ခိုင်ဒါ လက်အောက်ခံ အကြမ်းဖက်သမား လက်ကျန်များအား ချေမှုန်းရန်အတွက် အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးကို ဆင်နွှဲရန်တို့ဖြစ်သည်။

တကယ်တော့ အယ်လ်ခိုင်ဒါ တစ်ဖြစ်လဲ အကြမ်းဖက်အုပ်စုများသည် အာရေဗျကျွန်းဆွယ်မှသည် အာဖရိကအထိ ပေါ်ပေါက်လာနေပြီဖြစ်သည့်အတွက် နိုင်ငံခြားတပ်ဖွဲ့ဝင်များ ထိုဒေသများသို့ ရောက်ရှိရဦးမည့်လက္ခဏာရှိသည်။

အာဖဂန်နစ္စတန် စစ်ပွဲပြီးဆုံးသည်ဆိုသော်လည်း အကြမ်းဖက်ခြိမ်းခြောက်မှုများ ရှိနေသရွေ့ ပဋိပက္ခများပြီးဆုံးမည်မဟုတ်။ သို့သော် အကြမ်းဖက်မှုကို စစ်ရေးနည်းတစ်ခုတည်းဖြင့် ဖြေရှင်း၍ မရနိုင်။ အကြမ်းဖက်မှု၏ အကြောင်းရင်းကို ရှာကြံပြီး အခြားနည်းလမ်းများပါ သုံးစွဲနိုင်ပါမှ သာယာသောကမ္ဘာကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကမ်းမြို့နယ် ဘုန်းကြီးလမ်း ဆိပ်ခံတံတားအမှတ် (၂)မှ ခနောင်တိုမြို့နယ် သာစည်ကျေးရွာသို့ ပြေးဆွဲလျက်ရှိသော ဦးလှရွှေပိုင် နေလင်း(၂) ခရီးသည်တင် ချွန်းစက်တပ် သမ္ဗန်တစ်စင်းသည် ခရီးသည် အယောက် ၅၀ ခန့်နှင့် ကုန်ပစ္စည်းများ တင်ဆောင်ပြီး ယနေ့မွန်းလွဲ ၁ နာရီခန့်တွင် ဘုန်းကြီးလမ်းဆိပ်ကမ်းမှ ခနောင်တိုသို့ထွက်ခွာစဉ် ရေစီးအားကို မထိန်းနိုင်သဖြင့် ရေစီးဖြင့်မျောပါပြီး ရွှေတောင်တန်းတံတား အမှတ်(၁) ဆိပ်ခံတွင် ဆိုက်ကပ်ထားသည့် ရန်ကုန်-ကျိုက်လတ်ပြေးဆွဲလျက်ရှိသော ပြည့်ဝသာလွန်သင်္ဘောပဲ့ပိုင်းနှင့်တိုက်မိ၍ တိမ်းမှောက်ခဲ့သည်။

ရေယာဉ်တိမ်းမှောက်မှုကြောင့် ရေယာဉ်ပေါ်ပါ ခရီးသည် ၅၀ခန့်အနက် ကုလားတန်းကျေးရွာနေ မတင်တင်မော်(ခ)မိမော် အပါအဝင် အမျိုးသမီး၄ဦး ပျောက်ဆုံးနေကြောင်း ကနဦးသတင်းအရ သိရှိရပြီး ရေယာဉ်နစ်မြုပ်မှု ဖြစ်လျှင်ဖြစ်ချင်းပင် ပတ်ဝန်းကျင်ရှိသူများ၊ ကုန်တင်ကုန်ချ ဝန်ထမ်းများက အချိန်မီကယ်ဆယ်ခြင်းကြောင့် ခရီးသည်အများစုမှာ အသက်ချမ်းသာရာရခဲ့ကာ ဒဏ်ရာရသူသုံးဦးကိုလည်း ရန်ကုန်အထွေထွေရောဂါကု ဆေးရုံကြီးသို့ ပို့ဆောင်နိုင်ခဲ့သည်။

ရေယာဉ်နစ်မြုပ်မှုနှင့် ပတ်သက်၍ ဆိပ်ကမ်းမြို့နယ်ရဲတပ်ဖွဲ့က အမှုဖွင့်ပြီး အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရီးသည်အသေမတန်တင်ဆောင်သည့် စက်တပ်သမ္ဗန် ရေစီးအားမနိုင်ဘဲ ဆိုက်ကပ်သင်္ဘောကိုဝင်တိုက်တိမ်းမှောက်

တင့်လွင်(မြောက်ဥက္ကလာ)

နိုင်ငံတကာသတင်း

မြောက်ကိုရီးယား နျူကလီးယားစမ်းသပ်ဦးမည်

၂၀၁၃ ခုနှစ်အတွင်း နျူကလီးယားစမ်းသပ်မှု တစ်ကြိမ်မက ပြုလုပ်သွားရန် အသင့်ရှိကြောင်း မြောက်ကိုရီးယားက တရုတ်နိုင်ငံသို့ အကြံပြုပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် လေးကြိမ် သို့မဟုတ် ငါးကြိမ်မြောက် နျူကလီးယားစမ်းသပ်မှုကို ယခုနှစ်အတွင်း ပြုလုပ်ဖွယ်ရှိကြောင်း တရုတ်နှင့် ပြုံယမ်းအစိုးရ သတင်းရပ်ကွက်များအရ သိရသည်။ အမေရိကန်အနေဖြင့် မြောက်ကိုရီးယားနှင့် တွေ့ဆုံပြီး မြောက်ကိုရီးယားနိုင်ငံအပေါ်ထားရှိသည့် သဘောထားမပြောင်းလျှင် နျူကလီးယားစမ်းသပ်မှု မကြာမီပြုလုပ်နိုင်ကြောင်း အဆိုပါ အမည်မဖော်လိုသည့် သတင်းရပ်ကွက်ကပြောကြားသည်။ ဖေဖော်ဝါရီ ၁၂ ရက်က မြောက်ကိုရီးယားနိုင်ငံသည် တတိယအကြိမ်မြောက် မြေအောက်နျူကလီးယားစမ်းသပ်မှုကို ပြုလုပ်ခဲ့သည်။

မောင်းသူမဲ့လေယာဉ်များ ပိုမိုထုတ်လုပ်မည်

အမေရိကန်လေကြောင်းအုပ်ချုပ်မှုအဖွဲ့(အက်ဖ်အေအေ)က ပြည်တွင်း မောင်းသူမဲ့လေယာဉ်ထုတ်လုပ်မှုကုမ္ပဏီများအား မောင်းသူမဲ့ လေယာဉ်ရာနှင့်ချီ၍ ထုတ်လုပ်ခွင့်လိုင်စင် ထုတ်ပေးလိုက်သည်။

အမေရိကန်နိုင်ငံတွင် ၂၀၀၇ ခုနှစ်မှစပြီး မောင်းသူမဲ့လေယာဉ်ထုတ်လုပ်မှုပါမစ် ၁၄၂၈ ခုချပေးခဲ့သည်။ ယင်းပမာဏမှာ ယခင်ခန့်မှန်းထားသည်ထက် အလွန်များပြားခဲ့သည်ဟု ဆို၏။ လာမည့်ငါးနှစ်အတွင်း မောင်းသူမဲ့လေယာဉ် အစင်း ၁၀၀၀၀ ကျော် ထုတ်လုပ်သွားရန် လိုင်စင်ထုတ်ပေးနိုင်ကြောင်း အက်ဖ်အေအေက ပြောကြားသည်။

ဝါရှင်တန်၌ မြေအောက်နျူကလီးယားကန် ယိုစိမ့်

အမေရိကန်နိုင်ငံ၌ ညစ်ညမ်းမှု အများဆုံး နျူကလီးယားနေရာရှိ မြေအောက်နျူကလီးယားကန်တစ်ကန်မှ ညစ်ညမ်းနျူကလီးယားများ ယိုစိမ့်နေကြောင်း ဝါရှင်တန် အုပ်ချုပ်ရေးမှူး ဂျေးအင်စလီးက ပြောကြားသည်။

ဟန်ဖို့ဒ်ဒေသရှိ သက်တမ်း ၆၅ နှစ်ရှိပြီဖြစ်သော နျူကလီးယားသိုလှောင်ကန်မှ ညစ်ညမ်းနျူကလီးယား ဂါလန် ၁၅၀ မှ ၃၀၀ အကြား ယိုစိမ့်ခဲ့ကြောင်း၊ ၎င်းနျူကလီးယားကန်သည် ဝါရှင်တန်ပြည်နယ် ကိုလံဘီယာမြစ်ဘေး၌ရှိကြောင်း အင်စလီးက ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

ကောင်းမြတ်သူ-ရေးသည်

အာရှသတင်းပဒေသာ အတိုအထွာ

တောင်ကိုရီးယားနိုင်ငံ တာဝန်ထမ်းဆောင်ဆဲ သမ္မတအီမြောင်ဘတ်က မြောက်ကိုရီးယား၏ နောက်ဆုံး နျူကလီးယား စမ်းသပ်မှုအပြီးတွင် ပြုံယမ်းအစိုးရကို အပြောင်းအလဲလုပ်ရန် အထိပင် ရာဇသံပေးလိုက်သည်။ မြောက်ကိုရီးယားတွင် အစိုးရအဖွဲ့မပြောင်း မပြိုကွဲမချင်း နျူကလီးယား စီမံကိန်းများမှာ ရပ်တန့်သွားဖွယ်မမြင်ကြောင်း၊ အစိုးရအဖွဲ့အပြောင်းအလဲကို မစွမ်းသာခဲ့ပါက တောင်ကိုရီးယားအနေဖြင့် မြောက်ကိုရီးယားပြည်သူများအား အစိုးရအပြောင်းအလဲအတွက် အကူညီများပေးနိုင်ပါကြောင်း သမ္မတအီမြောင်ဘတ်က ဖေဖော်ဝါရီ ၁၅ ရက်တွင်ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဂျပန်နိုင်ငံ ကာကွယ်ရေးဝန်ကြီး အီစူနိုရီအိုနိုဒါရာက နိုင်ငံအားတိုက်ခိုက်လာမည့် အန္တရာယ်ကို လက်ဦးမှုယူ တိုက်ခိုက်သွားရေးသည် ဥပဒေနှင့်အညီ ခွင့်ပြုမိန့်ပေးထားပြီးကြောင်း ဖေဖော်ဝါရီ ၁၄ ရက်က ကြေညာလိုက်သည်။ ဂျပန်နိုင်ငံအား ရည်ရွယ်တိုက်ခိုက်လာမည်ကို ထင်ထင်ရှားရှားတွေ့ရပါက ထိုရန်သူပစ်မှတ်များကို လက်ဦးမှုယူ တိုက်ခိုက်သွားရန်မှ တစ်ပါးအခြားရွေးချယ်စရာလမ်းမရှိကြောင်း အိုနိုဒါရာက ပြောကြားခဲ့ခြင်းဖြစ်သည်။ ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့ အပါအဝင် နိုင်ငံတချို့ပြစ်တင်ရှုတ်ချထားသည့် မြောက်ကိုရီးယားတို့၏ နောက်ဆုံး နျူကလီးယားစမ်းသပ်မှုအပြီး နှစ်ရက်အကြာ အိုနိုဒါရာ၏ သဘောထားမှတ်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံ မြို့တော် အစ္စလမ္မာဘတ်တွင် ပါတီစုံညီလာခံတစ်ရပ် ဖေဖော်ဝါရီ ၁၄ ရက်က ကျင်းပရာ နိုင်ငံရေးပါတီခေါင်းဆောင်များက တာလီဘန်တို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ လက်ငင်းဆောင်ရွက်ရန် ဆင့်ခေါ်လိုက်သည်။ နိုင်ငံငြိမ်းချမ်းရေးတည်တံ့နိုင်ရန်မှာ လက်နက်ကိုင်စစ်သွေးကြွများနှင့် စေ့စပ်ရေးစကားဝိုင်းများသည် ပထမဦးစားပေးဖြစ်သဖြင့် အဆိုပါ ညီလာခံသို့ပါဝင်တက်ရောက်ခဲ့သည့် နိုင်ငံရေးပါတီ ၂၇ ပါတီမှ ခေါင်းဆောင်များက တာလီဘန်တို့နှင့် အပြန်အလှန်ညှိနှိုင်းဆွေးနွေးပွဲများသို့ ဦးတည်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

အိန္ဒိယနိုင်ငံ စစ်တပ်မှ တပ်ဖွဲ့ဝင်များက အိန္ဒိယပိုင် အငြင်းပွားဖွယ် ကတ်ရှ်မီးယားဒေသတွင် ပါကစ္စတန် စစ်သားတစ်ဦးကို ပစ်သတ်လိုက်သည်။ ဖေဖော်ဝါရီ ၁၄ ရက်က ယင်းဒေသအတွင်း သင်္ကာမကင်းဖွယ်လှုပ်ရှားမှုကို တွေ့ရှိ၍ အိန္ဒိယစစ်သားများက သေနတ်ဖြင့်လှမ်းပစ်ရာမှ အပြန်အလှန်ပစ်ခတ်မှု ဖြစ်ပွားသည်။ ပစ်ခတ်မှုဖြစ်ပွားရာနေရာတွင် ပါကစ္စတန်စစ်သားတစ်ဦး၏ အလောင်းကို AK 47 ရိုင်ဖယ်တစ်လက်နှင့်အတူ တွေ့ရှိရကြောင်း ဒုတိယဗိုလ်မှူးကြီးတစ်ဦးက ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားခဲ့သည်။

မောင်သံဆင့်-ရေးသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

စာတွေဖတ်မှ မျက်ခြည်မပြတ် အနေတတ်မည်

မောင်လှသောင်(ယော)

ယခုအခါ ကျွန်ုပ်တို့၏နိုင်ငံကို ရှေ့တန်းသို့ တက်လှမ်းနိုင်ရေးအတွက် နိုင်ငံခေါင်းဆောင်များက ကြိုးပမ်းအားထုတ် အလုပ်ရှုပ်နေကြသည်။ ဆယ်စုနှစ်ပေါင်းများစွာ တိုးတက်သော ကမ္ဘာ့အစိတ်အပိုင်းတွေနှင့် ခပ်ကင်းကင်းနေထိုင်ခဲ့ပြီး စီးပွားရေးပိတ်ဆို့မှု ဒဏ်တွေကိုလည်း ခံခဲ့ကြရသည့်အတွက် ကိုယ့်တိုင်းပြည် နောက်ကနိုင်ငံများ ရှေ့သို့ကျော်တက် သွားကြသည်မှာလည်း အများအသိပင် ဖြစ်ပါသည်။

အဖြေကို ဆန်းစစ်ကြည့်လျှင် အထီးကျန်နေထိုင်ခြင်းနှင့် အရာရာကို လျှို့ဝှက်ထိမ်ချန်ခြင်းသည် မကောင်း၊ အများနှင့်သဟဇာတဖြစ်အောင် နေထိုင်ခြင်းနှင့် အရာရာတွင် ပွင့်လင်းမြင်သာမှုရှိခြင်းသည် ကောင်းသည်။ ကျွန်ုပ်တို့ ဆုံးရှုံးခဲ့ရသော ယခင်ကအဆင့်အတန်းမျိုးကို ပြန်လည်ရရှိရန် လမ်းကြောင်းမှန်ဖြစ်သည်ဟု ယုံကြည်ရသည်။ ဒီမိုကရေစီအစိုးရ တက်လာပြီးနောက် ကောင်းမွန်သောအုပ်ချုပ်ရေးနှင့်သန့်ရှင်းသော အစိုးရ ဖြစ်ရေး ဖော်ဆောင်သွားမည်ဟု ပြောခဲ့ပြီးလည်းဖြစ်သည်။

ယခုအခါ၌ ပြည်ထောင်စုလွှတ်တော်တွင် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ဥပဒေကြမ်းကို အတည်ပြုရေးအတွက် ဆွေးနွေးနေကြသည်။ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်ရန်လာဘ်ပေး လာဘ်ယူမှုပပျောက်ရေးမှာ လွန်စွာအရေးကြီးသည်။ လာဘ်ယူသူရော၊ ပေးသူပါ နိုင်ငံအတွက်ဘာမျှကောင်းကျိုးမပြု။ နိုင်ငံ၏ စာရိတ္တမဏ္ဍိုင်ကို ယိမ်းယိုင်အားပျော့စေသည်။ နိုင်ငံ၏ပုံရိပ်ကိုလည်း ကမ္ဘာ့အလယ်မှာ မှေးမှိန်ဝေဝါးစေသည်။ ကမ္ဘာနှင့် ရင်ပေါင်တန်း တိုးတက်လိုလျှင် နိုင်ငံ၏ပုံရိပ်ကို ထည်ဝါစေရမည်။ စာရိတ္တမဏ္ဍိုင်ကို ကြံ့ခိုင်စေရမည်ဖြစ်သည်။

ယခုအခါ မြို့နယ်အဆင့် အမှုထမ်း၊ အရာထမ်းအချို့ကြား၌ ကြားနေရသော စကားတစ်လုံးရှိသည်။ "အခုခေတ်က အရင်ခေတ်လိုလုပ်လို့မကောင်းတော့ဘူး" ဟူသော စကားဖြစ်ပါသည်။ လုပ်လို့ ကောင်းသောခေတ်မှာ လုပ်လို့ကောင်းသောနည်းမျိုးစုံတွေဖြင့် လုပ်ခဲ့ကြသည့်သူများအဖို့ ခေတ်ပြောင်းစနစ်ပြောင်းမှာ အကျင့်ဟောင်း၊ စရိုက်ဟောင်းများ စွန့်ကြဖို့လိုပေပြီ။

ယခုအခါမှာ ပွင့်လင်းမြင်သာမှုကို ဦးစားပေးလာသည်။ ပြည်သူကို ဗဟိုပြုပြီး ပြည်သူ့ ပြဿနာများကို ဦးစားပေးဖြေရှင်းမှုတွေ လုပ်ကြဖို့ ပြောလာကြသည်။ ခေါ်ရင်သွား၊ ခိုင်းရင်လုပ်၊ ခံမပြောနဲ့၊ မလုပ်၊ မရှုပ်၊ မပြုတ်ဆိုသော အတွေးအခေါ်တွေ အစား ပိုမိုရဲရင့်သော၊ သစ်လွင်သော အမြင်အတွေးတွေ တွေးလာကြသည်။ ယခင်အတွေးဟောင်း၊ အယူအဆဟောင်းတွေဖြင့် ဆက်လက်သွားလို့ကတော့ ယခင် ထက်တိုးတက်မည်မဟုတ်။ အတွေး၊ အယူအဆဟောင်းတွေကို စွဲလမ်း တမ်းတပြီး "အရင်ခေတ်ကလုပ်လို့ ကောင်းသည်" ဟုပြောဆိုနေကြခြင်းလားမသိ။

လူတွေကတော့ ပြောနေကြသည်။ အောက်ခြေအဆင့်က ပြည်သူတွေနဲ့ထိတွေ့မှု အများဆုံး မြို့နယ်အဆင့်ရုံး၊ ဌာနတွေအိပ်မောကျလို့ကောင်းတုန်း။ မှေးနေကြတုန်းပါပဲတဲ့။

သမ္မတကြီးတို့ ကြိုးပမ်းနေသော၊ ဂုဏ်သိက္ခာရှိသော နိုင်ငံတစ်ခုအဖြစ် ရပ်တည်ရေး၊ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးဖို့အတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ အဆင်းရဲဆုံး နိုင်ငံစာရင်းက ရုန်းထွက်နိုင်အောင် လုပ်ရေးအတွက်ဆိုလျှင် မြို့နယ်အဆင့်မှ အမှုထမ်း၊ အရာထမ်းတွေ ပြုပြင်ပြောင်းလဲကြဖို့ အမှန်ပင် လိုအပ်ပါသည်။ အထက်ပိုင်းက ဥပဒေများပြုကာ ပြောင်းလဲခြင်းများ လုပ်ဆောင်နေသည်ကို သိမြင် တတ်ဖို့လိုသည်။ သိမြင်တတ်ဖို့အတွက် နေ့စဉ်ထုတ် သတင်းစာ၊ အပတ်စဉ်ထုတ်ဂျာနယ်၊ လစဉ်ထုတ်မဂ္ဂဇင်းတွေကိုဖတ်၊ တီဗွီ၊ ရေဒီယိုတွေကိုလည်း ကြည့်ရှုနားထောင်ကြဖို့ လိုပါသည်။

ကျွန်ုပ်တို့မြို့ကလေးမှာ မြန်မာ့အလင်း၊ ကြေးမုံ၊ ရတနာပုံနှင့်မြဝတီ သတင်းစာများ၊ ဂျာနယ်မျိုးစုံများ ဝယ်ယူဖတ်ရှုနိုင်ပါသည်။ အပြင်လူများက စာဖတ်ပြီး ရုံးဌာနဝန်ထမ်းများက စာဖတ်နည်းကြကြောင်း လေ့လာသိရှိရပါသည်။

စာဖတ်ခြင်းဖြင့် ကျယ်ပြန့်များပြောင်သော အတွေး၊ အမြင် ဗဟုသုတများကို ရစေနိုင်ပါသည်။ လူ့အသိုင်းအဝိုင်းမှာ အတ္တ၊ ပရမ္မတပြီး အနေတတ်၊ ပေါင်းသင်းတတ်သူ ဖြစ်စေသည်။ ပြောဆိုမှုယဉ်ကျေးပြီး တန်ကြေးရှိသူအဖြစ်ကို ရောက်စေနိုင်သည်။ ဗဟုသုတ ခေါင်းပါးသော မပြည့်အိုးကိုလည်း ဖြည့်ဆည်းပေးနိုင်သည်။ ခေတ်နှင့်မျက်ခြည်ပြတ်နေခြင်းများကိုလည်း ပေါင်းကူးပေးနိုင်သည်။ ခေတ်ပညာတတ်အရာထမ်းတို့သည် မိမိကိုယ်ကို တတ်သိနားလည်လှချေရဲ့ဟု အထင်ရောက်တတ်ပါသည်။ စာမဖတ်က ထိုအမြင်အတွေး မှားတတ်သေးသည်ကို သတိပြုနိုင်ကြစေလိုပါသည်။

"စာအုပ်စာပေ လူ့မိတ်ဆွေ" ဟူသောအဆိုတစ်ခုရှိပါသည်။ မိမိအိမ်ထဲ၊ ရုံးထဲမှာ စာအုပ်စင်ကလေးတစ်ခု ပြုစုထားရှိပါက မိတ်ဆွေကောင်းတစ်ဦး မိမိအနားရောက်လာသည်နှင့်တူပါမည်။ မိတ်ဆွေကောင်းသည် မကောင်းမှုကိုရှောင်၊ ကောင်းမှုကိုဆောင်ရန် ညွှန်ပြပေးပါလိမ့်မည်။ လောကကို ကြည့်မြင်တတ်ရန် နည်းပြ ပေးပါလိမ့်မည်။ အလုပ်နားချိန်၊ ရုံးနားချိန်များတွင် စာတွေဖတ်က အမြတ်ထွက်မှာ အသေအချာပါ။

မြို့နယ်အသီးသီးရှိ ဌာနဆိုင်ရာအကြီးအကဲများသည် အောက်လက်ဝန်ထမ်းများအား လပတ်အစည်းအဝေးများ၌ ခေတ်နှင့်အညီ မျက်ခြည်မပြတ်အောင် သွန်သင် ညွှန်ပြကြဖို့ အရေးကြီးလှသည်။ ဝန်ထမ်းအများစုမှာ ဝေးလံသီခေါင်သော ကျေးလက်ဒေသများ၌ တာဝန်ထမ်းဆောင်ကြရသဖြင့် စာပေနှင့် ဝေးနေကြသည်။ စာပေနှင့် ဝေးသည့်အတွက် အထက်က ပြောင်းလဲနေသည်များကို မသိဘဲ ဖြစ်နေတတ်သည်။ မသိသေးသည်ကို သိရန်အတွက် အကြီးအကဲများသည် အခရာသော့ချက် ဖြစ်ပါသည်။ ခေါင်းဆောင်ကောင်းလျှင် နောက်လိုက်ကောင်းများ ပေါ်ထွက်လာပါလိမ့်မည်။

စာမဖတ်လျှင် ခေတ်ကြီးနှင့် မျက်ခြည်ပြတ်ပါမည်။ ဖန်တီးဖော်ဆောင်နေသော အပြောင်းအလဲ ကာလများကိုလည်း သတိထားမိမည်မဟုတ်ပါ။ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့်သန့်ရှင်းသော အစိုးရကို ပုံရိပ်ကောင်းကောင်းဖြင့် တည်ဆောက်မည်ဆိုလျှင် လာဘ်ပေးလာဘ်ယူမှုတွေ ပပျောက်မှဖြစ်ပါမည်။ ယခုပြည်ထောင်စုလွှတ်တော်မှာ ဥပဒေတွေပြုနေကြပြီ။ မကြာမီလည်း အကောင်အထည် ပေါ်လာမည်ဟု ယူဆရသည်။ ဥပဒေပေါ်လာလျှင် အရေးယူမှုတွေလည်း မုချမသွေဖြစ်လာမည်မှာ မလွဲပါ။ ဤအခါ ဆန်ခိုးမမိ ဖွဲခိုးမိ၊ ယုန်ထောင်ကြောင်မိ ဖြစ်နိုင်သည်။ စာမဖတ်၍ မျက်ခြည်ပြတ်နေကြသူများ၊ အရင်ခေတ်က လုပ်၍ ကောင်းသည်ဟုဆိုသော ခေတ်နောက်ပြန်ဆွဲသမားများ ဒုက္ခလှလှဖြစ်မှာ မြေကြီးလက်ခတ် မလွဲပါ။

၂၉-၁-၂၀၁၃ နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ ၁၁ မှာ သတင်းထူးလေးတစ်ပုဒ် ဖတ်ရသည်။ "စာမဖတ်သူပပျောက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးကျင်းပ"ဆိုသည့်သတင်းဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုမြို့တွင် မြန်မာနိုင်ငံစာရေးဆရာအသင်းနှင့်မြန်မာနိုင်ငံစာကြည့်တိုက် ဖောင်ဒေးရှင်းတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး စာမဖတ်သူပပျောက်ရေး၊ မြန်မာစာပေဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် မြို့နယ်စာရေးဆရာအသင်း ပန်းတောင်းမြို့မှ ဦးစီးကျင်းပသည့် သတင်းကောင်းလေး ဖြစ်ပါသည်။ စာမတတ်သူ ပပျောက်ရေးက အရေးကြီးသလို စာတတ်ပြီးသူများ စာဖတ်ကြဖို့ စာမဖတ်သူများ ပပျောက်ဖို့ကလည်း အရေးကြီးကိစ္စတစ်ခုဖြစ်ပါသည်။

ပြောင်းလဲနေသော ခေတ်ကြီးမှာ အမှုထမ်းများ၊ အရာထမ်းများသည်လည်း "စာတွေဖတ်မှ မျက်ခြည်မပြတ် အနေတတ်မည်"ဖြစ်ကြောင်း စေတနာဖြင့် သတိပေးရေးသားလိုက်ရပါသည်။ ။

လူသားနှင့်ဇီဝအဝန်း ကြိုးဝိုင်းသတ်မှတ်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ဂေဟစနစ်အဆင့်အတန်း ကျဆင်းမှုနှင့် ဇီဝမျိုးစုံမျိုးကွဲ ပျက်စီးမှုများ လျော့နည်းသက်သာစေရန် သဘာဝထိန်းသိမ်းရေးနယ်မြေများသည် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်မြဲရေးသာမက ဂေဟစနစ် တည်ငြိမ်ရေးနှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ပြုလျက်ရှိကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပသည့် လူသားနှင့် ဇီဝအဝန်း ကြိုးဝိုင်းသတ်မှတ်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ပြောကြားသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးက သဘာဝထိန်းသိမ်းရေး နယ်မြေများ စီမံအုပ်ချုပ်ရာတွင် ဂေဟစနစ်နှင့်ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့ရန် ထိန်းသိမ်းရေး ရည်မှန်းချက်အောင်မြင်ရေးနှင့် ဒေသခံပြည်သူများ၏ စားဝတ်နေရေးအတွက် အခြေခံသယံဇာတ လိုအပ်ချက်များ ရရှိရေးသည် စိန်ခေါ်မှုတစ်ခု ဖြစ်ကြောင်း၊ နိုင်ငံ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသနေပြည်သူများဖြစ်ပြီး ဂေဟစနစ်မှ အစားအစာ၊ အဝတ်အထည်၊ ရေချိုနှင့်အိမ်ဆောက်ပစ္စည်းများကို တိုက်ရိုက်ရရှိ၍ အခြားဝန်ဆောင်မှုများဖြစ်သည့် ရာသီဥတုသမမျှတခြင်း၊ ရေကြီး ရေလျှံမှု လျော့နည်းသက်သာခြင်း၊ ရေသန့်စင်ပေးခြင်းနှင့်ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းခြင်းစသည့် ဂေဟဝန်ဆောင်မှုများကို လက်တွေ့ခံစားကြရပါကြောင်း၊ အဆိုပါ အကျိုးကျေးဇူးများရရှိနိုင်ရန် ဇီဝမျိုးစုံမျိုးကွဲ ရေရှည်တည်တံ့ရေး၊ ဂေဟစနစ်ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုမည့် ဇီဝအဝန်းကြိုးဝိုင်းများ သတ်မှတ်သွားကြရမည်ဖြစ်ကြောင်းဖြင့်လည်း ပြောကြားခဲ့သည်။

ထို့နောက် UNESCO လူသားနှင့် ဇီဝအဝန်းကြိုးဝိုင်းအစီအစဉ်မှ ညွှန်ကြားရေးမှူး Mr. Thomos Schaaf၊ ဥရောပသမဂ္ဂမှ Programme Officer Mrs. Brissonneau Denphine နှင့် အပင်နှင့်တောရိုင်းတိရစ္ဆာန်အဖွဲ့ (Fauna & Flora International- FFI)မှ Country Director Mr. Frank Momberg တို့က လူသားနှင့်ဇီဝအဝန်းကြိုးဝိုင်းများအကြောင်းနှင့် အလုပ်ရုံဆွေးနွေးပွဲတွင် အဓိကထား ဆွေးနွေးသင့်သည်များကို အကြံပြုဆွေးနွေးကြသည်။

လူသားနှင့် ဇီဝအဝန်းကြိုးဝိုင်း အစီအစဉ်သည် UNESCO နှင့် အပြည်ပြည်ဆိုင်ရာ အစိုးရများ၏ သိပ္ပံနည်းကျ အစီအစဉ်တစ်ခုဖြစ်ပြီး လူသားများနှင့် သဘာဝပတ်ဝန်းကျင်အကြား အပြန်အလှန် ဆက်သွယ်မှုကို စနစ်တကျ တိုးတက်စေရန် ရည်ရွယ်၍ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၁၁၇ နိုင်ငံ၌ ဇီဝအဝန်းကြိုးဝိုင်း ၆၁၀ တည်ထောင်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံသည် လူသားနှင့် ဇီဝအဝန်း ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်၍ နိုင်ငံဧရိယာ၏ ၅ ဒသမ ၆ ရာခိုင်နှုန်းရှိသည့် သဘာဝထိန်းသိမ်းရေးနယ်မြေ ၃၆ ခု တည်ထောင်ပြီး နိုင်ငံဧရိယာ ၁ ဒသမ ၂၀ ရာခိုင်နှုန်းသည် သဘာဝထိန်းသိမ်းရေးနယ်မြေ ရှစ်ခု ထပ်မံတိုးချဲ့ တည်ထောင်ရန်ရည်ရွယ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲ၌ ဇီဝအဝန်းကြိုးဝိုင်း သတ်မှတ်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ အခြေအနေများနှင့်လုပ်ငန်းစဉ်များ၊ ဇီဝအဝန်းကြိုးဝိုင်း တစ်ခုအတွက် နမူနာများ၊ အင်းတော်ကြီး၊ အင်းလေးကန်နှင့် မိန်းမလှကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောများကို ဇီဝအဝန်းကြိုးဝိုင်း အဖြစ်သတ်မှတ်နိုင်ရေး၊ လုပ်ငန်းအဖွဲ့ကဏ္ဍများအတွက် ပူးပေါင်းအုပ်ချုပ်မှု ဆိုင်ရာ နိယာမများနှင့်အစီအစဉ်များ၊ SWAT များကို အသုံးပြု၍ လူသားနှင့် ဇီဝအဝန်းကြိုးဝိုင်းသတ်မှတ်ရေး လိုအပ်ချက်များ ဖော်ထုတ်ခြင်းနှင့် ဦးစားပေး နေရာများချမှတ်ခြင်း၊ တနင်္သာရီ ကြိုးဝိုင်းစီမံကိန်းအကြောင်းတင်ပြခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်းနှင့်ဥပဒေဆိုင်ရာများ ပြဋ္ဌာန်းခြင်း၊ သုတေသနပြုခြင်းနှင့် ပြည်သူ လူထုအား ဇီဝ ဝန်းကျင်နှင့်ပတ်သက်၍အသိပညာများ ဖြန့်ဝေခြင်း ကိစ္စများကို ဖေဖော်ဝါရီ ၁၅ ရက်အထိ နိုင်ငံတကာနှင့် မြန်မာနိုင်ငံမှ ကျွမ်းကျင် ပညာရှင်များက ဆွေးနွေးကြမည်ဖြစ်သည်။

အခမ်းအနားသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ UNESCO မှ ကိုယ်စားလှယ်များ၊ ဥရောပသမဂ္ဂမှ ကိုယ်စားလှယ်များ၊ အပင်နှင့် တောရိုင်းတိရစ္ဆာန်အဖွဲ့ (FFI)မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အသီးသီးမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံမှအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ ဒေသခံကိုယ်စားလှယ်များ၊ မီဒီယာများနှင့်ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ကားနှင့်ဆိုင်ကယ်တက္ကစီများကို ကြပ်မတ်ဆောင်ရွက်မည်

ကားတက္ကစီများနှင့် ဆိုင်ကယ်တက္ကစီများ ခရီးသည်ရရှိရေးအတွက် အဝေးပြေးကားများ၏အတက်အဆင်း တံခါးပေါက်ဝများတွင် ခရီးသည်များအား လုယက်ခေါ်ယူနေခြင်းကြောင့် ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ခဲ့ရသည့် ကိစ္စနှင့်ပတ်သက်၍ ဇန်နဝါရီ ၁၆ ရက်က နေပြည်တော် ကောင်စီရုံးတွင် ကျင်းပခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်အရ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ မြို့မဈေး၏ အရှေ့ဘက်နှင့် တောင်ဘက်အဝေးပြေးဂိတ်ဝင်းနှစ်ခုနှင့် နေပြည်တော် ပျဉ်းမနားမြို့ ဘောဂသိရိကားဝင်းတို့တွင် ကားဂိတ်များကို သီးသန့် အကာအရံများဖြင့် ကာရံခြင်းလုပ်ငန်းကို စတင်လုပ်ဆောင်နေပြီဖြစ်ရာ ယခုလကုန်ပိုင်းတွင် ပြီးစီးမည်ဟု သိရသည်။ ကားဂိတ်တစ်ခုစီတွင် ဝင်ပေါက်၊ ထွက်ပေါက်နှစ်ခုထား ရှိမည်ဖြစ်ပြီး အထူးသဖြင့် ညအချိန်တွင် အဝင် အထွက်အပေါက်တစ်ခုကိုသာ အသုံးပြုမည်ဟု သိရသည်။

တာဝန်ခွဲဝေမှုအနေဖြင့် အပိုင်ရဲစခန်းမှ ရဲအရာရှိတစ်ဦး၊ တပ်ဖွဲ့ဝင်ငါးဦးနှင့် စုစုပေါင်း ခြောက်ဦး၊ ဈေးစည်ပင်သာယာမှ တာဝန်ရှိသူခြောက်ဦး၊ နေပြည်တော်ယာဉ်ထိန်း တပ်ဖွဲ့ဝင် နှစ်ဦး၊ မထသမှ တာဝန်ကျ နှစ်ဦး စုစုပေါင်း ၁၆ ဦးဖြင့် ဖွဲ့စည်း၍ ကြပ်မတ် ဆောင်ရွက်မည်ဖြစ်သည်။ သတိပေးဆိုင်းဘုတ်များလည်း ရေးသား တပ်ဆင်ထားမည်ဖြစ်ပြီး နေပြည်တော်ကောင်စီမှ ခွင့်ပြုသတ်မှတ်ထားသည့် တရားဝင်ဆိုင်ကယ်ကယ်ရီ (ဝတ်စုံရှိသူ)များမှသာ ခေါ်ယူတင်ဆောင်ရန်၊ မရှိသူများကိုလည်း စာရင်းပြုစု၍ မှတ်ပုံတင်ထားရှိရန် တာဝန်ရှိသူများကလည်း ဘလက်တက္ကစီများနှင့် မှတ်ပုံတင်ထားခြင်း မရှိသော ဆိုင်ကယ်တက္ကစီများကို စိစစ်အရေးယူမည်ဟု သိရသည်။

ကိုကိုလွင်(နေပြည်တော်)

ယာဉ်ကြောလမ်း ရှင်းလင်းရေး ဆောင်ရွက်

ဒဂုံမြို့သစ်(ဆိပ်ကမ်း) ဖေဖော်ဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဉယျာဉ်မြို့တော် (၉၄)ရပ်ကွက် ကံ့ကော်လမ်း အထက အမှတ်(၂)ကျောင်းရှေ့လမ်းမ၌ စည်းကမ်းမဲ့ လမ်းဘေးဝဲယာ ကျူးကျော်ဈေးသည်များကြောင့် ယာဉ်ကြောလမ်းကျဉ်း၍ ပိတ်ဆို့မှုဖြစ်ခြင်း၊ အနေ့ယာဉ်၊ ဆိုက်ကား၊ စက်ဘီးနှင့်ဆိုင်ကယ်များက လမ်းသွားလမ်းလာသူများကို မကြာခဏ တိုက်မိသဖြင့် စကားများရန်ဖြစ်ကြ ခြင်းများ ဖြစ်ပေါ်လေ့ရှိသဖြင့် ယာဉ်ကြောလမ်းရှင်းလင်းရေး၊ လမ်းသွား လမ်းလာများ အဆင်ပြေ ချောမွေ့စေရန်အတွက် ဖေဖော်ဝါရီ ၁၅ ရက်က စည်းကမ်းမဲ့ လမ်းဘေးဝဲယာ ကျူးကျော်ဈေးသည်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်ကြစဉ်။ **(ဝဇာ)**

မြန်မာ-အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၆

အိန္ဒိယသမ္မတနိုင်ငံ Bengal Chamber of Commence and Industry (BCCI) ၏ဦးဆောင်မှုဖြင့် အဖွဲ့ဝင် ၁၅ ဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် မင်္ဂလာခန်းမ၌ မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်သည်။ အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် အကြီးစားဆောက်လုပ်ရေးလုပ်ငန်း၊ အိမ်သုတ်ဆေးလုပ်ငန်း၊ ရော်ဘာလုပ်ငန်း၊ စက္ကူထုတ်လုပ်မှုလုပ်ငန်း၊ သတ္တုတူးဖော်ရေးလုပ်ငန်း၊ လျှပ်စစ်ပစ္စည်းလုပ်ငန်း၊ နေရောင်ခြည်သုံးစွမ်းအင်လုပ်ငန်း၊ စတီးလုပ်ငန်း၊ ဘဏ္ဍာရေးလုပ်ငန်းများကို အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(အောင်သူရ)**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

❒ ရှေ့မှ

အထိအမိ လျော့နည်းကျဆင်းလာသလို အရွယ်အစားအနေနှင့်လည်း တစ်စတစ်စ သေးငယ်လာသည်ကို တွေ့မြင်နေရပါသည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးမှုလွန်ကဲနေပြီး ငါးသလောက်ငါးမျိုးစိတ်များအနေဖြင့် မျိုးသုဉ်းမည့်အလားအလာ ခြိမ်းခြောက်မှုရှိနေသည်ကို တွေ့မြင်နိုင်ပါသည်။

ငါးသလောက်ငါးမျိုးစိတ်သည် ကမ္ဘာပေါ်တွင် ဘင်္ဂလားပင်လယ်အော်နှင့် ဆက်စပ်နေသောအိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံ၏ ရေပြင်တို့တွင်သာ အဓိကအများဆုံးနေထိုင် ကျက်စားကြပါသည်။ စီးပွားရေးအရ အရေးပါသောငါးဖြစ်ပြီး ရေငန်မှရေချိုသို့ ပြောင်းရွှေ့ကျက်စားကြသော (Anadromus species) မျိုးစိတ်များဖြစ်ပါသည်။ ကျက်စားနေထိုင်ကြသောမြစ်ချောင်းများအတွင်း လူသားများကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများဖြစ်ပေါ်လာခြင်း၊ သယံဇာတများထိခိုက်ပြီး ငါးမျိုးများအားပျက်သုဉ်းစေသော ငါးဖမ်းကိရိယာများကို အသုံးပြုခြင်းများ၊ ပင်လယ်ပြင်အတွင်း ငါးဖမ်းဆီးမှု လွန်ကဲမှုတို့ကြောင့် တစ်စတစ်စ ငါးမျိုးစိတ်များ ပြန်းတီးလာခဲ့ရကြောင်းကိုလည်း ဖော်ထုတ်တွေ့ရှိရပါသည်။

ဧရာဝတီမြစ် မြစ်ညာအရပ်တွင် ငါးသလောက်တွေ့ရှိမှု

မြန်မာနိုင်ငံတွင် ငါးသလောက်များသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ မြစ်ဝ၊ မြစ်လက်တက်များမှတစ်ဆင့် အထက်ဘက်သို့ဆန်တက်ပြီး ဝင်ရောက်လာကြကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် ငါးသလောက်ကို ဧရာဝတီမြစ်ကြောင်းတစ်လျှောက်နှင့် မြစ်လက်တက်များအတွင်း လည်းကောင်း၊ စစ်တောင်းမြစ်အတွင်း၌လည်းကောင်း၊ ဧရာဝတီမြစ်တစ်လျှောက်လုံး ဖမ်းဆီးရရှိပါသည်။ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့တွင်လည်း ၈ လက်မ၊ ၉ လက်မအရွယ်များ ဖမ်းဆီးရရှိပါသည်။

ထူးခြားချက်တစ်ရပ်အနေဖြင့် ၂၀၀၉ ခုနှစ် ဇန်နဝါရီလအတွင်း ဧရာဝတီမြစ်၏ ဒုတိယမြစ်ကျဉ်းအဝ စပ်ပြယ်နဂိုလ်ရွာ (၂၀၁၂ ခုနှစ် စစ်ကိုင်းလျှင်ကြီးလုပ်ခတ်ခဲ့သောရွာ)၏ အရှေ့ဘက် ဧရာဝတီမြစ်အတွင်းမှ ငါးသလောက် Tenualosa ilisha အလျား ၅၃ စင်တီမီတာ အရွယ်ရှိပြီး အလေးချိန်အားဖြင့် ၁ ဒသမ ၇၅ ပိဿာနှင့် မျိုးပေါက်ပွားရန် အသင့်ဖြစ်နေသော ဥအမြွှာကြီးပါသော ငါးသလောက်အမတစ်ကောင်ကို ဖမ်းဆီးရရှိခဲ့ပါသည်။ ယင်းကိုကြည့်ခြင်းအားဖြင့် ငါးသလောက်များသည် ရေချိုမြစ်ချောင်းများအတွင်း ကီလိုမီတာ ၁၂၀၀ ခန့်အထိ ဝင်ရောက်နိုင်သည်ဆိုသည့် အချက်ကို အခိုင်အမာသက်သေပြနေပါသည်။ အချို့သော ငါးသလောက်များသည် ရေချိုမြစ်အတွင်းနေထိုင်ပြီး ဆက်လက်ရှင်သန်ပေါက်ပွားနိုင်သည်ဆိုသည်ကိုလည်းကောင်း၊ ဧရာဝတီမြစ်အထက်ပိုင်းဒေသအထိရောက်ရှိပြီး ရှင်သန်နေထိုင်ကြောင်းကိုလည်း အခိုင်အမာသက်သေပြနေပါသည်။ အဆိုပါနေရာဒေသအနီးတစ်ဝိုက် သုတေသနဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ယင်း

ငါးသလောက် Tenualosa ilisha နှင့်
ငါးသလောက်ယောက်ဖ Tenualosa toil

ငါးမျိုးစိတ်များ ဆက်လက်ရှင်သန်နိုင်ရန်အတွက် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုမရှိစေရေးကို ထိန်းသိမ်းရန်နှင့်မြစ်အတွင်း ငါးဖမ်းဆီးမှုလုပ်ငန်းများကို ဂရုတစိုက်ထိန်းသိမ်းကာကွယ်ရန် လိုအပ်နေကြောင်း ညွှန်းဆိုဖော်ပြလျက်ရှိနေပါသည်။

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် အဖိုးတန်ရေသယံဇာတဖြစ်သော ငါးသလောက်ငါးမျိုးစိတ်များကို ထိန်းသိမ်းပြီး စဉ်ဆက်မပြတ်ဖမ်းဆီး ထုတ်လုပ်နိုင်ရန်အတွက် ငါးသလောက်သယံဇာတအကဲဖြတ်ရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို Bay of Bengal Large Marine Eco-system Programme (BOBLME) ဘင်္ဂလားပင်လယ်အော်ဂေဟစနစ်ကြီးစီမံကိန်းကြီးရဲ့ အစိတ်အပိုင်းတစ်ရပ်အဖြစ် ဘင်္ဂလားပင်လယ်အော်ဂေဟစနစ်ကြီး အဖွဲ့ဝင်နိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့်အတူ ပူးပေါင်းပြီး သုတေသနနှင့် စာရင်းကောက်ယူရေးလုပ်ငန်းများ ဆောင်ရွက်နေကြပါသည်။

မြန်မာနိုင်ငံမှာ Hilsa ငါးသလောက်ငါးမျိုးစိတ် နှစ်မျိုးတွေ့ရှိရပါသည်။ အရပ်အခေါ် ငါးသလောက် Tenualosa ilisha နှင့် ငါးသလောက်ယောက်ဖ



ငါးသလောက် ပျံ့နှံ့ကျက်စားနေထိုင်ကြသော နေရာဒေသများ

Tenualosa toli မျိုးစိတ်တို့ ဖြစ်ပါသည်။ ရေငန်ငါးသလောက်များကို ရခိုင်၊ တနင်္သာရီကမ်းရိုးတန်းဒေသများမှာ အများအပြားဖမ်းဆီးရရှိပြီး ရေချိုငါးသလောက်များကို ရေချိုရေငန် အတက်အကျရှိသော မြစ်ဝကျွန်းပေါ်ဒေသနှင့် ကျောက်တန်း၊ ဒေးဒရဲ၊ ကွမ်းခြံကုန်း စသည့်ဒေသများတွင် ဖမ်းဆီးရမိပါသည်။ ရန်ကုန်တိုင်းဒေသကြီး ကဝကင်းရွာနားမှ ဖမ်းဆီးရမိသော ကဝကင်းငါးသလောက်သည် အလွန်ဆူဖြိုးအရသာရှိသောကြောင့် နာမည်ကြီးသည်ကို ကြားဖူးကြမည်ဖြစ်ပါသည်။

မြန်မာ့ပိုင်နက်ရေပြင်အတွင်း စီးပွားရေးအရအရေးပါသော ငါးသလောက်ငါးမျိုးစိတ်များ မျိုးထိန်းသိမ်းရန်မှာ အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါသည်။ ရေရှည်စဉ်ဆက်မပြတ်တိုးပွားနေစေရန်ကို ရည်ရွယ်ပြီး ငါးသလောက်သယံဇာတ တိုင်းတာရေးဆိုင်ရာလုပ်ငန်းများကို ဘင်္ဂလားပင်လယ်အော်ဂေဟစနစ်ကြီးစီမံကိန်း၏ စီစဉ်လမ်းညွှန်မှုအောက်တွင် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပညာရှင်များနှင့်အတူ စီမံချက်များရေးဆွဲအကောင်အထည်ဖော်ရာတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ပညာရှင်များ၊ တက္ကသိုလ်များ ငါးလုပ်ငန်းဆိုင်ရာ အစိုးရမဟုတ်သော (NGOs)အဖွဲ့များ၊ ကမ်းနီးကမ်းဝေးရေလုပ်ငန်းရှင်များ ပါဝင်ပြီးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၊ ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသလောက် သယံဇာတကို ထိန်းသိမ်းရန် ဆန္ဒပြင်းပြနေသည့်နည်းတူ အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှာလည်း မြန်မာနိုင်ငံထက်စောပြီး စီမံခန့်ခွဲရန်အတွက် Management Plan ရေးဆွဲဆောင်ရွက်နေကြပြီဖြစ်ပါသည်။ သို့သော်လည်း ငါးသလောက်သည် နယ်စပ်ဖြတ်ကျော်သွားလာသည့် ငါးမျိုးစိတ်ဖြစ်သောကြောင့် မြန်မာနိုင်ငံတွင်လည်း စီမံခန့်ခွဲရန်အတွက် Management Plan ရေးဆွဲဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။ ယခုအခါ Bay of Bengal Large Marine Eco-system Programme (BOBLME) ဘင်္ဂလားပင်လယ်အော် ဂေဟစနစ်ကြီးစီမံကိန်းအရ ဘင်္ဂလားပင်လယ်အော်အတွင်းမှ ငါးသလောက်ငါးမျိုးစိတ်များ မပြုန်းတီးစေရန်နှင့် ရေရှည်ထိန်းသိမ်းထားနိုင်ရေးအတွက် မြန်မာ၊ ဘင်္ဂလားဒေ့ရှ်နှင့် အိန္ဒိယနိုင်ငံ သုံးနိုင်ငံပူးပေါင်းဆောင်ရွက်နေကြပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံအနေနှင့် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ ငါးသလောက်သယံဇာတ တိုင်းတာရေး အထူးလုပ်ငန်းအဖွဲ့ (Task Force) ကို ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ (Task Force) အဖွဲ့အား ငါးလုပ်ငန်းဦးစီးဌာနမှ ပညာရှင်ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များနှင့် အငြိမ်းစားကျွမ်းကျင်ပညာရှင်များဖြင့် ဖွဲ့စည်းထားပါသည်။ မကြာသေးခင်က အိန္ဒိယနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံများတွင် သိပ္ပံနည်းကျကျ တိုင်းတာမှုများအရ အထိန်းအကွပ်မဲ့ ဖမ်းဆီးထုတ်လုပ်မှုတွေကြောင့် ငါးသလောက်ငါးမျိုးများ ရှားပါးမည့်အခြေအနေ ရောက်ရှိနေကြောင်း တွေ့ရှိရပါသည်။ **ဥပမာ–** ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆယ်စုနှစ်သုံးခုအတွင်း မြစ်ပေါင်း ၅၅ မြစ်မှ ငါးသလောက် လုံးဝပျောက်ကွယ်သွားကြောင်း သိရှိရပါသည်။ ၄င်းအပြင် အခြားမြစ် ၁၀ ခုမှာလည်း ရှားပါးလာကြောင်း ရေးသားဖော်ပြထားပါသည်။ ထိုကဲ့သို့ မြစ်ကြောင်းများမှာ ငါးသလောက် ပျောက်ကွယ်ရှားပါးလာတဲ့အတွက် ငါးသလောက်တန်ချိန် နှစ်သိန်း၊ နှစ်သိန်းခွဲလောက်အထိ လျော့နည်းခဲ့ရကြောင်း ရေးသားဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ အဆိုပါဖြစ်ရပ်များကြောင့် ငါးသလောက် ရေလုပ်သားပေါင်း ငါးသောင်းနီးပါး အလုပ်လက်မဲ့ဖြစ်ရကြောင်းကိုလည်း ဖော်ပြထားပါသည်။ ဒီဖြစ်ရပ်များကြောင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အတတ်ပညာရှင်၊ အသိပညာရှင်များနှင့် ပူးပေါင်းပြီး နိုင်ငံခြားမှ ကူညီပံ့ပိုးမှုများဖြင့် Stock assessment ကို တိုင်းတာနိုင်ခဲ့သည့်အပြင် မျိုးပွားရာသီနှင့် မျိုးပွားရာဒေသများ (Spawning Season and Ground) သားလောင်းများကြီးပြင်းရာနေရာ (Mursery Ground) သွားလာရာလမ်းကြောင်း (Migratory route) စသော သတင်းအချက်အလက်များကို သိပ္ပံနည်းကျကျ ဖော်ထုတ်နိုင်ခဲ့ကြောင်း သိရှိရပါသည်။ တွေ့ရှိရသော သတင်းအချက်အလက်များအပေါ် မူတည်ပြီး ငါးသလောက်မျိုးစိတ်များ ထိန်းသိမ်းမှုဆိုင်ရာမူဝါဒများကို ချမှတ်ပြီး ထိန်းသိမ်းဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရပါသည်။

စီမံကိန်းကြီးကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ရေလုပ်သားအများစုနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများအား သယံဇာတထိန်းသိမ်းခြင်းဆိုင်ရာပညာရပ်များ၊ နည်းစနစ်များနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ရေသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများအတွက် အဓိကကျသော (Closed Season) ငါးမဖမ်းဆီးရတားမြစ်ရာသီ၊ (Closed Area)တားမြစ်နေရာနှင့် ဖမ်းဆီးရေးတွင်လည်း ရေလုပ်ငန်းလုပ်ကိုင်သူများအား ငါးလုပ်ငန်းဦးစီးဌာနမှ သတ်မှတ်ထားသော (Mesh-size Regulation)သတ်မှတ်ထားသော ငါးဖမ်းပိုက်ကွက်အရွယ်အစားကိုအသုံးပြုပြီး ဖမ်းဆီးကြမည်ဆိုလျှင် ငါးသလောက်ငါးမျိုးစိတ်များနှင့် အခြားငါးမျိုးစိတ်များကိုပါ စဉ်ဆက်မပြတ်ဖမ်းဆီးထုတ်လုပ်နိုင်မည်ဖြစ်ပါသည်။

ယနေ့အခါမှာ နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် အမျိုးသားအဆင့် စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါသည်။ ယင်းစီမံကိန်းများအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်း ပါဝင်နေတာကို တွေ့ရှိရပါသည်။

ငါးသလောက်သယံဇာတများ ထိန်းသိမ်းသည့်လုပ်ငန်းများ ဆောင်ရွက်ခြင်းအပြင် ကမ်းရိုးတန်းဒေသများအပါအဝင် ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများအား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဆိုလျှင် တစ်ဦးချင်းနှင့် တစ်မိသားစု၏ဝင်ငွေများလည်း တိုးပွားလာပြီး ဆင်းရဲမွဲတေမှုကို လျှော့ချပေးနိုင်မည်ဖြစ်သည်ကို တွေ့ရှိရပါသည်။ ဤလုပ်ငန်းစဉ်ကြီး အကောင်အထည်ဖော်လုပ်ကိုင်ခြင်းဖြင့် ရေလုပ်သားထုအတွင်း အသိပညာ၊ အတွေးအခေါ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် တည်ဆောက်သွားခြင်းဖြင့် သဘာဝသယံဇာတများကို ထိန်းသိမ်းရမည့် အယူအဆများ၊ သယံဇာတများကို ထိန်းသိမ်းခြင်းအားဖြင့် မိမိတို့မျိုးဆက်တွင်သာမက အနာဂတ်မျိုးဆက်များတိုင် စဉ်ဆက်မပြတ် သုံးစွဲသွားနိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။



ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ အခြေခံပညာဆရာ ဆရာမများ အထူးမွမ်းမံသင်တန်းဆင်း

နေပြည်တော် ဖေဖော်ဝါရီ ၁၆

လူသားစွမ်းရည်ပြည့်ဝသည့်လူမျိုးဖြစ်အောင် လူငယ်လူရွယ်များအား လေ့ကျင့်ပျိုးထောင်ပေးရာတွင် အခြေခံပညာကဏ္ဍသည် လွန်စွာအရေးကြီးကြောင်း၊ နိုင်ငံ့သားကောင်းများဖြစ်အောင် လေ့ကျင့်မွေးမြူပေးနိုင်မှသာလျှင် လူသားစွမ်းရည်ပြည့်ဝသော နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ပညာပြည့်ဝနိုင်လုံလောက်သည့် နိုင်ငံ့သားကောင်းများအား လေ့ကျင့် မွေးမြူပေးနိုင်ရန်အတွက် အခြေခံပညာအတန်း အသီးသီးတွင် ပြဋ္ဌာန်းပေးထားသော သင်ရိုးဝင်ဘာသာရပ်များနှင့် တွဲဖက်သင်ရိုးဝင်ဘာသာရပ်များကို ရက်သတ္တပတ်သင်ချိန်အတိုင်း အပြည့်အဝသင်ကြားပေးကြရန်လိုကြောင်း၊ နိုင်ငံ့သားကောင်းများ ဖြစ်ပေါ်လာစေရန်ရည်မှန်းပြီး အခြေခံကျောင်းများတွင် ကင်းထောက်လူငယ်အဖွဲ့များ ဖွဲ့စည်းလေ့ကျင့်ပေးခြင်း၊ ပညာသင်ဆုများရွေးချယ်ချီးမြှင့်ပေးခြင်း၊ ပညာသင်ထောက်ပံ့ကြေးများပေးအပ်ချီးမြှင့်ခြင်းအပြင် ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများကိုလည်း ရွေးချယ်ပဂ္ဂိုလ်ပြုလျက်ရှိကြောင်း၊ နိုင်ငံတော်က သင်ယူမှုအခွင့်အလမ်းများ တိုးမြှင့်ပေးပြီး ပညာရေးဝန်ထမ်းများ၏ လူမှုအဆင့်အတန်း၊ ဂုဏ်သိက္ခာမြှင့်မားအောင် တိုးမြှင့်ပေးနေပြီ ဖြစ်သောကြောင့် ဆရာ ဆရာမတို့ အနေဖြင့်လည်း သင်ကြားမှု စွမ်းရည်မြင့်မားသည် ထက်မြင့်မားနေအောင် အစဉ်လေ့လာဆည်းပူး ကြိုးစားအားထုတ်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အတွက် လိုအပ်သည့် နိုင်ငံ့သားကောင်း လူ့စွမ်းအား အရင်းအမြစ်များဖြစ်ပေါ်လာအောင် လေ့ကျင့်သင်ကြားပေးနေရသော ဆရာ့လုပ်ငန်းများကို ကျေပွန်အောင် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်းဖြင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက ယနေ့ နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသည့် အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၀) ဆင်းပွဲအခမ်းအနားတွင် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ထူးချွန်ဆုရ သင်တန်းသား သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက်ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တီးတိန်မြို့နယ်၊ တွန်းဇံမြို့နယ်နှင့်ကျီခါးမြို့နယ်ခွဲတို့မှ မြို့မိမြို့ဖများအား အမှတ်တရလက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိ ဒုတိယအကြိမ် မြန်မာ့ရိုးရာထမနဲ (နှမ်း ဆုပေးပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဒုတိယအကြိမ် မြန်မာ့ရိုးရာထမနဲ (နှမ်းမနဲ) ထိုးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းတွင် ရွှေကြာပင်ရပ်ကွက် အောင်ရတနာကျောင်းတိုက်အနီး မိုးကောင်းဘုရားဥပစာရှိ မြေကွက်လပ်၌ ကျင်းပရာ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများ၊ ပုဗ္ဗသီရိမြို့နယ်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီတို့မှ ပြိုင်ပွဲဝင်အသင်း စုစုပေါင်း (၁၈)သင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး မြန်မာ့ရိုးရာ ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ဖြစ်သော ထမနဲထိုးပြိုင်ပွဲကြီးကို စည်ကားသိုက်မြိုက် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

အဆိုပါအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသိန်းညွန့်နှင့် ဦးစိုးမောင်၊ ပြည်သူ့လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသော ဦးတင်ထွတ်၊ ဦးသိန်းဇော်၊ ဦးလှမြင့်ဦးနှင့် ဦးစိုးနိုင်၊ နေပြည်တော်ကောင်စီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စိတ်ပါဝင်စားစွာ ကြည့်ရှုအားပေးကြသည့် ဧည့်ပရိသတ်များ၊ ပြိုင်ပွဲအကဲဖြတ်အဖွဲ့ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ထမနဲထိုးပြိုင်ပွဲ

◆ *ရှေ့ဖုံးမှ*

ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက ဒေသဖွံ့ဖြိုးရေးအတွက် ဝန်ကြီးဌာနအလိုက် ပံ့ပိုးကူညီနေမှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာ၌ ဤဒေသတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရန် အခွင့်အရေးမပေးသော်လည်း ဒေသဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို တိုးချဲ့လုပ်ကိုင် ဆောင်ရွက်ကြစေလိုကြောင်း၊ အထူးသဖြင့် ဖူလုံပိုလျှံပါက အိမ်နီးချင်းတစ်ဖက်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်သည့် ဝက်နှင့်နွားမွေးမြူရေးလုပ်ငန်းကို ပိုမိုလုပ်ကိုင်လာစေရန် ဒေသခံများအား တွန်းအားပေးသွားကြရန် ဖြစ်ကြောင်း၊ ထို့အတူ ပိုးဇာမွေးမြူထုတ်လုပ်ရေး လုပ်ငန်းကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ပညာရေးကဏ္ဍတိုးတက်မြင့်မားပြီး တက္ကသိုလ်ဝင်တန်း အောင်ချက် မြင့်မားလာစေရေးအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီကြရန်ဖြစ်ကြောင်း၊ ဒေသတွင်း၌တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးကင်းစင်ရေးတို့ အတွက်လည်း စီမံဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမှူးများသည် မိမိတို့မြို့နယ်များ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် မိမိတို့၏ အရည်အချင်း၊ ဆောင်ရွက်ပေးလိုသည့် စေတနာနှင့် လက်တွေ့ကြိုးစားဆောင်ရွက်ပေးမှုတို့အပေါ် မူတည်သည်ဟု ခံယူဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မြို့နယ်များနှင့် မြို့နယ်ခွဲတို့မှ မြို့မိမြို့ဖများအား တွေ့ဆုံပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ မိမိတို့မြို့ရွာများ ဖွံ့ဖြိုးရေးအတွက် မြို့မိမြို့ဖများအနေဖြင့်တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ အထူးသဖြင့် ဤဒေသမှ ကလေးငယ်များအား ပညာတတ်များဖြစ်လာစေရန် ပညာရေးကို ဝိုင်းဝန်းအားပေးစေလိုကြောင်း၊ ပညာတတ်မှသာ ၎င်းတို့၏လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊စီးပွားရေးဖွံ့ဖြိုးလာရန်အတွက် နို့စားနွားများ မွေးမြူကြရန်ဖြစ်ပြီး နိုင်ငံတော်ကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီပေးမည်ဖြစ်ကြောင်း၊ သို့မှသာ ဝင်ငွေတိုးတက်ပြီး ဤဒေသမှ ကလေးငယ်များကိုလည်း နို့ပုံမှန်တိုက်ကျွေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ထက်မြက်သူများ ဖြစ်လာစေမည် ဖြစ်ကြောင်း စသည်ဖြင့် တိုက်တွန်းပြောကြားပြီး အမှတ်တရ လက်ဆောင်များကိုပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် နံနက် ၁၁နာရီ ၄၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ဖလမ်းမြို့သို့ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ကြိုဆိုနှုတ်ဆက်ကြသည့် မြို့မိမြို့ဖများ၊ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ၊ တိုင်းရင်းသားရိုးရာအကအဖွဲ့များနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ထို့နောက် နယ်မြေခံတပ်ရင်းဧည့်ရိပ်သာ၌ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဖလမ်းမြို့နှင့် ရိဒ်ခေါဒါရ်မြို့နယ်ခွဲတို့မှ မြို့မိမြို့ဖများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအခြေအနေများကို မေးမြန်းဆွေးနွေးပြီး ဤဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများ ဖြစ်ထွန်းနိုင်ခြေနည်းပါးပါက နွားနောက်၊ ဒေသနွားနှင့် ဝက်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ နို့စားနွားများကိုလည်း စမ်းသပ်မွေးမြူကြစေလိုကြောင်း၊ စိုက်ပျိုးဖြစ်ထွန်းနိုင်မည့် ပြောင်းကိုလည်း စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ ဖလမ်းမြို့တွင် အစဉ်အလာကြီးမားသည့် ခုတင် (၂၀၀)ဆံ့ ဆေးရုံကြီးရှိပြီးဖြစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်သည်ဟု သိရှိရကြောင်း၊ အနီးအနားတွင် ကလေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နှင့် ဟားခါးမြို့ အစိုးရနည်းပညာသိပ္ပံစသည်တို့ တည်ရှိပြီးဖြစ်သည့်အတွက်ဒေသရှိရင်သွေးငယ်များ၏ ပညာရေးတိုးတက်မှုအတွက် ဝိုင်းဝန်းအားပေးဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြို့မိမြို့ဖများ၏ ဒေသဖွံ့ဖြိုးရေးအတွက် တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင်ဟားခါးမြို့သို့ ရောက်ရှိကြရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးဟောက်ခင်ခမ်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ချင်းရိုးရာအကအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထိုသို့ ကြိုဆိုကြရာတွင် သိက္ခာတော်ရဆရာတော် ပေါလ်သွန်ကဲ့အိုက ဆုတောင်းမေတ္တာပို့သပြီးချင်းတိုင်းရင်းသားဝတ်စုံကိုဝတ်ဆင်ပေးသည်။ အလားတူချင်းတိုင်းရင်းသား၊ တိုင်းရင်းသူများက နိုင်ငံတော်သမ္မတအား တေးသီချင်းဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။

(သတင်းစဉ်)

❍ *ကျောဖုံးမှ*

စီမံအုပ်ချုပ်လုပ်ကိုင်မှု အခြေအနေများ၊ ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူမည့်အခြေအနေ၊ သစ်တောသယံဇာတနှင့်ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က အားပေးမြှင့်တင်ပေးနေမှု၊ ပညာရည်မြင့်မားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများနှင့် ကျေးလက်ဒေသ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်ပေးနေမှု၊အုပ်ချုပ်ရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာ၌ မိမိတို့အစိုးရယန္တရား လည်ပတ်နေမှု၏ ဦးတည်ချက်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းစွာဖြင့် တရားဥပဒေစိုးမိုးပြီး ကမ္ဘာ့အလယ်တွင် တင့်တယ်စွာရပ်တည်နေနိုင်ရေးနှင့် နောက်ကျကျန်နေသည့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက်ဖြစ်ကြောင်း၊ အစိုးရယန္တရားသွက်လက်မြန်ဆန်စွာ မောင်းနှင်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် အောက်ခြေအဆင့်အထိဝန်ထမ်းများကလည်း တာဝန်သိသိသစ္စာရှိရှိဖြင့် မှန်မှန်ကန်ကန် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း။

နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကဏ္ဍနှစ်ခုစလုံး၌ အထိုက်အလျောက်အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ ထို့အတူ အခက်အခဲနှင့် စိန်ခေါ်မှုများကိုလည်းရင်ဆိုင်တွေ့ကြုံနေရသည်များ လည်းရှိကြောင်း၊ ယခုကာလသည် နိုင်ငံတော်ကြီးကို ဒီမိုကရေစီလမ်းကြောင်းဖြင့်လျှောက်လှမ်း နေရာခေတ်စနစ်ပါ ပြောင်းလဲနေရချိန်ဖြစ်ကြောင်း၊ ဆက်လက်ပြီးလိုက်ပါပြောင်းလဲရန် ကျန်ရှိနေသည်မှာ လူပုဂ္ဂိုလ်များပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဝန်ထမ်းများအနေဖြင့် ဌာနအကြီးအကဲအဆင့်မှသည် အောက်ခြေအဆင့်အထိခေတ်စနစ်နှင့်အညီ လိုက်ပါပြောင်းလဲကြရန် လိုအပ်ကြောင်း၊ အစိုးရယန္တရားကို အောင်မြင်စွာမောင်းနှင် နိုင်ရန်အတွက် တာဝန်ရှိသူများအနေဖြင့် အရည်အချင်းရှိရန်နှင့် အကျင့်စာရိတ္တပါကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ ယင်းအချက် နှစ်ရပ်နှင့် ပြည့်စုံရန်အတွက် မိမိတို့၏ စိတ်ဓာတ်နှင့် လုပ်နည်းလုပ်ဟန်ကို ပြုပြင်ပြောင်းလဲနေရမည်ဖြစ်ကြောင်း၊ လူတိုင်းသည် မိမိကိုယ်ကို မိမိအသိဆုံးဖြစ်ရာ အသိစိတ်ဓာတ်ရှိရှိဖြင့် သုံးသပ်ဆန်းစစ်နေရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ်နှင့် ဂုဏ်သိက္ခာရှိသည့် နိုင်ငံကြီးဖြစ်လာစေရေးအတွက် အားလုံးက ခွန်အားပြည့်အားပြည့်ဖြင့် တက်ညီလက်ညီဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana ကချင်ပြည်နယ်အတွင်း ကြည့်ရှုလေ့လာ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ Mr. Tomas Ojea Quintana နှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၃ နာရီခွဲတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း ဦးဆောင်သည့် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ကချင်ပြည်နယ်အတွင်း ပဋိပက္ခများ ချုပ်ငြိမ်း ပပျောက်သွားအောင် ဝိုင်းဝန်းကြိုးပမ်းနေမှု၊ နယ်မြေလုံခြုံရေးအရ ခေတ္တပြောင်းရွှေ့နေထိုင်ကြရသည့် မိသားစုများအား နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာအသင်းအဖွဲ့များနှင့် INGOs များမှ ထောက်ပံ့ကူညီနေမှု၊ တရားဥပဒေစိုးမိုးရေးနှင့် တိုင်းရင်းသားပြည်သူများ၏ ဘဝလုံခြုံရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှု၊ တည်ငြိမ်အေးချမ်းမှုရရှိလာသည့် ဒေသများတွင် မြေမြှုပ်မိုင်းအန္တရာယ် အသိပညာပေးခြင်းနှင့် ဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်း၍ ပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးသည်။

ယင်းနောက် Mr. Tomas Ojea Quintana နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက်ရှိ ဂျန်မိုင်ကောင်း (နှစ်ခြင်း) စခန်းနှင့် စိန်ပေါလ်လုစခန်းများသို့ သွားရောက်၍ စခန်းများအတွင်း နေထိုင်ကြသူများအား တွေ့ဆုံအားပေးပြီးသိရှိလိုသည်များကို လွတ်လပ်စွာ မေးမြန်းသည်။

ပျော်ရွှင်စွာ
၊
နားသို့ သမ္မတ
ထောင်စုဝန်ကြီး
ဦးသိန်းညွန့်နှင့်
တ်တော်ရေးရာ
ဖြစ်ကြသော
န်းဇော်၊ ဦးလှ
နေပြည်တော်
ူမှုရေးအသင်း
ရိုးရာထမနဲထိုး
ားစွာ ကြည့်ရှု
့်ပရိသတ်များ၊
ဒိုင်လူကြီးများ၊
နှင့် ဖိတ်ကြား
ရာက်ကြသည်။
ထမနဲထိုးပြိုင်ပွဲ

ိုင်ငံတော်သမ္မတ
၏ ဒေသဖွံ့ဖြိုး
က်များကို ဖြည့်
ပြီး အမှတ်တရ
းအပ်သည်။
ိုင်ငံတော်သမ္မတ
ည် ညနေပိုင်း
ရောက်ရှိကြရာ
က္ကဋ္ဌဦးဟောက်
ကိုယ်စားလှယ်
အဖွဲ့မှ ဝန်ကြီး
င်နှင့် မြို့နယ်
ား၊ မြို့မိမြို့ဖ
င်းအဖွဲ့ဝင်များ၊
များ၊ ကျောင်း
းနှင့် ဒေသခံ
ိုကြသည်။
ရာတွင် သိက္ခာ
ပေါလ်သွန်ကဲ
တ္တာပို့သပြီးချင်း
ကိုဝတ်ဆင်ပေး
းတိုင်းရင်းသား၊
နိုင်ငံတော်
ချင်းဖြင့် ဂုဏ်ပြု

(သတင်းစဉ်)

င်းသူ
ှလေ့လာ

INGOs များမှ
တရားဥပဒေ
င်းသားပြည်သူ
ခြုံရေးအတွက်
နေမှု၊ တည်ငြိမ်
ည့် ဒေသ
မိုင်းအန္တရာယ်
င့် ဖယ်ရှား
က် ဆောင်ရွက်
နှင့်စပ်လျဉ်း၍
မြင်ချင်းဖလှယ်

Mr. Tomas
င့် အဖွဲ့ဝင်များ
၊ မြို့သစ်ကြီး
ာင်း (နှစ်ခြင်း)
လုစခန်းများသို့
န်းများအတွင်း
း တွေ့ဆုံအား
းကို လွှတ်လပ်

မြ ဇမ္ဗူသီရိမြို့နယ် ထမနဲ (နှမ်းမနဲ)ထိုးပြိုင်ပွဲ

အခမ်းအနားကို စတင်ဖွင့်လှစ်ရာ ပြိုင်ပွဲဝင်အသင်းများက အားကြိုးမာန်တက် ထမနဲထိုးပြိုင်ပွဲဝင်ကြပြီး လိုက်ပါအားပေးကြသူပရိသတ်များက အိုးစည်၊ ဒိုးပတ်၊ ကျွဲအက၊ ရိုးရာအကများဖြင့် တပျော်တပါး တီးခတ်သီဆိုဖျော်ဖြေ အားပေးကြသည်။

ယင်းနောက် ပြိုင်ပွဲကိုအစီအစဉ်အလိုက် ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင်အသင်းများက ရေကုန်ရေခန်းအကြိတ်အနယ် ယှဉ်ပြိုင်ကြပြီး အကဲဖြတ်အမှတ်ပေးဒိုင်အဖွဲ့ဝင်များက ပြိုင်ပွဲဝင်အသင်းများ၏ ထမနဲများကို အသီးသီးစမ်းသပ်စစ်ဆေးသုံးဆောင်ကြကာအကဲဖြတ်အမှတ်ပေးကြသည်။

ပြိုင်ပွဲ ကျင်းပနေစဉ်အတွင်း ပြည်ထောင်စု ဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်များ၊ ဧည့်သည်တော်များသည် အကြိတ်အနယ်ယှဉ်ပြိုင်လျက်ရှိသည့် ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်ဆင်နွှဲခဲ့ကြသည့် ထမနဲများကို ပြိုင်ပွဲသို့ လာရောက်အားပေးကြသည့် ဧည့်ပရိသတ်များအား ဧည့်ခံကျွေးမွေးရာ လူကြီး၊ ကလေး၊ ဧည့်ပရိသတ်များက လက်ရည်တစ်ပြင်တည်းစုစည်းဝိုင်းဖွဲ့ကာ မြိန်ယှက်စွာ အားပေးသုံးဆောင်ကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရ အောင်ဇမ္ဗူ (က)အသင်းအား နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က လည်းကောင်း၊ ဒုတိယဆုရ ရွှေကြာပင်(က)အသင်းအား ပြည်သူ့လွှတ်တော်ရေးရာကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦးကလည်းကောင်း၊ တတိယဆုရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအသင်းအား နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်ကလည်းကောင်း၊ နှစ်သိမ့်ဆုများကို နေပြည်တော်ကောင်စီဝင်များ ဖြစ်ကြသော ဦးမြင့်ဆွေနှင့် ဦးကံချွန်တို့ကလည်းကောင်း၊ အထူးဆုများကို တာဝန်ရှိသူများက လည်းကောင်း အသီးသီးပေးအပ် ချီးမြှင့်ကြရာ ပြိုင်ပွဲဝင် အသင်းများကိုယ်စား တာဝန်ရှိသူများက တက်ရောက်လက်ခံကြသည်။

ဧည့်ခံဖျော်ဖြေ

ဆုချီးမြှင့်ပွဲအပြီးတွင် ပြိုင်ပွဲသို့ တက်ရောက်လာကြသည့် ရပ်မိ၊ ရပ်ဖများနှင့် ဒေသခံပြည်သူများအား ထမနဲများဖြင့် ဧည့်ခံကျွေးမွေးကြပြီး ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက အငြိမ့်၊ အဆို၊ အကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဒုတိယအကြိမ် မြန်မာ့ရိုးရာထမနဲ (နှမ်းမနဲ)ထိုး ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ အားကြိုးမာန်တက် ယှဉ်ပြိုင်နေစဉ်။ (သတင်းစဉ်)

▲ *ကျော်ဖုံးမှ*

ဖြေ ။ အနီးစပ်ဆုံး ဖြစ်နိုင်ခြေ ရွှေခြောက်ခုနဲ့ရှစ်ခုကြား မှန်းထားပါတယ်။ အနည်းဆုံးခြောက်ခုလောက်ရဖို့တော့ ယုံကြည်မှုအပြည့်ရှိနေပါတယ်။

မေး ။ ဘယ်လိုကြောင့် ဒီလိုယုံကြည်ရတာလဲ။

ဖြေ ။ ဒီလိုပါ၊ အခု ကျွန်တော်တို့ ဝူရှူးမှာဆန်းဆိုရယ်၊ ထောက်လုရယ်ဆိုပြီး မိန်းက နှစ်မျိုးရှိတယ်၊အဲဒီနှစ်မျိုးစလုံးအတွက် ကစားသမား ၃၇ ဦးနဲ့ လေ့ကျင့်ပြင်ဆင်နေတယ်၊ ဒီအထဲမှာ ပြီးခဲ့တဲ့ အင်ဒိုဆီးဂိမ်းတုန်းက ဆုရခဲ့တဲ့ ကစားသမားတွေ အကုန်ပြန်ပါနေသလို ကစားသမားအသစ်လေးတွေရဲ့ စွမ်းဆောင်ရည်တွေကိုကြည့်ပြီး ယုံကြည်ရဲတာပါ။

မေး ။ အင်ဒိုဆီးဂိမ်းတုန်းက ဆုရသူတွေကိုလည်း ပြောပြပါဦး။

ဖြေ ။ ထောက်လုမှာ ဝေဖြိုးအောင် သူက ရွှေနဲ့ ကြေးရခဲ့သူ၊ ကျော်ဇင်သစ် သူကငွေ၊ အမျိုးသမီးမှာ စန္ဒီဦး သူကငွေ၊ ထောက်လုမှာ သူတို့ရှိတယ်၊ ဆန်းဆိုမှာ ငွေရခဲ့တဲ့ လှလှဝင်း၊ ကြေးရခဲ့တဲ့ စုလှိုင်ဦးတို့ပါတယ်၊ နောက်ပြီး ကျန်တဲ့ကစားသမားတွေထဲက ၃-၄ ယောက်ရှိသေးတယ်၊ သူတို့က ဆီးဂိမ်းပြိုင်ပွဲ မဝင်ဖူးကြဘူး၊ ဒါပေမယ့် အခြားနိုင်ငံတကာပြိုင်ပွဲတွေကို ဝင်ဖူးကြသူတွေဖြစ်တော့ ကျွန်တော့်အနေနဲ့ ကျွန်တော့်အဖွဲ့အပေါ် ယုံကြည်မှုအပြည့်ရှိနေပါတယ်။

မေး ။ နည်းပြဆရာတွေကရော မြန်မာလူမျိုးတွေပဲလား။

ဖြေ ။ မဟုတ်ပါဘူး။ တရုတ်နိုင်ငံက နည်းပြတွေပါ၊ နှစ်နိုင်ငံ အစိုးရချင်း အစီအစဉ်အရ သူတို့လာပြီး နည်းပြပေးနေတာပါ၊ အားလုံး ငါးယောက်ရှိပါတယ်။

မေး ။ အဆင်ပြေရဲ့လား။

ဖြေ ။ ပြေပါတယ်၊ အခုဆို သူတို့ငါးယောက်လာပြတဲ့အတွက် ပိုအဆင်ပြေတာက သူ့ဆိုင်ရာဆိုင်ရာ သီးခြားသင်ပေးနိုင်တာပဲဖြစ်တယ်။ ဥပမာဗျာ ထောက်လုကစားနည်းမှာဆိုရင် ထိုက်ချီ၊ နန်းချွမ်၊ ချန်းချွမ်ဆိုပြီး ကစားကွက်တွေရှိတော့ သူ့ဆိုင်ရာအလိုက် နည်းပြတစ်ယောက်စီက တာဝန်ယူပြီး သင်ပေးနိုင်တယ်။ ဆန်းဆိုဆိုရင် တစ်ယောက်ပေါ့။ အရင်တုန်းကတော့ အဲသလိုမဟုတ်ဘူး။ တစ်ယောက်တည်းက အကုန်သင်ရတာ၊ ဒါကြောင့် အခု အလွန်အဆင်ပြေတယ်။

မေး ။ ပြိုင်ပွဲမှာ ဘယ်သူတွေကို အဓိကထား ပြိုင်ရဖို့များလဲ။

ဖြေ ။ ဗီယက်နမ်၊ မလေးရှား၊ ဖိလစ်ပိုင်နဲ့ အင်ဒိုနီးရှားတို့ကို အဓိကပြိုင်ရပါတယ်။ အထူးသဖြင့်တော့ ဗီယက်နမ်ကိုပေါ့။ ဗီယက်နမ်က ကမ္ဘာ့အဆင့်မှာ တရုတ်ပြီးရင် သူဖြစ်နေသလောက်ရှိတယ်။ ဒီကစားနည်းမှာ တော်တော်အောင်မြင်နေတဲ့အသင်းမို့ သူတို့နဲ့ အဓိကပြိုင်ရဖို့ များနေပါတယ်။

မေး ။ ဒါဆိုရင် ခင်ဗျားတို့ အတော့်ကို လေ့ကျင့်ပြင်ဆင်ထားရမှာပေါ့။

ဖြေ ။ မှန်ပါတယ်၊ ဆရာ ဗဟုသုတဖြစ်အောင်ပြောရရင် ကျွန်တော်တို့ရဲ့ ဒီအားကစားနည်းဟာ ပလောင်တောင်တက်အားကစားနည်းမျိုးဗျ။ လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက် နေ့းရမယ်ဆိုတယ် မဟုတ်လား၊ ဒီကစားနည်းကလည်း ဒီလိုပဲ၊ ဒီနေ့ လူမွေး၊ ဒီနေ့ လေ့ကျင့်သင်ကြား၊ မနက်ဖြန် ဖြစ်လာမယ်လို့ပြောလို့မရတဲ့နည်းဗျ။ ကစားသမားတစ်ယောက်ကို အနည်းဆုံး ငါးနှစ်ကနေ ၁၀ နှစ်ကြား မွေးယူရတယ်။ ဆန်းဆိုထက် ထောက်လုမှာဆို ပိုကြာတယ်။ အခုအသင်းမှာ ၁၀ နှစ်သားက မွေးလာခဲ့ပြီး အခုအသက် ၂၈ နှစ်ရှိတဲ့ ကစားသမားတောင်ပါတယ်။ ဒီတော့ ကျွန်တော်တို့ရဲ့ ရွှေတံဆိပ်တစ်ခုဟာ အချိန်တွေ၊ အသက်တွေနဲ့ တန်ဖိုးသင့်လို့ရတဲ့ အဖိုးမဖြတ်နိုင်တဲ့ တံဆိပ်ပါ။ ဒီအတွက်ကြောင့်လည်း ကျွန်တော်တို့ရဲ့ ရည်မှန်းချက်ကြီးကြီးနဲ့ လေ့ကျင့်နေကြတာပါ။ လာမယ့် ဇွန်ကနေ ဩဂုတ်လအထိ တရုတ်နိုင်ငံသွားပြီး ဟိုက ကစားသမားတွေနဲ့ ပူးတွဲလေ့ကျင့်ဖို့အထိ စီစဉ်ထားပါတယ်။

မေး ။ အခုမကြာမီမှာလုပ်မယ့် ဆီးဂိမ်းအကြိုပြိုင်ပွဲမှာရော ခင်ဗျားတို့ ကစားနည်းပါလား။

ဖြေ ။ ပါပါတယ်။ ကျွန်တော်တို့ အဲဒီပြိုင်ပွဲအပြီး လူစာရင်းဖြတ်နိုင်ဖို့ စီစဉ်ထားလို့ ကျွန်တော်တို့ကစားနည်းပါပါတယ်။

ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။

မြန်မာဆန်စက်နှင့်လယ်ယာထွက်ကုန် တန်ဖိုးမြှင့် စက်ကိရိယာပြပွဲ-၂၀၁၃ ကျင်းပရေး စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

လယ်ယာထွက်ကုန် သီးနှံများ ပြည်ပသို့တင်ပို့ရာတွင် ကုန်ကြမ်းအဆင့်သာ ရောင်းချနေရကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်တင်ပို့သွားရန် လိုအပ်ကြောင်း၊ ပြပွဲကျင်းပရာတွင် သက်ဆိုင်ရာ အသင်းအဖွဲ့များ၊ ပြည်ပတင်ပို့သူများ၊ စက်ပိုင်များ၊ တောင်သူလယ်သမား Supply Chain တစ်ခုလုံးအတွက် ထိထိရောက်ရောက် အကျိုးရှိစေရေး ဆောင်ရွက်သွားရန်နှင့် ပြပွဲအား အသွင်သဏ္ဌာန်ပိုင်းသာမက အနှစ်သာရရှိရှိ ကျင်းပဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ စက်ကိရိယာများ ပြသရာတွင် ပြည်ပမှထုတ်လုပ်သည့် ကုမ္ပဏီများသာမက ပြည်တွင်းမှထုတ်လုပ်သော စက်ကိရိယာများကိုပါ ထည့်သွင်းပြသရန်၊ ပြည်ပမှ ဆန်ဝယ်ကုမ္ပဏီများ၊ NGO၊ INGO များ၊ ကမ္ဘာ့ဘဏ်၊ ADB ၊ JICA စသည့် ပြည်ပအကူအညီအဖွဲ့အစည်းများ၊ ပြည်တွင်းဘဏ်အဖွဲ့အစည်းများစသည့် သက်ဆိုင်ရာ အဖွဲ့အစည်းများကိုပါ ဖိတ်ကြားရန်၊ တက်ရောက်လာသော ပြည်ပဧည့်သည်များ အတွက် တည်းခိုသွားလာရေး၊ လုံခြုံရေးများကို စနစ်တကျစီစဉ်ဆောင်ရွက်ထားရန်၊ အစိုးရ၊ အသင်းအဖွဲ့၊ လုပ်ငန်းရှင်များ ညီညီညွတ်ညွတ် ပူးပေါင်း ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ယမန်နေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန (ရန်ကုန်ရုံးခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာဆန်စက်နှင့် လယ်ယာထွက်ကုန် တန်ဖိုးမြှင့်စက်ကိရိယာပြပွဲ-၂၀၁၃ ကျင်းပရေး စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဆွေးနွေးပြောကြားသည်။

မြန်မာဆန်စက်နှင့် လယ်ယာထွက်ကုန် တန်ဖိုးမြှင့်စက်ကိရိယာပြပွဲ-၂၀၁၃ (MYANMAR AGRO- TECH EXPO 2013) ကို မတ် ၂ ရက်မှ ၅ ရက်အထိ ရန်ကုန်မြို့ MCC ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး နိုင်ငံတကာဆန်ဈေးကွက်တွင် မြန်မာ့ဆန်ပြန်လည်နေရာရရှိစေရန်နှင့် ဈေးကွက်ထိန်းသိမ်းထားနိုင်စေရန်၊ အရည်အသွေးမြင့်မားသော မြန်မာ့ဆန်များနှင့် လယ်ယာထွက်ကုန် တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်စေရန်၊ ဆန်စက်လုပ်ငန်းများနှင့် လယ်ယာထွက်ကုန်တန်ဖိုးမြှင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေများတိုးတက်ရရှိအောင် ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ ပြပွဲအတွင်းပြည်တွင်း ပြည်ပမှထုတ်လုပ်သောစက်ကိရိယာများ ပြသသွားမည့်အပြင် စာတမ်းဖတ်ပွဲများ၊ Business Matching များ၊စာချုပ်ချုပ်ဆိုခြင်းများ၊ ဖျော်ဖြေရေး အစီအစဉ်များပါဝင်၍ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထို့နောက် မြစ်ကြီးနားမြို့ ယုဇနရပ်ကွက် စည်ပင်သာယာလမ်းရှိ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၏ ဌာနေရုံးခွဲသို့သွားရောက်၍ ကချင်ပြည်နယ်အတွင်း လူသားချင်း စာနာထောက်ထားမှု အကူအညီများ ဆောင်ရွက်နေကြသည့် ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် Mr. Tomas Ojea Quintana သည် ဝိုင်းမော်မြို့နယ်ရှိ သာဂရသရက်တော ကျောင်းတိုက် ကယ်ဆယ်ရေးစခန်းနှင့် လော်ဝေါ်နှစ်ခြင်းအသင်းတော် ကယ်ဆယ်ရေးစခန်းများသို့သွားရောက်၍စခန်းများအတွင်း နေထိုင်ကြသူများအား သီးခြားစီလွတ်လပ်စွာ တွေ့ဆုံပြီး (ဝဲပုံ) သိရှိလိုသည်များကို မေးမြန်းသည်။ ထို့မှတစ်ဆင့် Mr. Tomas Ojea Quintana သည် မြစ်ကြီးနား အကျဉ်းထောင်သို့ သွားရောက်ပြီး အကျဉ်းသား အကျဉ်းသူများအား သီးခြားစီတွေ့ဆုံမေးမြန်း၍ အကျဉ်းထောင်အတွင်း လှည့်လည်ကြည့်ရှုလေ့လာပြီး လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

(သတင်းစဉ်)

လှပတဲ့မြင်ကွင်း

❖ တပို့တွဲလသည်ချိန်ခါ
ပေါက်လဲပွင့်ဝေဆာ
လယ်ယာတစ်ခွင် သင်းပျံ့မွှေး
ကောက်ဦးပေါ်တယ်လေး။

❖ နွေးထွေးစွာပင် ပြုံးပျော်ရွှင်
မြို့ရွာတောပါနွှဲဆင်ယင်
ဖွဲ့နှင့်ယှဉ်ကာ ချွေးတွေရွှဲ
ထမနဲထိုးတဲ့ပွဲ။

❖ ခြိမ့်ခြိမ့်သဲသဲ ပွဲတော်မှာ
အရဏ်ဆွမ်းလည်းကပ်လှူကာ
အများသူငါမျှဝေကမ်း
ဒါနကောင်းမှုလွှမ်း။

❖ အေးချမ်းစွာပင် စိတ်ကြည်လင်
စားကြသောက်ကြပျော်စရာပင်
ချစ်ခင်ရိုင်းပင်းညီညွတ်ခြင်း
မြန်မာတို့စိတ်ရင်း။
ရိုးရာအမွေဆက်ခံခြင်း
လှပတဲ့မြင်ကွင်း။

ညွန့်လှိုင်ဝင်း(ကွမ်းခြံကုန်း)

တစ်လအတွင်း ရန်ကုန်စက်သုံးဆီဈေး

၂၀၁၃ ခုနှစ် ဇန်နဝါရီလလယ်နှင့် ယခုဖေဖော်ဝါရီလလယ်တို့၏ ရန်ကုန်မြို့တွင်း ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များမှ ရောင်းချသော စက်သုံးဆီများအနက် အဆင့်မြင့်ဒီဇယ်မှလွဲ၍ ကျန်ဓာတ်ဆီ၊ အောက်တိန်းနှင့် ရိုးရိုးဒီဇယ်ဆီတို့၏ တစ်လီတာရောင်းဈေးနှုန်းတို့ကား အနည်းငယ်ကွာသည်မှအပ ဈေးနှုန်းပုံမှန်ဖြစ်ကြောင်း တွေ့ရသည်။

ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်များ၏ ရောင်းချမှုစနစ် ကောင်းမွန်မှု၊ အချိန်အတွယ်မှန်ကန်မှု၊ စက်သုံးဆီအရည်အသွေး ပြည့်ဝမှုတို့ကြောင့် ဝယ်ယူသူများ ပိုမိုအားပေးလာကြသည်။

“ အောက်တိန်းနှင့် ဒီဇယ်ဆီများကို ၂၄ နာရီ ရောင်းချပေးပါသည်” ဟု ကြေညာထားသည့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗညားဒလလမ်းရှိပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်၏ ဇန်နဝါရီ ၁၆ ရက်နှင့် ယခုဖေဖော်ဝါရီ ၁၆ ရက်တို့၏ စက်သုံးဆီတစ်လီတာ အရောင်းဈေးနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၂၀၁၃ခု ဇန်နဝါရီ ၁၆ ရက်	ကျပ်	၂၀၁၃ခု ဖေဖော်ဝါရီ ၁၆ ရက်	ကျပ်
အဆင့်မြင့်ဒီဇယ်	၈၉၀	အဆင့်မြင့်ဒီဇယ်	၉၀၀
ဓာတ်ဆီ	၈၁၅	ဓာတ်ဆီ	၈၁၅
အောက်တိန်း	၈၇၀	အောက်တိန်း	၈၇၀
ဒီဇယ်	၈၆၀	ဒီဇယ်	၈၆၀

(မွန်ချစ်)

သစ်ပင်စိုက်လျှင် ဒို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

မန္တလေးနှင့် အထက်မြန်မာပြည်သတင်း

ပြင်ဆင်ရန်လိုအပ်နေသည့် ငလျင်ဒဏ်သင့် ရှေးဟောင်းစေတီတော်များ

နီနီ(မန္တလေး)

ရေးမယ်ရေးမယ်နဲ့ အကြောင်းကြောင်းကြောင့် မရေးဖြစ်ခဲ့။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာလကုန်တဲ့ နေ့ကပေါ့။ စာရေးသူအလုပ်ကိစ္စနဲ့ ရွှေဘိုခရိုင်ကို ရောက်နေတယ်။ ၂၀၁၂ ခုနှစ်ကုန်လို့ ၂၀၁၃ ခုနှစ်ကို တိုးဝင်တော့မယ့် ဒီဇင်ဘာလရဲ့ နောက်ဆုံးနေ့ဆိုပါတော့။ စာရေးသူအနေနဲ့ နှစ်ဟောင်းကုန်လို့ နှစ်သစ်စတဲ့ နေ့တွေမှာ ကောင်းမှုတစ်ခု ကုသိုလ်ပြုလေ့ပြုထရှိတာမို့ ရွှေဘိုခရိုင်ကို ရောက်တုန်း ရှေးဟောင်းသမိုင်းဝင် စေတီပုထိုးများရှိတဲ့ ငါးတင်းကြီးကျေးရွာကို သတိရလိုက်မိတယ်။

ငါးတင်းကြီးကျေးရွာဆိုတာ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်မှာရှိပြီး ခင်ဦးမြို့ရဲ့ အရှေ့ဘက် ၁၂ မိုင်အကွာ မင်းဝံတောင်စွယ်ကုန်းထိပ်ပေါ်မှာ တည်ရှိပါတယ်။ အလွန်ကြမ်းတမ်းတဲ့ လမ်းတွေကို စာရေးသူရဲ့ကားလေးနဲ့ ခက်ခဲစွာ ဂရုစိုက်မောင်းနှင်ရင်း ငါးတင်းကြီးကျေးရွာအုပ်စု ငါးတင်းကြီးကျေးရွာကို ညနေပိုင်းမှာ ရောက်သွားခဲ့တယ်။ ငါးတင်းကြီးကျေးရွာကို ရောက်ပြီဆိုတာနဲ့ ရှေးဟောင်းသမိုင်းဝင်စေတီပုထိုးတော်များကို အနီးကပ်ထိန်းသိမ်းစောင့်ရှောက်နေတဲ့ အုတ်ဖိုဦးကျောင်းဟောင်းတိုက် သမိုင်းသစ်အုတ်ကျောင်းကို တန်းသွားခဲ့ပါတယ်။ ဘုန်းတော်ကြီးကျောင်းကို ရောက်တော့ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဇနိတသာရ ဆရာတော်ကို ဦးသုံးကြိမ်ချပြီး စာရေးသူရောက်လာရခြင်း ရည်ရွယ်ချက်ကို လျှောက်ထားပါတယ်။ ဆရာတော်ကလည်း ဒကာကြီးရဲ့ ရည်ရွယ်ချက်က ကောင်းတယ်လို့ မိန့်တော်မူပါတယ်။ ဆရာတော်က ဒကာကြီးနဲ့တွေ့ရတာ အတော်ပဲလို့ အစချီပြီး ၂၀၁၂ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်မှာ လှုပ်ခဲ့တဲ့ သပိတ်ကျွန်းမြေငလျင်ကြောင့် ရှေးဟောင်းသမိုင်းဝင်စေတီတော်များနဲ့ ကျောင်းအတွင်း ထိခိုက်ပျက်စီးမှုများကို အသေးစိတ် မိန့်တော်မူပါတယ်။

စာရေးသူလည်း ဆရာတော် ခေါ်ရာကိုလိုက်ပါလို့ ဆရာတော်ရဲ့ ကျောင်းတိုက်အရှေ့ဘက်မှာ တည်ရှိနေတဲ့ ရှေးဟောင်းသမိုင်းဝင် လစကြာ၊ ဝစကြာ၊ ငြိမ်းချမ်းစကြာစေတီတော် သုံးဆူမြေငလျင်ဒဏ်ကြောင့် ပျက်စီးနေမှုများကို ကြေကွဲဖွယ်ရာ မြင်တွေ့လိုက်ရပါတယ်။

ရှေးဟောင်းသမိုင်းဝင် စေတီတော်သုံးဆူမှာ တောင်-မြောက် တန်းလျက်တည်ရှိပါတယ်။ တောင်ဘက်အစွန်ဆုံးမှာ တည်ရှိနေတဲ့ အေဒီ ၁၂၇၅ ခုနှစ်က ရှေးဟောင်းသမိုင်းဝင် လစကြာစေတီတော်ကြီးမှာ ငလျင်ဒဏ်ကြောင့် ပစ္စယာများ အက်ကွဲကုန်ပြီး စေတီတော်ရဲ့ စိန်ဖူးတော်မှာလည်း မြေခခဲ့ရတာကို တွေ့မြင်ရပါတယ်။

မြောက်ဘက်အစွန်ဆုံးမှာ တည်ရှိတဲ့ အေဒီ ၁၂၈၀ ခုနှစ်က ရှေးဟောင်းသမိုင်းဝင် ငြိမ်းချမ်းစကြာစေတီတော်မြတ်မှာလည်း ဖိနပ်တော်နဲ့ ပလ္လင်တော်အက်ကွဲကာ စိန်ဖူးတော်မှာလည်း မြေခခဲ့ရပါတယ်။ အလယ်မှာတည်ရှိနေတဲ့ အေဒီ ၁၁၄၃ ခုနှစ်က ဝစကြာစေတီတော်မြတ်မှာလည်း လေးဖက်လေးတန်မှပစ္စယာများ အက်ကွဲကုန်ပြီး ကြာမှောက်များ ကွာကျခဲ့ပါတယ်။ အောက်ဆုံးသုံးခုမြောက် ဖောင်းရစ်အထက်ပတ်ပတ်လည်မှာလည်း ကွဲအက်ပျက်စီးကုန်ပြီး စိန်ဖူးတော်မှာလည်း မြေသို့ခခဲ့ရကာ ပျက်စီးမှုအများဆုံး ရှေးဟောင်းသမိုင်းဝင်စေတီတစ်ဆူအဖြစ် တွေ့မြင်ခဲ့ရပါတယ်။

အလားတူ ဆရာတော်သီတင်းသုံးတဲ့ ကျောင်းတိုက်မှာလည်း သမံတလင်းများနဲ့ ကျောင်းနံရံများ အက်ကွဲကုန်ကြပြီး ဘုန်းတော်ကြီးသုံး ကုဋ္ဌိအမိုးများ ကျိုးပဲ့ကွာကျနေပါတယ်။ ဒေသခံမျိုးဆက်သစ် ကလေးများ ပညာသင်ကြားနေတဲ့ စာသင်ဆောင်များရဲ့အောက်ခြေ ကွဲအက်ပျက်စီးကုန်ပြီး ကျောင်းသားအိမ်သာ ငါးခန်းတွဲမှာလည်း အက်ကွဲပျက်စီးကုန်တာကို တွေ့ခဲ့ရပါတယ်။

ဒါနဲ့ စာရေးသူလည်း ငလျင်ဒဏ်ကြောင့် တန်ဖိုးကြီးမားတဲ့ ရှေးဟောင်းသမိုင်းဝင်စေတီတော်များ ပျက်စီးမှုတွေနဲ့ နိုင်ငံတော်အကြီးအကဲများ အလွန်အလေးထားတဲ့ ဒေသခံမျိုးဆက်သစ်ကလေးငယ်များ ပညာသင်ကြားရေး အဆောက်အအုံများ ပျက်စီးမှုတွေကို ဓာတ်ပုံရိုက်ပြီး ခရိုင်နှင့် တိုင်းဒေသကြီးအပြင် သက်ဆိုင်ရာယဉ်ကျေးမှုဝန်ကြီးဌာနကိုပါ ဓာတ်ပုံနှင့်တကွ စာရေးတင်ပြဖို့ အကြံပြုခဲ့ပါတယ်။ စာရေးသူလဲ နှစ်သစ်မှာ ကောင်းမှုကုသိုလ်ပြုဖို့ ဆရာတော်ရဲ့ ကျောင်းမှာ ညအိပ်ခဲ့ပါတယ်။

၂၀၁၂ ခုနှစ်ကုန်တဲ့ ည ၁၂ နာရီထိုးတာနဲ့ ၂၀၁၃ ခုနှစ်ကို တိုးဝင်စမှာပဲ စာရေးသူလဲ ရှေးဟောင်းသမိုင်းဝင်စေတီတော်များဆီကို သွားရောက်ဖူးမြော်ပြီး စာရေးသူရဲ့ ပျံ့လွင့်နေတဲ့ စိတ်တွေကို စုစည်းနိုင်ဖို့ စေတီတော်များကို မျက်နှာမူကာ တရားထိုင်မိပါတယ်။ မျက်စိကိုမှိတ် နှာသီးဖျားမှာ တို့ထိနေတဲ့ ဝင်လေထွက်လေကို မှတ်ကာ ကစဉ့်ကလျား စိတ်တွေကို စုစည်းနိုင်အောင် ကြိုးစားခဲ့ပေမယ့် စာရေးသူရဲ့ စိတ်တွေကမငြိမ် ငလျင်ဒဏ်ကြောင့် ပျက်စီးနေမှုတွေဆီကိုသာ အာရုံရောက်နေပါတယ်။

စာရေးသူရဲ့စိတ်တွေက အဆိုပါ ရှေးဟောင်းသမိုင်းဝင် စေတီတော်မြတ်တွေကို ခက်ခက်ခဲခဲ ပြန်လည်ထိန်းသိမ်းခဲ့တဲ့ အဲဒီတုန်းက ယဉ်ကျေးမှု ဒုတိယဝန်ကြီး ဦးစိုးညွန့်(ငြိမ်း)ကို ထင်ထင်ရှားရှား မြင်နေရပြန်ပါတယ်။ ဒုတိယဝန်ကြီး ဦးစိုးညွန့် (ကဗျာဆရာကြီး ဒေါက်တာထီလာစစ်သူ) ဟာ အဆိုပါ ရှေးဟောင်းသမိုင်းဝင် စေတီတော်များ ထိန်းသိမ်းမှုလုပ်ငန်းများကို ၁၉၉၄-၉၅ ခုနှစ်ခန့်က အောင်မြင်စွာ ဆောင်ရွက်ထိန်းသိမ်းနိုင်ခဲ့ပါတယ်။ မန္တလေးမှာရုံးစိုက်တဲ့ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးနဲ့ ရှေးဟောင်းသုတေသနပညာရှင်များဟာ နှစ်ကြိမ်တိုင်တိုင် လမ်းကြမ်းတွေကို ခက်ခဲစွာဖြတ်သန်းပြီး ငါးတင်းကြီးကျေးရွာ အရောက် ကွင်းဆင်းစစ်ဆေးကာ ရာစုနှစ်တွေ တွက်ချက်လို့ ရှေးဟောင်းသမိုင်းဝင်စေတီတော်များဖြစ်ကြောင်း အသိအမှတ်ပြုပြီး ဘဏ္ဍာငွေများ ချပေးလို့ အောင်မြင်စွာ ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ပါတယ်။

ရှေးဟောင်းသမိုင်းဝင်စေတီတော်မြတ်များ ပြန်လည်ထိန်းသိမ်းရာမှာ အနီးကပ်ပံ့ပိုးကူညီခဲ့တဲ့ သမိုင်းသစ်အုတ်ကျောင်း ဆရာတော်အနေနဲ့ ဒေသခံရွာသူ ရွာသားများရဲ့ သားသမီးများ မိမိတို့နိုင်ငံရဲ့ မျိုးဆက်သစ်ကလေးငယ်များရဲ့ ပညာရေးအတွက်လည်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဖြစ်မြောက်အောင် စီမံဆောင်ရွက်ကာ ကလေးငယ်များရဲ့ ပညာရေးကို ယနေ့အထိ အခက်အခဲတွေ လိုအပ်မှုတွေကြားမှ မလျှော့သောဇွဲနဲ့ ကျောင်းသား ၂၀၀ ကို ပညာသင်ကြားပေးလျက် ရှိနေတာတွေကိုလည်း တွေ့မြင်ရပါတယ်။ စာရေးသူလည်း ပျံ့လွင့်နေတဲ့စိတ်တွေကို တစ်နေရာတည်းမှာ စုစည်းနိုင်ဖို့ တရားမှတ် တရားထိုင်လို့ မရတော့ဘဲ ငလျင်ဒဏ်သင့်ကာ ပျက်စီးနေရှာတဲ့ အလွန်တန်ဖိုးကြီးတဲ့ ရှေးဟောင်းသမိုင်းဝင် စေတီတော်များကို ဦးသုံးကြိမ်ချကာ စိတ်မချမ်းမြေ့စွာနဲ့ ဆရာတော်ကျောင်းဆီကို ပြန်လျှောက်လာခဲ့ပါတော့တယ်။ အရုဏ်တက်ချိန်မှာတော့ စာရေးသူရဲ့နှစ်သစ်ကူး အလှူပွဲလေးကိုအကျဉ်းရုံး ပြုလုပ်ကာ ရေစက်သွန်းချအမျှပေးဝေခဲ့ပါတယ်။

အုပ်ချုပ်ရေးမှူးများသည် အခြေခံကျသော အုပ်ချုပ်ရေးအဖွဲ့ဖြစ် မိမိရပ်ရွာ ဖွံ့ဖြိုးတိုးတက်ရေးကို မှန်မှန်ကန်ကန် ကူညီဆောင်ရွက်

မန္တလေး ဖေဖော်ဝါရီ ၁၆

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်သည် တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအောင်ငွေးကျော်၊ လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဝင်းလှိုင်တို့ လိုက်ပါလျက် ဖေဖော်ဝါရီ ၈ ရက် နံနက် ၈ နာရီတွင် ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် စဉ့်ကူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လည်းကောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းသို့ သွားရောက်ပြီး ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၏ လုပ်ငန်းတာဝန်များ၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ တွေ့ဆုံမှာကြားသည်။

ရှေးဦးစွာတိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်းပြောကြားရာ၌ လူထုက အမှန်တကယ်ယုံကြည်အားကိုး၍ ရွေးချယ်တင်မြှောက်ထားခြင်းခံရသော ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများသည် လူထုနှင့်အနီးကပ်ဆက်ဆံနေရသော အုပ်ချုပ်ရေးမှူးများဖြစ်သည့်အတွက် လုပ်ငန်းတာဝန်များကို အမှားအယွင်းကင်းစွာဖြင့် စေတနာထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ငွေရေးကြေးရေး အမှားများ မဖြစ်နိုင်စေရန် နိုင်ငံတော်က ထောက်ပံ့ကြေးနှင့် ရုံးသုံးစရိတ်များ ကူညီပံ့ပိုးပေးထားကြောင်း၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ အခြေခံကျသော အုပ်ချုပ်ရေးတာဝန်ရှိသူများဖြစ်သည့် အတွက် မိမိရပ်ရွာ ဖွံ့ဖြိုးရေးကို မှန်မှန်ကန်ကန် ကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ စာရေးဝန်ထမ်းများသည် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအား ဆုံးဖြတ်ဆောင်ရွက်မှုများ မမှားရအောင် လုပ်ထုံးလုပ်နည်းဥပဒေများနှင့်အညီ ပူးပေါင်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြပြီး မိမိဒေသကောင်းကျိုးအတွက် ဆောင်ရွက်နိုင်မည့် အုပ်ချုပ်ရေးမှူးကောင်းများဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်းနှင့် ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများအတွက် နည်းဥပဒေ လုပ်ထုံးလုပ်နည်း(၃၂)ချက်ကို ကျွမ်းကျင်ပိုင်နိုင်အောင် လေ့လာထားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ဆင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စဉ့်ကူးမြို့ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နန်းဇရာကျောင်းဆောင်ကို ပြန်လည်ပြုပြင်တည်ဆောက်မည့် အခြေအနေနှင့် ပတ်သက်၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ဝ၄ဝ)

မန္တလေး-နေပြည်တော်-တောင်ငူ နန်းတော်အဆင့်မြင့် ယာဉ်လိုင်းဖွင့်

မန္တလေး ဖေဖော်ဝါရီ ၁၆

မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်၏ နန်းတော်မော်တော်ယာဉ်လုပ်ငန်း ပြန်လည်ရှင်သန်တိုးတက်စေရေးနှင့် ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးရည်မှန်းချက်ဖြင့် နန်းတော်အဆင့်မြင့်ခရီးသည် သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ်လိုင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီတွင် နန်းတော် မော်တော်ယာဉ်ဂိတ်စခန်း မန္တလေး-ရန်ကုန်လမ်းမကြီး ပြည်ကြီးတံခွန်မြို့နယ်၌ ကျင်းပခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ဇံ တက်ရောက်ပြီး မော်တော်ယာဉ်များအား အမွှေးနံ့သာများ၊ ပရိတ်ရေများ ပက်ဖျန်းဖွင့်လှစ်ပေးသည်။

အဆိုပါဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးကျော်မင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဌေးလွင်၊ မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးစိုးမြင့်အောင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ မော်တော်ယာဉ်အသင်းဝင်များ၊ နန်းတော်အဆင့်မြင့်ခရီးသည် ပို့ဆောင်ရေးတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

"နန်းတော်" မော်တော်ယာဉ်အဆင့်မြင့်ခရီးသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ ခေတ်မီလေအိတ် (Express) မော်တော်ယာဉ်များဖြင့် မန္တလေး-နေပြည်တော်-တောင်ငူ ခရီးစဉ်များကို ဖေဖော်ဝါရီ ၁၄ ရက်မှ စတင်ပြီး နေ့စဉ်အချိန်မှန် ပြေးဆွဲခဲ့ကြောင်း သတင်းရရှိသည်။

(ဝ၂၆)

ရွှေကိုမလို ရေကိုသာလိုသည့် ညောင်ဦးက ယဉ်ဆန်းရွာ

ညောင်ဦး ဖေဖော်ဝါရီ ၁၆

ရွှေမလို ငွေမလို ရေကိုသာလိုသည်ဆိုသည့် ဒေသကျေးရွာများထဲတွင် ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ယဉ်ဆန်းရွာလည်း အပါအဝင်ဖြစ်ခဲ့သည်။ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာနမှ ဖေဖော်ဝါရီ ၁၁ ရက် ညနေ ၃ နာရီတွင် လာရောက်ပြီး စက်ရေတွင်း တူးဖော်ပေးမည်ဖြစ်ကြောင်း ပြောကြား၍ ကျေးရွာနေပြည်သူများ ပျော်မဆုံးတပြုံးပြုံး ဖြစ်ခဲ့ကြသည်။

ရပ်မိရပ်ဖများနှင့် အဆိုပါ ယဉ်ဆန်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်စောတို့နှင့် ရေတွင်းတူးမည့်နေရာ၌ ပန္နက်တိုင်များစိုက်ထူပြီး နံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ဖေဖော်ဝါရီ ၁၄ရက် နံနက် ၉ နာရီတွင် ရေတွင်းတူးရန် စက်အဖွဲ့များ ရောက်ရှိလာသဖြင့် ကျေးရွာနေပြည်သူအင်အား ၂၀၀ကျော်က ဝမ်းသာအားရ ကြိုဆိုနှုတ်ဆက်ကြသည်။ (ဓာတ်ပုံ)

ထိုကဲ့သို့ ပြည်သူကို အလေးထားသော၊ ဘယ်အချိန်ကာလကမျှ မရရှိခဲ့ဖူးသော အခွင့်အရေးတစ်ရပ်ကို နိုင်ငံတော်က ဒေသခံပြည်သူများ၏ အကျိုးရှေးရှုပြီး စက်ရေတွင်း တူးဖော်ရေးလုပ်ငန်းကို ဆောင်ရွက်ပေး၍ ရွှေမလို ငွေမလို ရေကိုသာလိုသည့် အညာဒေသနေပြည်သူများ ရေအတွက် ရတက်အေးပြီး စိတ်ချမ်းသာရပြီဖြစ်ကြောင်း ယဉ်ဆန်းကျေးရွာသား ဦးလှရွှေထံမှ ကြားသိခဲ့ရသည်။

(ဦးကျော်ဌေး)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းသတင်း

မန္တလေးအဝေးသင်တက္ကသိုလ် (၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပမည်

မန္တလေး ဖေဖော်ဝါရီ ၁၆

မန္တလေးအဝေးသင်တက္ကသိုလ်၏ ၂၀၁၁ ပညာသင်နှစ် ၂၀၁၁ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာလများတွင် ကျင်းပခဲ့ပြီးသော ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဥပဒေဘွဲ့စာမေးပွဲများကို အောင်မြင်ပြီး ဘွဲ့တက်ရောက်ယူရန် လျှောက်ထားပြီးသောသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးတက္ကသိုလ်နယ်မြေ ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

(၁၅)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖေဖော်ဝါရီ ၂၇ ရက်မှ ဧပြီ ၂ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း၊ ဘွဲ့ဝတ်စုံငှားရမ်းခြင်းကို မိမိနှင့်သက်ဆိုင်သည့် အစမ်းလေ့ကျင့်မည့်နေ့ရက်နှင့် ဘွဲ့တက်ရောက်ယူမည့်နေ့ရက်မတိုင်မီ ကြိုတင်၍ မန္တလေးအဝေးသင်တက္ကသိုလ်ထုတ်လုပ်ရေးဌာနတွင် ဖွင့်လှစ်ထားသော ဘွဲ့ဝတ်စုံငှားရမ်းဌာနတွင် ငွေသွင်းပြေစာပြသ၍ ဘွဲ့နှင်းဌာနထောက်ခံစာဖြင့် ငှားရမ်းနိုင်ကြောင်း သိရှိရသည်။

ဘွဲ့နှင်းသဘင် တက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာနှင့်အညီ ဝတ်စားဆင်ယင်မှုများကို ဝတ်ဆင်ကြရန်နှင့် သရုပ်ပျက်ဝတ်စားဆင်ယင်လာသူများကို အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနားများကို လုံးဝတက်ရောက်ခွင့်မပြုကြောင်း သက်ဆိုင်ရာစာမေးပွဲနှင့် ဘွဲ့နှင်းသဘင်ဌာန မန္တလေးအဝေးသင်တက္ကသိုလ်မှ ကြေညာချက် ထုတ်ပြန်ထားကြောင်း သိရှိရသည်။

ခင်ခင်ဝင်း(ပညာရေး)

အခြေခံ ရှေးဦးပြုစုခြင်း သင်တန်းဆင်း

မန္တလေး ဖေဖော်ဝါရီ ၁၆

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးဦးစီးဌာနလက်အောက်ရှိ မန္တလေးနည်းပညာတက္ကသိုလ် ကြက်ခြေနီအသင်းနှင့် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီတို့ပူးပေါင်းဖွင့်လှစ်သော ဒုတိယအကြိမ် အခြေခံရှေးဦးပြုစုခြင်းသင်တန်း ၁/၂၀၁၃ ဆင်းပွဲကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲက အဆိုပါ တက္ကသိုလ် သုံးထပ်ပင်မဆောင်ခန်းမ၌ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာအေးမြင့်က သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရ မောင်ဝင်းထွဋ်လင်း၊ ဒုတိယဆုရ မလဲ့လဲ့ပြုံး၊ တတိယဆုရ မောင်မင်းသူအောင်နှင့် နှစ်သိမ့်ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်သည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဦးစီးမှူးပထမတန်း ဦးဘုန်းကျော်က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ဝ၄ဝ)**

မူးယစ်ဆေးဝါးဖမ်းဆီးရမိ

မော်လူး ဖေဖော်ဝါရီ ၁၆

ဖေဖော်ဝါရီ ၁၀ ရက်ည ၇ နာရီ ၄၅ မိနစ်ခန့်က အင်းတော်မြို့နယ် မော်လူးစခန်းမှူးရဲအုပ်ဇော်ဝင်း ၏ ညွှန်ကြားချက်အရ ဒုရဲအုပ် အောင်အောင်သန်း၊ ဒုရဲအုပ်မင်းသိန်းထွန်း၊ သက်သေ မန်ဟဲကျေးရွာ မီးသတ်တပ်စုမှူး ဦးဝင်းသိန်း၊ မော်လူးမှ သံချောင်းနှင့်အဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ မန်ဟဲအုပ်စုမလူးကျေးရွာနေ နှင်းမောင်၏ နေအိမ်ကို ရှာဖွေရာ နှင်းမောင်ဝတ်ဆင်ထားသော အစိမ်းကွက်ရှပ်အင်္ကျီလက်တိုဘယ်ဘက်အိတ်အတွင်းမှ ဘိန်းဖြူဟု ယူဆရသော အဖြူရောင်အမှုန့်အလေးချိန် ၀ ဒသမ ၂၅၅ ဂရမ်ခန့်ပါ ပင်နယ်စလင်တစ်လုံး၊ အစိမ်းရောင် ဂက်စ်မီးခြစ်တစ်လုံး တွေ့ရှိ၍ မူးယစ်ဆေးဝါးဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပြီး အမှုမှန်ပေါ်ပေါက်ရေးအတွက် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

အလားတူ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က မူးယစ်ဆေးဝါးသတင်းအရ မြေပလ္လင်ကျေးရွာအနောက်ဘက်၊ မြောက်ဘက်ခြမ်းတံတားအနီးစောင့်ဆိုင်းနေစဉ် မြေပလ္လင်ကျေးရွာနေ မချောစု လမ်းလျှောက်လာနေသည်ကို တွေ့ရှိ၍ ရပ်တန့်စစ်ဆေးရာ ၎င်းဝတ်ဆင်ထားသည့် လုံချည်ညာဘက်ခါးတွင် လိပ်၍ ယူဆောင်လာသော ဘိန်းဖြူဟု ယူဆရ သော အဖြူရောင်အမှုန့်အလေးချိန် ၂ ဒသမ ၅ ဂရမ်ခန့်ပါ အရက်ပြန်ဘူး အတွင်းထည့်လျက် ပလတ်စတစ်ကော်ဘူးတစ်ဘူး၊ ဘိန်းဖြူချိန်တွယ်ရာတွင် အသုံးပြုသည်ဟု ယူဆရသော ပင်နယ်စလင်အခွံလွတ်တစ်ဘူး၊ ဝမ်းတူးအမျိုးအစား အဝါခံအပွင့်ပါ မိန်းမဝတ်လုံချည်တစ်ထည်တို့ကို ရှာဖွေတွေ့ရှိ၍ ရှာဖွေပုံစံဖြင့် သိမ်းဆည်းရမိခဲ့သဖြင့် မူးယစ်ဆေးဝါးဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပြီး မြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(နီတိုး)

ပြည်ထောင်စုနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၆

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် စစ်တုရင်ပြိုင်ပွဲနှင့် ဘောလုံးပြိုင်ပွဲဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၅ ရက် ညနေ ၄ နာရီက ချမ်းမြသာစည်မြို့နယ် အားကစားကွင်း၌ ကျင်းပရာ ဘောလုံးပြိုင်ပွဲတွင် ချမ်းမြသာစည်မြို့နယ်ဌာနဆိုင်ရာပေါင်းစုံ အသင်းနှင့် စိမ်းရတနာအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြပြီး ဒုတိယပိုင်းပြီးသည်အထိ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့၍ ပယ်နယ်တီယှဉ်ပြိုင်ကန်ရာမှ မြို့နယ်ဌာနဆိုင်ရာပေါင်းစုံအသင်းက ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ ကျင်းပရာ စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရ ကျော်လေးထိုက်၊ ဒုတိယဆုရ ခင်မောင်ဝင်းနှင့် တတိယဆုရ ဇော်ထွန်း၊ ဘောလုံးပြိုင်ပွဲတွင် နေရာအလိုက် အကောင်းဆုံး ဆုရရှိသူများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆုရသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ကြသည်။

ထို့နောက်ပြိုင်ပွဲတွင် ပထမဗိုလ်စွဲသည့် ချမ်းမြသာစည်မြို့နယ်ဌာနဆိုင်ရာ ပေါင်းစုံအသင်းအား ချမ်းမြသာစည်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက ပထမတံခွန်စိုက်ဆုဖလားကို ချီးမြှင့်လိုက်ကြောင်း သိရသည်။ **(ဝ၄ဝ)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်း ချက်ပြုတ်ခြင်းမပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူး သတိပြုသုံးစွဲရန်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်းနှင့် အဆင့်မြင့်သင်တန်းဆင်း

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ယနေ့သည် အသိပညာခေတ် (Knowledge era) ဖြစ်သောကြောင့် လူတစ်ဦးချင်းစီ၏ အသိပညာမြင့်တက်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း။ ဤ Institute တွင် နိုင်ငံတကာကုန်သွယ်မှုနှင့် ဆိုင်သော လက်တွေ့လုပ်ငန်းများ၊ သီအိုရီသဘောတရားများ၊ နိုင်ငံတကာ အတွေ့အကြုံများကို အသေးစိတ် သင်ကြားပို့ချပေးနေပါကြောင်း၊ ယခင်က အာရှနိုင်ငံများနှင့်သာ အဓိက ကုန်သွယ်မှုစနစ် South-South Trading မှ ယခုတစ်ကမ္ဘာလုံး ကုန်သွယ်မှုစနစ် Global Trading System ဖြစ်လာရန်ရှိသောကြောင့် ကုန်သွယ်မှုအခွင့်အလမ်းကောင်းများ ပိုမိုရှိလာပြီဖြစ်ကြောင်း၊ ဤအခြေအနေတွင် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့်အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများကျွမ်းကျင်စွာ လုပ်ကိုင်နိုင်သော လူသားအရင်းအမြစ် ဖွံ့ဖြိုးမှု အထူးလိုအပ်နေပါကြောင်း။

ထို့အတွက် Trade Training Institute ကို ၂၀၁၂ ခုနှစ် မေလမှ စတင်တည်ထောင်ခဲ့ပါကြောင်း၊ ပထမအကြိမ် အခြေခံသင်တန်းတွင် သင်တန်းသား ၈၈ ဦးတက်ရောက်ခဲ့ပြီး ယခုဒုတိယမြောက် အခြေခံသင်တန်းတွင် ၈၅ ဦးနှင့် အဆင့်မြင့်သင်တန်းတွင် ၄၅ ဦး တက်ရောက်ခဲ့ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် ထိရောက်သော ကုန်သွယ်မှုမြှင့်တင်ရေးပေါ်လစီ အောင်မြင်စေရန် လူသားအရင်းအမြစ်ဆိုင်ရာ သင်တန်းများကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သင်တန်းသားများအနေဖြင့်တတ်မြောက်ထားသည့် ကုန်သွယ်ရေးဆိုင်ရာ ဗဟုသုတများကို လက်ဆင့်ကမ်းဖြန့်ဝေရန် လိုအပ်သကဲ့သို့ သင်ကြားပို့ချချက်များကို လက်တွေ့အသုံးချပြီး ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးမှုမှတစ်ဆင့် လုပ်ငန်းများတိုးတက်ရေး၊ ၎င်းမှတစ်ဆင့် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးရုံးခွဲရှိ Trade Training Institute ၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာကုန်သွယ်မှု အခြေခံသင်တန်းအမှတ်စဉ် ၂ နှင့်အဆင့်မြင့်သင်တန်းအမှတ်စဉ် ၁ သင်တန်းဆင်းပွဲ၌ တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းအောင်မြင်သူများအား Certificate များပေးအပ်ပြီး **(အပေါ်ပုံ)** ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးနှင့် စီမံကိန်းဝန်ကြီး ဦးသန်းမြင့်က ကုန်သွယ်မှုဆိုင်ရာ သင်တန်းများ အရေးပါမှုနှင့် လိုအပ်ချက်များကို ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရာသီဥတုပူပြင်းလာခြင်းနှင့် အပြိုင် အန္တရာယ်ပေးလာနိုင်သည့် ခွေးရူးပြန်ရောဂါ

ရန်ကုန် ဖေဖော်ဝါရီ ၁၆

ရာသီဥတု စတင်ပူပြင်းစပြုလာပြီး နွေဦးရာသီဝင်စ ယခုကာလ၌ ရပ်ကွက်များအတွင်း လှည့်လည်သွားလာနေထိုင်ကြသည့် ခွေးအချို့အား ခွေးရူးရောဂါဖြစ်ပွားခြင်းရှိ မရှိ သတိပြု စောင့်ကြည့်နေကြရကြောင်း ရန်ကုန်မြို့ရှိ မြို့နယ်များအတွင်း၌ ကြားသိရသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ တိရစ္ဆာန်ရောဂါကုသရေးနှင့် မွေးမြူရေးဆိုင်ရာ ဆရာဝန်တစ်ဦးဖြစ်သူ ဒေါက်တာ ချမ်းမြေ့အောင်အား တွေ့ဆုံမေးမြန်းကြည့်ခဲ့ရာ "ရာသီဥတုပူပြင်းလာရင် သတိထားရမယ်။ ခွေးရူးပြန်ရောဂါက အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဖြစ်ပွားမှုနှုန်းမြင့်တယ်လို့ သတ်မှတ်ရမယ့်အထဲမှာ ပါပါတယ်။ အဓိကကတော့ စနစ်တကျနဲ့ ကာကွယ်ဆေးထိုးမှုအပိုင်းမှာ အားနည်းတာနဲ့ အိမ်မွေးတိရစ္ဆာန်တွေကို တာဝန်ယူမှုနဲ့ ကြိုတင်ကာကွယ်မှုတွေပြုလုပ်ကြရမယ်ဆိုတဲ့အမြင်တွေ အားနည်းတာကြောင့် ဖြစ်ပါတယ်။ ဒီမှာက ပိုင်ရှင်မဲ့ခွေးတွေ လမ်းပေါ်မှာ အများကြီးရှိနေတာကြောင့်လည်း အခုလို ခွေးရူးရောဂါပိုမိုဖြစ်ပွားရတယ်"ဟု ပြောကြားသည်။ ခွေးရူးပြန်ရောဂါဖြစ်ပွားမှုများ၌ အများစုမှာ ကလေးများနှင့် အသက်အရွယ်ကြီးရင့်သူများ အများဆုံးကူးစက်ခံရလေ့ရှိကာ ရောဂါပိုးရှိသည့် လမ်းဘေးခွေးများနှင့် အိမ်မွေးတိရစ္ဆာန်များဖြစ်သည့် ခွေးနှင့် ကြောင်တို့၏ အကိုက်ခံရလျှင်ဖြစ်စေ ၎င်းတို့၏ခံတွင်းမှ သွားရည်များနှင့် လူတို့၏ အနာရှိသည့် ခြေ၊ လက် စသည်တို့နှင့် ထိတွေ့လျှင်ဖြစ်စေ၊ ရောဂါကူးစက်ကာ အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးစေသည်အထိ ဖြစ်စေနိုင်ကြောင်း သိရှိရသည်။ "အိမ်မှာ ခွေး၊ ကြောင် မွေးမယ်ဆိုရင် ကျိန်းသေခွေးရူးပြန်ရောဂါ ကာကွယ်ဆေးကို ထိုးထားသင့်ပါတယ်။ နောက်တစ်ခုက အချိန်မရွေးနဲ့ အထူးသဖြင့် ရာသီဥတုပူပြင်းလာတဲ့အချိန်တွေမှာ လမ်းသွားရင်း လမ်းဘေးခွေးတွေ့ရင် အတတ်နိုင်ဆုံး ရှောင်ရှားပြီး သတိထားသင့်ပါတယ်။ သူတို့ရဲ့ ရောဂါလက္ခဏာတွေဖြစ်တဲ့အမြီးတွေ ကုပ်နေမယ်၊ မျက်လုံးသူငယ်အိမ်ငြိမ်နေမယ်၊ သွားရည်တွေကျနေမယ်၊ လည်ကုပ်ကအောက်ကို စိုက်နေမယ်ဆိုရင် ပုံမှန်မဟုတ်တဲ့အခြေအနေလို့ နားလည်ပြီး အတတ်နိုင်ဆုံး ကာကွယ်တားဆီးသင့်ပါတယ်။ အမှန်က ကာကွယ်ဆေးထိုးရင် ကုသလို့ရနိုင်တဲ့ရောဂါတစ်ခုဖြစ်ပေမယ့် ကာကွယ်မှုမရှိလို့ ဖြစ်ရတာကြောင့် မဖြစ်ပွားသင့်တဲ့ ကိစ္စရပ်ပါပဲ။ အခု မြန်မာနိုင်ငံအနေနဲ့ဆိုရင် လူတွေမှာကူးစက်တဲ့ ခွေးရူးပြန်ရောဂါကို အမှန်တကယ်ကာကွယ်တားဆီးပြီး စိုးရိမ်တတ်သူတွေက တစ်နိုင်ငံလုံးမှာ ဆယ်ရာခိုင်နှုန်းတောင်ပြည့်မယ်မထင်ပါဘူး။ အဲဒါကြောင့်လည်း သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာနက စာရင်းတွေထဲမှာ နှစ်စဉ် ခွေးရူးပြန်ရောဂါဖြစ်ပွားသူ ဦးရေရဲ့ ရာခိုင်နှုန်းအပြည့်နီးပါး အသက်ဆုံးရှုံးခြင်းကို ခံစားနေရတာပါ" ဟု ဒေါက်တာချမ်းမြေ့အောင်က ရှင်းပြသည်။

အကယ်၍ မိမိအိမ်မွေးသတ္တဝါများဖြစ်သည့် ခွေးများနှင့် ကြောင်များက ကိုက်ခဲသည့်အခါဖြစ်စေ၊ ပြင်ပမှခွေးများ၊ ကြောင်များ ကိုက်ခဲသည့်အခါဖြစ်စေ မဖြစ်မနေ ကာကွယ်ဆေးထိုးဖြစ်အောင် ထိုးသင့်ပြီး သတိထားစောင့်ကြည့်သင့်ကြောင်း သိရှိရသည်။

"ကျွန်မတို့ ရပ်ကွက်ထဲမှာက ခွေးလေခွေးလွင့်တွေအများကြီးရှိပါတယ်။ ပြီးခဲ့တဲ့ တစ်ပတ်လောက်က ခွေးတစ်ကောင်ရူးသလို ဖြစ်နေပြီး သွားရည်တွေလည်းကျနေ၊ အမြီးလည်းကုပ်နေလို့ သတိထားနေနေကြတာ၊ သတင်းစာပို့တဲ့ကလေးတစ်ယောက်ကို လိုက်ကိုက်လို့ ရပ်ကွက်ကလူငယ်တွေက ဝိုင်းပြီး သတ်လိုက်ရတယ်။ အရင်နှစ်တွေတုန်းကတော့ စည်ပင်က လမ်းတွေမှာ အဆိပ်ပါတဲ့ အသားတုံးတွေ ပစ်ကျွေးတာကြုံဖူးတယ်။ တစ်နှစ်ကို တစ်ကြိမ်လောက်တော့ အဲဒီလိုလုပ်သင့်တယ်လို့ မြင်မိပါတယ်။ မတော်လို့ ကိုက်မိရင်လည်း လူအများစုက ကာကွယ်ဆေးထိုးဖို့ ငွေကြေးမတတ်နိုင်သူတွေဖြစ်နေလို့ပါ" ဟု ဒဂုံဆိပ်ကမ်း မြို့နယ် ၉၃ ရပ်ကွက်မှ အမျိုးသမီးတစ်ဦးက ပြောကြားသည်။

ခွေးရူးပြန်ရောဂါသည် ကမ္ဘာပေါ်တွင် တစ်နာရီလျှင် လူပေါင်းလေးဦးနှုန်းနှင့် သေဆုံးမှုဖြစ်ပွားတတ်သည့် ရောဂါတစ်မျိုးဖြစ်ကာ အများစုမှာ ကလေးများတွင် ကူးစက်ဖြစ်ပွားတတ်ပြီး ကာကွယ်ဆေးအချိန်မီ ထိုးနှံပါက အသက်အန္တရာယ်ကို ကာကွယ်နိုင်ကြောင်း သိရှိရသည်။

"ဒေသန္တရဆေးပေးခန်းတွေမှာ ထိုးလို့ရပါတယ်။ ဒါပေမယ့် အခုခေတ်မှာတော့ အဲဒီမှာလည်း ဆေးက အဆင်သင့်မရှိတာမျိုးဖြစ်တာ ကြုံဖူးတယ်။ အပြင်ဆေးခန်းတွေမှာ ထိုးကြတာများပါတယ်။ ဈေးကလည်း ကြီးတယ်။ နောက်ပြီး ခွေးရူးပြန် ကာကွယ်ဆေးက လေးကြိမ်အပြည့် ထိုးရတယ်။ ရက်အတိအကျနဲ့ ပြန်ထိုးရတဲ့အပြင် စုစုပေါင်း ငွေကျပ်သုံးသောင်းခွဲလေးသောင်းဝန်းကျင် ကုန်ကျတဲ့အတွက် ခွေးကိုက်တိုင်း အများစု ဆေးမထိုးနိုင်ကြပါဘူး။ အကောင်းဆုံးက အန္တရာယ်ကို ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကာကွယ်တားဆီးကြပါ။ မသင်္ကာတဲ့ ခွေး၊ ကြောင်အကိုက်ခံရတာမျိုးရှိမယ်၊ လည်ချောင်းတွေနာပြီး ကိုယ်ပူလာမယ်၊ မျက်စိတွေပူပြီး အမြင်တွေမကောင်းဖြစ်လာမယ်၊ ဇောချွေးတွေပြန်လာမယ်ဆိုရင်တော့ အမြန်ဆုံး ဆေးရုံဆေးခန်းကို သွားရောက်သင့်ပါတယ်။ အချိန်မီကုသနိုင်ရင်တော့ အသက်အန္တရာယ်ကနေ ကင်းလွတ်နိုင်ပါတယ်"ဟု အထွေထွေရောဂါ ကုဆရာဝန် ဒေါက်တာစည်သူအောင်က ရှင်းပြသည်။

ခင်လေးမြင့်အောင်

ပြည်တွင်းသတင်း

နေပြည်တော်အခြေခံပညာကျောင်းများ ကျန်းမာဖွံ့ဖြိုးဉာဏ်ရည်တိုးဖို့ နွားနို့နေ့စဉ်သောက်သုံးစို့ စာစီစာကုံးပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၆

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ နို့တိုက်ကျွေးရေး စာစီစာကုံးပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီက အထက(၅)၌ကျင်းပရာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၆ဦး ဝင်ရောက်ယှဉ်ပြိုင်သည်။ အဆိုပါစာစီစာကုံးပြိုင်ပွဲကျင်းပရာသို့ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြောင်း သိရသည်။ **(ယာပုံ)**

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ နို့တိုက်ကျွေးရေး စီမံကိန်းကို ကျောင်းသား လူငယ်များနှင့် ပြည်သူများအတွင်း ပိုမိုကျယ်ပြန့်စွာ စိမ့်ဝင်ဆောင်ရွက်နိုင်ရန် နွားနို့၏အာဟာရတန်ဖိုးကို ပိုမိုသိမြင်လာပြီး နွားနို့ ပိုမိုသောက်သုံးလာစေရန် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်၍ ဉာဏ်ရည်တိုးတက်မြင့်မား လာစေရန်အတွက် တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ အခြေခံပညာ ကျောင်းများတွင် ၂၀၁၃ ဖေဖော်ဝါရီ ၁၆ ရက်၌ နို့တိုက်ကျွေးရေး စာစီစာကုံးပြိုင်ပွဲကို တစ်နေ့တည်း တစ်ချိန်တည်းကျင်းပခြင်း ဖြစ်သည်။ နွားနို့သည် ဗီတာမင်နှင့်သတ္တုဓာတ်များအပါအဝင် အာဟာရဓာတ်များ ပြည့်စုံကြွယ်ဝစွာပါဝင်သည်။ နွားနို့တစ်မျိုးတည်း သောက်သုံးခြင်းဖြင့် လူသားများ အသက်ရှင် နေထိုင်ရေးနှင့် ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည့်စုံ လုံလောက်ကြောင်း သိရှိရသည်။ **မောင်မောင်သန်း(ကော့မှူး)**

လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပျဉ်းမနား အထက(၁)၌ ဟောပြောပွဲကျင်းပ

ပျဉ်းမနား ဖေဖော်ဝါရီ ၁၆

နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် လူကုန်ကူးမှုတားဆီးကာကွယ်နှိမ်နင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ကျောင်းသား ကျောင်းသူများ စာမေးပွဲအတွက် အထောက်အကူဖြစ်စေမည့် စိတ်ဓာတ်မြှင့်တင်ရေး ဟောပြောပွဲကို ဖေဖော်ဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက အဆိုပါကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် လူကုန်ကူးမှုတာဆီးကာကွယ်နှိမ်နင်းရေးဗဟိုမှ အဖွဲ့ခေါင်းဆောင် ဒုတိယရဲမှူးကြီး ညွန့်လှိုင်က လူကုန်ကူးမှုနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ အစီအစဉ်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် စီမံရေးနှင့်လေ့ကျင့်ရေးဌာနမှ ညွှန်ကြားရေးမှူး ရဲမှူးကြီး ဝင်းခေါင်(စာရေးဆရာ-ထက်ခေါင်)က မကြာမီကျင်းပတော့မည့် အတန်းတင်စာမေးပွဲကြီးတွင် ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် စိတ်ဓာတ်မြှင့်တင်ရေးဆိုင်ရာ အကြောင်းအရာများကို ဟောပြောပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြန်လည် ပြောကြားသည်။

ထို့နောက် ရဲမှူးကြီး ဝင်းခေါင်(စာရေးဆရာ-ထက်ခေါင်) နှင့် သတင်းနှင့် မှခင်းသတင်းထောက် ဆရာခိုင်မင်း(နေပြည်တော်) တို့က ကျောင်း စာကြည့်တိုက်အတွက် စာအုပ် စာစောင်များ ပေးအပ်လှူဒါန်းပေးကြကြောင်း သိရှိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

အငှားတက္ကစီယာဉ်များ ဆွဲမကောင်းခြင်း အကြောင်းတရားသုံးပါး

ယခုတလော တက္ကစီယာဉ်ငှားစီးဖြစ်တိုင်း ယာဉ်မောင်းသူတို့နှင့် တစ်လမ်းလုံး စကားတွေအများကြီးပြောဖြစ်ခဲ့သည်။

အစကတော့ မတူသော အကြောင်းအရာများမှသည် နောက်ပိုင်း၌ရွှေ့ယာဉ်မောင်းများနှင့် ပြောဖြစ်ခဲ့သော အကြောင်းအရာတူများဆီသို့သာ ရောက်သွားခဲ့သည်။

တက္ကစီအငှားယာဉ် မောင်းသူတိုင်း၏ တစ်ထပ်တည်းကျသော ညည်းသံက "အခုနောက်ပိုင်း တက္ကစီဆွဲစားရတာ မကိုက်တော့ဘူး" ဆိုသည့် စကားပင်ဖြစ်သည်။

ဓာတ်ဆီသုံး အငှားယာဉ်တစ်စီးလျှင် အုံနာခငွေကျပ် ၁၀၀၀၀ ဖြစ်သည်။ တစ်နေ့ပျမ်းမျှ ဓာတ်ဆီ နှစ်ဂါလန်ကုန်သည်ထား တစ်ဂါလန်လျှင် ငွေကျပ် ၄၀၀၀၊ နှစ်ဂါလန်ဆိုပါက ငွေကျပ် ၈၀၀၀၊ အုံနာခ၊ ဓာတ်ဆီခ ပေါင်းလိုက်ပါက ငွေကျပ် ၁၈၀၀၀မျှ အရင်းအနှီး ရှိသည်။

CNG ဂတ်(စ်)ကားဆိုပါက အုံနာခငွေကျပ်၁၅၀၀၀၊ ဂတ်(စ်) တစ်အိုးသုံးပါက ငွေကျပ် ၂၂၀၀ စုစုပေါင်း ၁၇၂၀၀ရှိသည်။ ဓာတ်ဆီယာဉ်မောင်းတစ်ဦးက "ကားတွေက ဆွဲမကောင်းဘူးဆရာ၊ ခရီးသည်က ပိုရှားလာတယ်။ ဆီကားနဲ့ ဂတ်(စ်)ကား ရွေးစီးကြတယ်။ ကျွန်တော်တို့ဆီကားတွေက ခရီးသည်ကိုပတ်မရှာရဲဘူး။ မျှော်ရတယ်။ ပတ်တာနဲ့ ဆီကစကားပြောပြီ၊ ဂတ်(စ်)ကားနဲ့ မတူဘူး။ ခရီးတူပဲ ကျွန်တော်တို့က ငွေကျပ် ၂၅၀၀နဲ့မှ လိုက်နိုင်ပေမယ့် ဂတ်(စ်)ကားက ငွေကျပ် ၁၈၀၀နဲ့ ၂၀၀၀ လောက်နဲ့ဆစ်ရင် လိုက်နိုင်တယ်။ အဲဒီမှာတင် ငုတ်တုတ်ကျန်ခဲ့တယ်။ တစ်နေ့ကို ငွေကျပ် ၂၅၀၀၀ ရဖို့ မနည်းရှာရတယ်"ဟု တစ်လမ်းလုံး ပြောဖြစ်လာခဲ့သည်။

CNGဂတ်(စ်)ဖြင့် မောင်းသူကို ညွန့်အောင်က "ကျွန်တော်တို့ ဂတ်(စ်)ကားတွေအနေနဲ့ လမ်းပေါ်မှာ ခရီးသည်ကိုပတ်ပြီးရှာပါတယ်။ ဒါပေမယ့် ခရီးသည်ကိုမေးရတယ်၊ ယာဉ်ကြောရှင်းတဲ့လမ်းလား၊ ယာဉ်ကြောရှင်းတဲ့အချိန်လား တွက်ဆရတယ်။ နို့မို့လို့ကတော့ နာရီဝက်နဲ့ ရောက်မယ့်ခရီးကို တစ်နာရီကျော်လောက် မောင်းပေးရရင် ဂတ်(စ်)လည်း ပိုကုန်သလို အချိန်လည်း အများကြီးဆုံးရှုံးသွားတယ်"။

ဆက်၍ "ဆီကားနဲ့ ဂတ်(စ်) ကား ဘာထူးလဲ ဂတ်(စ်)ဖိုးသာ သက်သာတာ၊ အုံနာခကျတော့ ငွေကျပ် ၁၅၀၀၀ ပေးရတယ်။ လမ်းကျပ်တွေကို ရှောင်ရလို့ တစ်နေ့ ငွေကျပ် ၂၅၀၀၀ ရဖို့ကို နေ့ခင်း နေပူလို့တောင်မနားရဲဘူး။ အပေါ်ပူ အောက်ပူနဲ့ ကုန်းရုန်းရှာရတယ်" ဟု ညည်းသံကလည်းရွှေ့ယာဉ်မောင်းများနှယ် ထပ်တူထပ်မျှပင်ဖြစ်ပါသည်။

တက္ကစီယာဉ်မောင်းသူများ၏ စကားအရ သုံးသပ်ရသော် ရန်ကုန်မြို့၌ တက္ကစီယာဉ်များ ပိုမိုများပြားလာခြင်း၊ ယာဉ်ကြောကျပ်တည်းမှုများ နေရာအနှံ့ များပြားလာခြင်း၊ ခရီးသည်များရှားပါးလာခြင်းကြောင့် ယနေ့တက္ကစီယာဉ်မောင်းသူများ ဆွဲမကောင်းရခြင်းအကြောင်း တရားသုံးပါးပင်ဖြစ်တော့သည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ခရီးသည်ကို ပတ်မရှာနိုင်ဘဲမျှော်နေရသည့် တက္ကစီယာဉ်တန်းကြီးအား မဟာဝိဇယစေတီတော်ရှေ့တွင် တွေ့ရစဉ်။

ဝါရွှေစင်(ပိုးထည်တိုက်)ဆိုင်သစ်ထပ်မံဖွင့်လှစ်ခြင်း

ဝါရွှေစင်(ပိုးထည်တိုက်)၊ ဆိုင်အမှတ်(၄)အား အမှတ်(၃၉)၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်တွင် ၂၄-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ထပ်မံ၍ စတင်ဖွင့်လှစ်တော့မည်ဖြစ်ပါကြောင်း **ဝါရွှေစင်(ပိုးထည်)**၏ မိတ်ဟောင်းမိတ်သစ်များအား ကြိုတင်အသိပေး သတင်းကောင်းပါးအပ်ပါသည်။ အားပေးမှုကို အထူးပင် ကျေးဇူးတင်ရှိပါသည်။

ဆိုင် (၁) ခြံအမှတ် (၁၇)၊ မြခွာညို ၁ လမ်း၊ မြခွာညိုအိမ်ရာ (ယုဇန)၊ သာကေတမြို့နယ်၊
ဖုန်း-၀၁-၅၅၃၁၆၈၊ ၀၁-၇၀၇၆၂၀၊ ၀၉-၅၁၄၃၀၄၄

ဆိုင် (၂) အမှတ် (၁၂၅/C)၊ အနောက်ရွှေဂုံတိုင်လမ်း၊ ယုဇနဟိုတယ်ရှေ့၊ ဗဟန်းမြို့နယ်၊
ဖုန်း-၀၉-၆၅၆၅၂၂၇၊ ၀၉-၄၉၃၄၄၅၅၃၊ ၀၉-၄၉၃၄၄၅၅၆

ဆိုင် (၃) အမှတ် (၉-A)၊ သစ္စာလမ်းမကြီး၊ ရန်ကင်းမြို့နယ်၊
ဖုန်း-၀၁-၅၇၁၂၁၆၊ ၀၁-၅၆၄၅၆၅၊ ၀၉-၄၃၀၂၃၈၂၂

ဆိုင် (၄) အမှတ် (၃၉)၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်၊
ဖုန်း-၀၉-၄၂၀၀၀၆၅၂၅၊ ၀၉-၄၉၂၁၄၄၈၇၊ ၀၉-၄၉၂၁၄၄၈၉

အိမ်ကွင်းမှာ ကာဒစ်ဖ်တို့ ရှုံးကန်ရဦးမယ့် ချန်ပီယံရှစ် ပွဲစဉ် (၃၃)

အင်္ဂလန်ချန်ပီယံရှစ်ပွဲစဉ် (၃၃)ကို ဖေဖော်ဝါရီ ၁၈ ရက်နဲ့ ၁၉ ရက်တွေမှာ ဆက်လက်ယှဉ်ပြိုင်ကစားကြဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ အတန်းတက်ရရေး အားစိုက်နေကြတဲ့အသင်းတွေအားပြိုင်မှုက စိတ်ဝင်စားစရာကောင်းနေသလို အမှတ်ကွာဟမှုကလည်း တန်းတူညီမျှဖြစ်နေကြတာမို့ ပွဲတိုင်းအပြင်းအထန်တိုက်ခိုက်မှုတွေနဲ့ ပြည့်နှက်နေပါတယ်။ ဒါကြောင့် ဒီတစ်ပတ်ကစားကြမယ့် ချန်ပီယံရှစ်ပွဲစဉ်တွေကလည်း ထိပ်ပိုင်းအသင်းတွေရဲ့ ရပ်တည်မှုအနေအထားကို အပြောင်းအလဲဖြစ်သွားစေနိုင်တာမို့ အရေးကြီးတဲ့ပွဲစဉ်တွေ ဖြစ်နေပြန်ပါတယ်။

ကာဒစ်ဖ်နှင့် ဘရိုက်တန်

တန်းစီဇယားထိပ်ဆုံးက ကာဒစ်ဖ်ဟာ သတ္တမနေရာမှာရှိနေတဲ့ ဘရိုက်တန်နဲ့အိမ်ကွင်းမှာကစားရမှာမို့ပေါ့ ဆဆကစားလို့တော့ မရပါဘူး။ဘရိုက်တန်ဟာ ခံစစ်ကြောင်းမာကျောတဲ့ အသင်းဖြစ်ပြီး ပြိုင်ဘက်တိုက်စစ်မျိုးတွေကို ပါးပါးနပ်နပ်ဟန့်တားနိုင်သူတွေ ဖြစ်ပါတယ်။ ကာဒစ်ဖ်တို့က တိုက်စစ်၊ ခံစစ်ကို ဟန်ချက်ညီအောင် ကစားနိုင်ပြီး အိမ်ကွင်းမှာ အမှတ်ဆုံးရှုံးမှုမရှိအောင် အားထုတ်နိုင်ကြသူတွေ ဖြစ်ပါတယ်။ ဒီပွဲမှာ ဘရိုက်တန်တို့ မျှော်လင့်ချက်မြင့်မြင့်ထားလို့မရနိုင်တဲ့ အခြေအနေဖြစ်ပြီး ကာဒစ်ဖ်တို့ကလည်း အမှတ်ခွဲပေးဖို့တော့ စိတ်ကူးရှိမှာမဟုတ်ပါဘူး။

ခရစ္စတယ်ပဲလေ့နှင့် ဘရစ္စတိုးစီးတီး

တန်းစီဇယားမှာ ရပ်တည်မှုအနေအထားပြောင်းလဲတိုးမြှင့်နိုင်ဖို့ ဒီပွဲကို ခရစ္စတယ်ပဲလေ့တို့ ခြေကုန်ထုတ်ပါလိမ့်မယ်။ ခရစ္စတယ်ပဲလေ့ တိုက်စစ်မျိုးတွေက ဂိုးသွင်း ထက်မြက်ကြသူတွေဖြစ်တာမို့ ဘရစ္စတိုးစီးတီးရဲ့ ကျိုးပေါက်နေတဲ့ ခံစစ်ကြောင်းကို ကျော်ဖြတ်ဂိုးသွင်းနိုင်ရေး ကြိုးစားကြပါလိမ့်မယ်။ ဒီပွဲမှာ ခရစ္စတယ်ပဲလေ့ရဲ့ အားထုတ်မှုအပေါ်မှာပဲ အားပေးရမှာ ဖြစ်ပါတယ်။

ဘန်လေနှင့် မစ်ဒယ်ဘရော့

ဘန်လေဟာ ဒီပွဲမှာ မစ်ဒယ်ဘရော့ဆီက အမှတ်ရဖို့အတွက် ပင်ပန်းစွာနဲ့ ကြိုးစားရမယ့်ကိန်းပါပဲ။ မစ်ဒယ်ဘရော့ဟာ အသင်းလိုက်မာမာတင်းတင်း ကစားတတ်တာမို့ ဘန်လေတို့ရဲ့ ခံစစ်မျိုးတွေ အမှားအယွင်းဖြစ်ပေါ်နိုင်ပါတယ်။ ဒါပေမယ့် ဘန်လေဟာ အိမ်ကွင်းမှာ ကစားအားတင်ပြီး ပြိုင်ဘက်ကို ပြင်းပြင်းထန်ထန် ခုခံတတ်တာမို့ ဒီပွဲဟာ ရမှတ်တွေခွဲယူရနိုင်တဲ့အခြေအနေလည်း ဖြစ်ပေါ်နိုင်ပါတယ်။

ဒါဘီနှင့် ဘော်လ်တန်

ခံစစ်ပိုင်းအားနည်းမှုရှိတဲ့ ဒါဘီဟာ ခြေပျက်နေတဲ့ ဘော်လ်တန်ကို သတိထားပြီး ရင်ဆိုင်ရပါလိမ့်မယ်။ ဒါဘီဟာ အိမ်ကွင်းမှာ အမှတ်ရအောင်ကစားနိုင်ပေမယ့် ဘော်လ်တန်ရဲ့ အမှတ်လိုအပ်မှုပြင်းပြနေတဲ့ ဆန္ဒနဲ့ အားတင်းကစားမယ့် ခြေစွမ်းကို သတိထားရပါလိမ့်မယ်။ ဘော်လ်တန်ရဲ့ ကြိုးစားအားထုတ်မှုအပေါ်မှာ ယုံကြည်မှုတွေထားရှိရမယ့် အနေအထားပါပဲ။

မိုးမြင့်လင်းလက်- ရေးသားသည်

အားကစားသတင်း အတိုအထွာ

- ➡ မန်စီးတီးအသင်းသည် ရိုးမားတိုက်စစ်မှူး လာဗီလာ ၂၀ နှစ်အား ခေါ်ယူနိုင်ရေး ဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။
- ➡ အာဆင်နယ်အသင်းသည် ဘာစီလိုနာတိုက်စစ်မှူး ဒေးဗစ်ဗီလာ ၃၁ နှစ်အား လာမည့်နွေရာသီတွင် ခေါ်ယူနိုင်ရေးအတွက် ပြောင်းရွှေ့ကြေး ပေါင် ၁၇ သန်းပေးမည်ဟု ကမ်းလှမ်းထားသည်။
- ➡ စပါးနည်းပြ ဗီလက်အိုအက်စ်က လာမည့်နွေရာသီတွင် နောက်ခံလူ မိုက်ကယ်ဒေါ်ဆင်အား ထုတ်ရောင်းသွားရန် စီစဉ်လျက်ရှိသည်။
- ➡ ချယ်လ်ဆီးအသင်းသည် ကိုရင်သီယန်ကွင်းလယ်ကစားသမား ပေါလ်လင်ဟို ၂၄ နှစ်အား လာမည့်အပြောင်းအရွှေ့ကာလတွင် ခေါ်ယူသွားရန် စီစဉ်လျက်ရှိသည်။
- ➡ မန်ယူနှင့် ရီးရဲမက်ဒရစ်တို့၏ ဒုတိယအကျော့ ချန်ပီယံလိဂ်ပွဲစဉ်တွင် ကွင်းလယ်ကစားသမား နာနီအား ထည့်သွင်းကစားရန် သေချာသော ဆုံးဖြတ်ချက်မချရသေးကြောင်း နည်းပြဖာဂူဆန်က ထုတ်ဖော်ပြောကြားသည်။
- ➡ ဝက်စ်ဟမ်းအသင်းသည် ဆောက်သမ်တန်တိုက်စစ်မှူး ရစ်ကီလမ်းဘတ် ၃၁ နှစ်အား ပြောင်းရွှေ့ကြေး ထပ်မံတိုးမြှင့်ကာ ခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။
- ➡ ဘလက်ဘန်းနည်းပြဟောင်း ၄၅ နှစ်အရွယ်ရှိ ပေါလ်အင့်သည် ဘလက်ပူးအသင်း၏ နည်းပြသစ်ဖြစ်လာပြီဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

မောင်ချစ်ကြည် - ရေးသားသည်

 နိုင်ငံတကာအားကစားသတင်း

ဘာလော့တယ်လီအေစီတွင် ဂိုးသွင်းပြီ

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အေစီမီလန်အသင်းက ပါးမားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး အမှတ်ပေးဇယား တတိယနေရာသို့ ရောက်ရှိသွားပြီဖြစ်သည်။

အေစီမီလန်အသင်း၏ အဖွင့်ဂိုးကို ဂါစာရယ်ပါလက်တာ၏ ကိုယ့်ဂိုးကိုယ်ပြန်သွင်းယူသည့်ဂိုးဖြင့် အဖွင့်ဂိုးရခဲ့သည်။ ဒုတိယအနိုင်ဂိုးကို မန်စီးတီးကစားသမားဟောင်း ဘာလော့တယ်လီက အလွတ်တည်ကန်ဘောမှ တစ်ဆင့်သွင်းယူခဲ့သည်။ ပါးမားအတွက်ချေပဂိုးကို ဆန်ဆိုနာက သွင်းခဲ့သည်။

ကမ္ဘာ့အသက်ကြီးဆုံး နံပါတ်တစ်နေရာ

အမေရိကန်နာမည်ကြီး တင်းနစ်မယ် ဆီရီနာဝီလျံသည် ဖေဖော်ဝါရီ ၁၅ ရက်က ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ်အဖြစ်သို့ ပြန်လည်ရောက်ရှိလာသည်။ အသက် ၃၁ နှစ်ရှိ ဆီရီနာဝီလျံသည် ကမ္ဘာ့နံပါတ်တစ်နေရာ ရောက်ရှိသည့် အသက်အကြီးဆုံးအမျိုးသမီးဖြစ်လာသည်။ သူမသည် ကမ္ဘာ့နံပါတ်တစ်နေရာကို ခြောက်ကြိမ်တိုင် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်။

ဘိုင်ယန်မြူးနစ် ၁၈ မှတ်အသာဖြင့်ဦးဆောင်

ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်များကို ဖေဖော်ဝါရီ ၁၅ ရက်ညတွင် ဘိုင်ယန်မြူးနစ်က ဝုလ်ဘတ်ကို နှစ်ဂိုးပြတ်ဖြင့်နိုင်ပြီး အမှတ်ပေးဇယား ထိပ်တွင် ၁၈ မှတ်အသာဖြင့်ရပ်တည်နိုင်ပြီဖြစ်သည်။ ဘိုင်ယန်မြူးနစ် အသင်းအတွက် အနိုင်ဂိုးနှစ်ဂိုးကိုမာရီယိုမန်ဇူကစ်နှင့် အာဂျင်ရော်ဘင်တို့က သွင်းယူပေးခဲ့ကြခြင်းဖြစ်သည်။ **(အောက်ပုံ)**

မန်ဇူကစ်သည်ပွဲစပြီး ၃၈ မိနစ်အကြာ ၄င်း၏ကလပ်ဟောင်း ဝုလ်ဘတ်ကို အဖွင့်ဂိုးသွင်းယူခဲ့သည်။ ယင်းဂိုးသည် ယခုနှစ်ရာသီအတွင်း သွင်းယူခဲ့သည့် ၄င်း၏ ၁၅ ဂိုးမြောက်ဂိုးဖြစ်သည်။ မန်ဇူကစ်သည် ယခုနှစ်ဘွန်ဒက်စ်လီဂါရာသီတွင် ဂိုးအများဆုံးသွင်းယူထားသည်။ လူစားဝင်လာသူ အာဂျင်ရော်ဘင်က လေလွင့်ချိန်တွင် သွင်းယူခဲ့သည်။

မြင့်မောင်စိုး - ရေးသားသည်

အမည်ပြောင်း Grade (6), G အထက(၂)ဗဟန်းတွင် ပညာသင်ကြားနေသော မဆုလာဘ်ပန်အား မရှင်းယမုံလွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၃၊ မြေကွက်အမှတ် ၉၇၈၊ မြေကွက်တည်နေရာအမှတ် ၉၇၈၊ ဖိုးရာဇာ ၂လမ်း၊ (၄၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၁) ဦးစံမြင့်၊ (၂) ဒေါ်တင်နွဲ့ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးစံမြင့်၊ ဒေါ်တင်နွဲ့ထံမှ SP ၁၃၉/၀၈/ ၃-၁-၀၈ဖြင့် ဦးကျော်ဦး ၈/တတက(နိုင်) ၁၀၅၀၅၇ ရရှိသူမှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုတ်သိမ်းခြင်းမရှိကြောင်းတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်လမ်းနှင့်နဝရတ်လမ်းထောင့်ရှိ မြေကွက်အမှတ်(၃၀၁)၊ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်နေအိမ်တို့ကို ပိုင်ဆိုင်ကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဦးညီတိန်း ၁၂/ကမရ(နိုင်)၀၅၃၉၄၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းစာချုပ်၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်သိန်းကျော် **ဒေါ်သွယ်မာဝင်း**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၃) **အထက်တန်းရှေ့နေ(စဉ်-၃၅၆၅၃)**

Expert Real Estate Service ၏ ဥပဒေအတိုင်ပင်ခံ
တိုက်အမှတ်(၃၃၉) ပထမထပ်၊ ၁၅၇လမ်းနှင့်ကျိုက္ကဆံလမ်းမထောင့်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၅၄၉၇၀၊ ၀၉-၄၂၈၁၈၀၁၆၀

Golden
Golden Myanmar Airlines

Vacancy Announcement (Local Only)

Senior or Junior Cabin Crew Male/Female (7)Posts

Qualification Requirements:
-Male & Female
-Single/ Unmarried (Attached with recommendation from respective Quarter General Administration Office).
-Age between 18 to 23 years as at 01 February 2013.
-Minimum education is attending 2nd year of respective University (Attached with recommendation from respective University).
-Minimum height of 5' 6" with proportionate weight of male.
-Minimum height of 5' 3" with proportionate weight of female.
-Excellent health and fitness (spectacles and contact lens are not accepted)
-Fluent in four skills English and other languages are preferable.
-Outgoing personality with good interpersonal skills and the ability to work with a multinational team
-Genuine interest to serve people

If you think you meet the above requirements, send us a detail and complete curriculum vitae with one recent full-length photograph and two passport size photos & copy of NRC card & census other testimonial documents.
Only short listed candidates will be informed.
Kindly indicate on the back of the envelope: sender's name, address and contact telephone number, and at the bottom left hand corner on the front of the envelope, mark you're applying position.
All application must be received not later than 20 February 2013 at 5:00 PM at GMA office address below
5th Floor, Saya San Plaza, Corner of New University Ave & Saya San Road,
Bahan Township, Yangon, Myanmar.



မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး(ဗဟို)
(မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးအဆင့်ဆင့် ရွေးချယ်တင်မြှောက်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့)

၁။ မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံးပြန်လည်ဖွဲ့စည်းရေးအတွက် မြို့နယ်အဆင့် ရွေးကောက်ပွဲများကို မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး အဆင့်ဆင့်ရွေးချယ်တင်မြှောက်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

၂။ ဗဟိုကြီးကြပ်ရေးအဖွဲ့သည် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သဘင်ပညာရှင်များအစည်းအရုံး ရွေးချယ်တင်မြှောက်ပွဲများကို အောက်ဖော်ပြပါနေ့ရက်များတွင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ရုံးစိုက်ရာမြို့များ၌ ပြုလုပ်သွားမည်ဖြစ်ပါသည်-

(က)	မန္တလေးတိုင်းဒေသကြီး	၂၂-၂-၂၀၁၃ရက်(သောကြာနေ့)
(ခ)	စစ်ကိုင်းတိုင်းဒေသကြီး	၂၄-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)
(ဂ)	မကွေးတိုင်းဒေသကြီး	၃-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)
(ဃ)	မွန်ပြည်နယ်	၂၄-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)
(င)	ကရင်ပြည်နယ်	၂၅-၂-၂၀၁၃ရက်(တနင်္လာနေ့)
(စ)	ပဲခူးတိုင်းဒေသကြီး	၂၇-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)
(ဆ)	ဧရာဝတီတိုင်းဒေသကြီး	၃-၃-၂၀၁၃ရက်(တနင်္ဂနွေနေ့)
(ဇ)	ရန်ကုန်တိုင်းဒေသကြီး	၇-၃-၂၀၁၃ရက်(ကြာသပတေးနေ့)

၃။ ကျန်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် သက်ဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ တင်ပြချက်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ တိုင်းဒေသကြီးနှင့် ပြည်နယ်အတွင်းရှိ ရွေးချယ်ဖွဲ့စည်းပြီးဖြစ်သော မြို့နယ်သဘင် အစည်းအရုံး ဥက္ကဋ္ဌများသည် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ရွေးချယ်တင်မြှောက်ပွဲများသို့ တက်ရောက်ရွေးချယ်ခံပိုင်ခွင့်နှင့် မဲပေးပိုင်ခွင့်ရှိသည့်အတွက် သတ်မှတ်ရက်များ၌ မပျက်မကွက် တက်ရောက်ကြရန်ဖြစ်ပါသည်။

၅။ စုံစမ်းမေးမြန်းလိုပါက ကြီးကြပ်ရေးအဖွဲ့မှ ဦးကျော်မြင့် ဖုန်း-၀၉-၄၄၈၀၄၄၅၇၉၊ ဦးနေဝင်း ဖုန်း-၀၉-၄၀၂၇၄၅၀၇၅၊ ဦးထိန်ဝင်း ဖုန်း-၀၉-၄၂၂၄၆၆၉၂၂၊ ဦးရဲဒွေး ဖုန်း-၀၉-၅၀၂၁၆၅၃ နှင့် မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) ဖုန်း-၀၁-၃၇၁၅၂၈ နှင့် ၀၁-၂၅၃၇၇၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရွေးချယ်တင်မြှောက်ပွဲကြီးကြပ်ရေးအဖွဲ့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မင်းဘူးမန်းရွှေစက်တော် ဘုရားပွဲတော်ဖွင့်ပြီ

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ်အတွင်း တည်ရှိသော သာသနာ့သမိုင်းဝင် မန်းရွှေစက်တော် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၅ ရက် တပို့တွဲလဆန်း ၅ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

နံနက် ၈ နာရီတွင် အထက်စက်တော်ရာတောင်ခြေ ရွှေစက်တော် ဂေါပကအဖွဲ့ရုံးရှေ့ မုခ်ဦး၌ မကွေးမြို့ အောင်မြေရတနာကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစသာရနှင့် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ဖွင့်ပွဲသို့ ဧည့်ပရိသတ် တစ်သောင်းကျော်တက်ရောက်ကြသည်။ ထို့နောက် အောက်စက်တော်ရာ သံဃသျှောင်ကို ဖွင့်လှစ်ပေးပြီး တစ်ဆက်တည်း အထက်စက်တော်ရာကိုလည်း ဖွင့်လှစ်ပေးခဲ့သည်။

ယခုနှစ်တွင် ဖွင့်ပွဲအမီ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်နှင့် ရှမ်းပြည်နယ်တို့မှလာကြသော ဘုရားဖူးယာဉ် မှန်လုံကားကြီးများ ကြိုတင်ရောက်ရှိနေသည်ကို တွေ့ရ၏။ ဘုရားပွဲတော်သို့လာကြသော ဘုရားဖူးများ တည်းခိုနိုင်ရန် တည်းခိုဆောင်ပေါင်း ၆၀၀ ကျော်နှင့် ဈေးဆိုင်ပေါင်း ၇၀၀ ကျော် ခင်းကျင်းထားသည်ကို တွေ့ရသည်။ ပွဲတော်ကာလအတွင်း ဘုရားဖူးများ၏ လုံခြုံရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်မီးများကို စနစ်တကျ စီစဉ်ဆောင်ရွက်ထားသည်။ ရွှေစက်တော်သို့ သွားနိုင်သည့် လမ်းများမှာ မကွေးမှ ဧရာဝတီတံတားကြီးကိုဖြတ်၍ မင်းဘူးမှ လေးပင်ရွာလမ်းအတိုင်း ရွှေစက်တော်သို့ လမ်းနှစ်လမ်းရှိသည်။ ယင်းလမ်း နှစ်လမ်းလုံးသည် ပုသိမ်-မုံရွာလမ်းမကြီးကိုဖြတ်ပြီး မင်းဘူးမှ ရွှေစက်တော်သို့ ၃၄ မိုင်ဝေးသည်။ ပုသိမ်-မုံရွာလမ်းမကြီးမှ ရှစ်မိုင်ဆက်သွားရသဖြင့် ရှစ်မိုင်လမ်းဟုလည်း ခေါ်သည်။ ဒုတိယလမ်းမှာ မင်းဘူး၊ လေးပင်၊ ပဒေါင်းမှ ဥယျာဉ်ရွာကိုဖြတ်ကာသွားရ၏။ ၃၂ မိုင်ဝေးသည်။ ပုသိမ်-မုံရွာလမ်းအတိုင်း လာရောက်ကာ မင်းဘူး- လေးပင်ရွာလမ်းနှစ်လမ်းမှ ရွှေစက်တော် ဘုရားအထိသွားနိုင်သည်။ ပြည်မှ ဘုရားစုံဖူးပြီး ရွှေစက်တော်သို့ ဆက်၍ သွားနိုင်သည်။ ဘုရားဖူးများ ဤလမ်းကို အသုံးများကြသည်။

ထို့ပြင် ချောက်မြို့ ဧရာဝတီမြစ်ကိုဖြတ်၍ တည်ဆောက်ထားသော အနော်ရထာတံတားမှ ဆိပ်ဖြူ-စလင်း-ပွင့်ဖြူလမ်းအတိုင်း ရွှေစက်တော်ကို သွားရောက်နိုင်ကြသည်။ အိုင်းမဆည်ပါလမ်းမှ တစ်ဆင့် ပုသိမ်-မုံရွာ လမ်းမကြီးအတိုင်း သွားရောက်နိုင်၏။ ရခိုင်ပြည်နယ်မှ ဘုရားဖူးများအနေဖြင့် စစ်တွေ-အမ်း-မင်းဘူး လမ်းအတိုင်း ပဒါန်းရွာလမ်းခွဲမှ သွားနိုင်သည်။ မင်းဘူး-အမ်းတောင် ကြားလမ်းဖြစ်သည်။

ယခုနှစ်တွင် ဒေသအသီးသီးမှ ဘုရားဖူးကားများ ပွဲတော်ဖွင့်စရက်များတွင် ကြိုရောက်နေကြသည်။ ဘုရားပွဲတော်ကို တပို့တွဲ လဆန်း ၅ ရက်မှ တန်ခူးနှစ်ဆန်း ၅ ရက်အထိ ကျင်းပမည်ဟု သိရသည်။

(မကွေး လှမြင့်)

ရခိုင်ပြည်နယ် စက်သုံးဆီဈေးနှုန်း ဓာတ်ဆီနှင့် အောက်တိန်းဈေးငြိမ်၊ ဒီဇယ်ဆီ ဈေးတက်

ရခိုင်ပြည်နယ်၏ အဓိကစက်သုံးဆီဈေးကွက်ဖြစ်သော စစ်တွေမြို့ ဆီဆိုင်ကြီးများတွင် လွန်ခဲ့သောနှစ်ရက်ခန့်မှစ၍ ဒီဇယ်ဈေးနှုန်းများမြင့်လာကြောင်း တွေ့ရသည်။ သို့သော် ဓာတ်ဆီ(အဖြူ)နှင့် အောက်တိန်းမှာ ၂၀၁၃ ခုနှစ် ဇန်နဝါရီလလယ်ပိုင်းက ဈေးအတိုင်း ရောင်းနေကြသည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းအထိ ရောင်းချနေသော ဈေးနှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည်။

အမျိုးအစား		လီတာ	ဇန်နဝါရီလလယ်ဈေး	ယခုလက်ရှိဈေး
၁။	ဓာတ်ဆီ(အဖြူ)	တစ်လီတာ	၁၀၀၀ ကျပ်	၁၀၀၀ ကျပ်
၂။	အောက်တိန်း	တစ်လီတာ	၁၀၀၀ ကျပ်	၁၀၀၀ ကျပ်
၃။	ဒီဇယ်	တစ်လီတာ	၈၃၀ ကျပ်	၉၃၀ ကျပ်

ကျော်စံ စက်သုံးဆီအရောင်းဆိုင်ကြီးမှ မန်နေဂျာ ဦးမြင့်ဇော်ဦးအား ဆီဈေးနှုန်းအခြေအနေများကိုမေးမြန်းရာ ၎င်းက အောက်ပါအတိုင်းပြောပြသည်။

"ဒီဇယ်ဆီဈေးတက်တာ ဒီတစ်ရက် နှစ်ရက်ပဲရှိပါသေးတယ်။ ကျန်တာတွေကတော့ အရင်အတိုင်းပါပဲ။ ကျွန်တော့်ဆိုင်မှာတော့ဆီတွေကို အချိန်စံနှုန်း တစ်ဂါလန်ကို ၄ ဒသမ ၅၄၆ လီတာနှင့်ကိုက်ညီအောင် ချိန်တွယ်ပြီး ရောင်းပေးနေပါတယ်။ အပြင်လက်လီဆိုင်တွေမှာတော့ ကျွန်တော်တို့ဆိုင်ကြီးတွေထက် ဈေးပိုပေးရတယ်လို့ ပြောကြပါတယ်"ဟု ဆီဈေးနှုန်းအခြေအနေကို သေသေချာချာ ပြောပြသည်။

စစ်တွေမြို့ရှိရပ်ကွက်ဆိုင်များတွင် စက်သုံးဆီဈေးနှုန်းများသည် တစ်နေရာနှင့်တစ်နေရာ မတူညီကြောင်း သိရသည်။ တက္ကသိုလ်ကျောင်းသား တစ်ဦးက ပြောပြရာတွင် "ကျွန်တော်တို့က လမ်းဘေးဆိုင်တွေမှာ ဓာတ်ဆီတစ်လီတာ ငွေကျပ် ၁၄၀၀-၁၅၀၀ပေးပြီး ထည့်ရပါတယ်။ တစ်နေရာနဲ့တစ်နေရာ မတူညီပါဘူး။ တစ်ခါတစ်ရံတော့ ဆိုင်ကြီးတွေဆီသွားပြီး ဆိုင်ကယ်မှာ အပြည့်ဖြည့်ထားပါတယ်။ အများအားဖြင့်တော့ ကြုံသလို ဝယ်ကြတာပါ" ဟု သူ့အတွေ့အကြုံကို ပြောပြသည်။ အခြားမြို့နယ်များတွင် စစ်တွေမြို့ထက် စက်သုံးဆီဈေးနှုန်းများ မြင့်နေကြောင်း လေ့လာသိရှိရသည်။ ဒီဇယ်ဆီမှာ အတက်ဘက်သို့ ပြနေသည်။

စောလွင်(စစ်တွေ)

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် ရုပ်မြင်သံကြားဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ရန် ဖိတ်ခေါ်

အရှေ့တောင်အာရှအားကစားပြိုင်ပွဲဖွင့်ပွဲနှင့် ပိတ်ပွဲအခမ်းအနား ကျင်းပပုံကို တိုက်ရိုက်ထုတ်လွှင့်ခြင်းအတွက်လည်းကောင်း၊ IBC (International Broadcasting Centre) ဆိုင်ရာလုပ်ငန်းကိစ္စအဝဝ ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ အားကစားနည်း (၇)မျိုးအတွက် တိုက်ရိုက်ထုတ်လွှင့်ပြသမှုဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ရုပ်မြင်သံကြားဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလိုသည့် ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီများအနေဖြင့် အဆိုပြုလွှာများကို ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(တပ်ကုန်း)သို့ (၂၈-၂-၂၀၁၃)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်းနှင့် လူကိုယ်တိုင်လာရောက် ဆက်သွယ်ရှင်းပြရမည့်နေ့ရက်ကို ထပ်မံသတ်မှတ်ပြန်ကြားသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

အမြို့မြို့ အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ။

မြောက်ပိုင်းဒေသများတွင် မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွဲကွဲနှင့် ရှမ်းပြည်နယ်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့တွင် ၇ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့တွင် ၈ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ကော့သောင်းမြို့တွင် ၁ ဒသမ ၀၂ လက်မနှင့် မြိတ်မြို့တွင် ၀ ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ဆောင်းနှင့်စိုး မွေးနေ့ဆုတောင်းကဗျာ

"ဆောင်း"မှ "ဝင့်"လာ
"သံစဉ်"သာနှင့်
မာလာ"စိုးပြည့်"
လေပြည်ဝေ့သော်
မမေ့စောင်းကြိုး
"သံစဉ်"နိုးခဲ့
ဖွံ့ဖြိုးသာယာ
ပြည်မြန်မာရေး
ဆောင်ရွက်ပေးသည့်
မြေးလေးရတနာ
ဖြစ်စေပါ...။

ဘဘကြီး ဒေါက်တာညီုအောင်နှင့် ဘွားဘွား ကြီးတုတ်
နေပြည်တော်၊ ပျဉ်းမနား

သဘာဝဘေးအန္တရာယ်လျော့ချရေး ပညာပေး ခင်ဦး၌ကျင်းပ

ခင်ဦး ဖေဖော်ဝါရီ ၁၆

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းနှင့် Seads Asia တို့ပူးပေါင်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏အစီအစဉ်ဖြင့် မြန်မာနိုင်ငံလျှင်ကော်မတီမှ ပူးပေါင်းဆောင်ရွက်သော သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ နယ်လှည့် အသိပညာပေးအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ အခြေပြုလျက် လျှင်ခံဒေသများ အသီးသီးသို့ အသိပညာပေး ဟောပြောလျက်ရှိသည်။ ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အထွေထွေအုပ်ချုပ်ရေးခန်းမ၌ ဖေဖော်ဝါရီ ၁၁ရက် နံနက် ၉နာရီမှ ညနေ ၃နာရီခွဲအထိ သဘာဝဘေးအန္တရာယ်လျော့ပါးရေးဆိုင်ရာ နယ်လှည့် အသိပညာပေးဟောပြောပွဲကျင်းပသည်။ သဘာဝဘေးအန္တရာယ် လျော့ပါးရေးဆိုင်ရာ ဉာဏ်စမ်းမေးခွန်းမေးခြင်းကိုဒေါ်ဂေါ်တွယ်၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေး သိကောင်းစရာကို ဦးရဲကျော်သူ၊ ငလျင်အကြောင်း သိကောင်းစရာ ပညာပေးဆွေးနွေးခြင်းကို ဦးလင်းသူအောင်တို့က ရုပ်ပုံကားချပ်များဖြင့် ဆွေးနွေးသည်။ ဆူနာမီ၊ မြေပြိုခြင်း၊ မီးလောင်ခြင်း၊ ဆိုင်ကလုန်း၊ လေဆင်နှာမောင်း၊ ရေကြီးခြင်း၊ ငလျင်လှုပ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးကြိုးပစ်ခြင်းစသည့် သိသင့်သိထိုက်စရာများကိုစစ်ကိုင်းတိုင်းဒေသကြီးကယ်ဆယ်ရေးမှ ဒေါ်ဝေဝေအောင်တို့က ဟောပြောဆွေးနွေးသွားသည်။ ဟောပြောပွဲသို့ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ အုပ်စုစာရေးများ၊ စိတ်ပါဝင်စားသူများ စုစုပေါင်း ၁၅၉ ဦး တက်ရောက်လေ့လာကြသည်။

ရောင်နီတင်ဝင်း

ကျေးဇူးဆပ်ပါမည်

ကျွန်မ မစန်းသီတာ ၃/ဘသဆ(နိုင်) ၀၀၂၈၄၃၈၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားခဲ့ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၅၂၃၀၂၂

တစ်ဦးတည်းဖြစ်ကြောင်း

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ စနဲအုပ်စု၊ စနဲကျေးရွာ ကံပြင်ရပ်ကွက်နေ ဦးတင်မောင်-ဒေါ်ထွေးထွေးရီတို့၏သား ၁၁/ကဖန(နိုင်)၀၇၉၂၃၆ ကိုင်ဆောင်သူ မောင်ဖိုးပြည့်ချိုနှင့် မောင်ဖိုးချိုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တောင်သုကုန်းရပ်ကွက်၊ ဦးဖိုးထွန်းလမ်း၊ အမှတ် ၁၂၁၁၊ အကျယ်အဝန်း ပေ(၄၅×၄၅)နှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်တို့ကို လက်ရှိပိုင်ဆိုင် စီမံရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ငြိမ်းဝင်း TME-၀၀၄၈၇၇ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **ဒေါ်တင်တင်ဦး**

၁၂/စခန(နိုင်)၀၅၃၄၇၀၊
ဖုန်း-၀၁-၅၀၀၅၂၉

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ထန်းပေါက်ကျေးရွာ၊ ငါးရွာအုပ်စု၊ ငပိစက်လမ်းနေ မမေသူထွန်း ၇/ပမန(နိုင်)၁၂၇၄၂၁သည် မိဘဆွေမျိုးများ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ လုံးဝအမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်အရှုပ်အရှင်းပြဿနာများကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

ဦးမြင့်ကြိုင်စိုး ၇/ပမန(နိုင်)၀၉၁၀၅၇
ဒေါ်ဝေဝေသန်း ၇/ပမန(နိုင်)၀၉၁၀၅၈

အလှူငွေနှင့်စာအုပ်စာစောင်လှူဒါန်းပွဲ ကျင်းပ

သဲကုန်း ဖေဖော်ဝါရီ ၁၆

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် အင်းမအုပ်စု သိမ်ကုန်းကျေးရွာ လင်းရောင်ခြည် စာကြည့်တိုက်တွင် ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၂နာရီက အလှူငွေနှင့် စာအုပ်စာစောင်ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင်က အလှူငွေနှစ်သောင်းကျပ်၊ သိမ်ကုန်းကျေးရွာ ပြည်သူများက ငွေကျပ် ၄၃၀၀၀၊ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းက စာအုပ်စာစောင် အုပ် ၈၀ နှင့် အလှူရှင်များက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူပြီး စာကြည့်တိုက်မှူး ဦးလှသောင်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။

မောင်မျိုး(ပြည်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာများသို့ အရေးပေါ်သုံးမြန်မာ့တိုင်းရင်းဆေးသေတ္တာများပေးအပ်

တောင်ကြီး ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာ ၁၅၀၀ သို့ အရေးပေါ်သုံး မြန်မာ့တိုင်းရင်းဆေးသေတ္တာများ ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၉ ရက် ညနေ ၄ နာရီတွင် တောင်ကြီးမြို့ မြန်မာနိုင်ငံဆရာဝန်အသင်းရုံး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် နိပွန်ဖောင်ဒေးရှင်းအဖွဲ့ ဥက္ကဋ္ဌတို့က ဆေးသေတ္တာ လှူဒါန်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒုတိယဝန်ကြီး၊ နိပွန်ဖောင်ဒေးရှင်းအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လူမှုရေးဝန်ကြီး၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က အရေးပေါ်သုံးမြန်မာ့တိုင်းရင်းဆေးသေတ္တာများကို ကျေးရွာများသို့ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရတနာ(၃) ရေနံတင်သင်္ဘော စစ်ကြောကြည့်ရှုစစ်ဆေး

မော်လမြိုင် ဖေဖော်ဝါရီ ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့ မုပွန်ရပ်ကွက် မြန်မာ့ရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲတွင် ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက မီးဘေးကြိုတင်ကာကွယ်ရေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှု သရုပ်ပြပွဲနှင့် ရတနာ(၃) ရေနံဒီဇယ်သင်္ဘော စစ်ကြောကြည့်ရှုစစ်ဆေးခြင်းများ ပြုလုပ်ခဲ့သည်။ ၄င်းစစ်ကြောရေးသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်ဝန်ကြီး ဦးနိုင်လဝီအောင်၊ ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ဦးသောင်းထိုက်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဇော်ဝင်းနှင့် မြန်မာ့ရေနံ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ မန်နေဂျာ ဦးသိန်းထွေးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

၄င်းမီးသတ်သရုပ်ပြရာ မီးသတ်ကားတစ်စီး၊ အုပ်ချုပ်ရေးယာဉ်တစ်စီး၊ အထောက်အကူပြုယာဉ် တစ်စီးတို့နှင့် သရုပ်ပြခဲ့ပြီး မီးဘေးကြိုတင်ကာကွယ်ရေးအဖွဲ့သည် ရှေးဦးစွာ မြန်မာ့ရေနံ ဖြန့်ဖြူးရေးလုပ်ငန်းခွဲတွင် ရတနာ(၃) ရေနံတင်ယာဉ်၊ ဒီဇယ်တင်ယာဉ်များအား စစ်ကြောကြည့်ရှုစစ်ဆေးပြီး **(အောက်ပုံ)** လောင်စာဆီဖြည့်တင်းရာတွင် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များ မဖြစ်ပွားစေရေးအတွက် သတိကြီးစွာဖြင့် ကြိုတင်ကာကွယ် လုပ်ဆောင်ရန်လိုအပ်ကြောင်း မှာကြားကြည့်ရှုစစ်ဆေးကာ မြန်မာ့ရေနံ ဖြန့်ဖြူးရေးလုပ်ငန်းများ ဝန်ထမ်း ၄၀ ခန့်အား မီးဘေးကြိုတင်ကာကွယ်ရေး အကြောင်းများကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်ဝင်းက မီးသတ်ဆေးဘူး အသုံးပြုနည်း၊ အမြှုပ် (FOAM) ဆေးရည်ဖြင့် လက်တွေ့မီးငြိမ်းသတ်နည်းများကို သရုပ်ပြရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

တင်ထွန်း(မော်လမြိုင်)

ရေဦးမြို့နယ်၌ ဆောင်းသီးနှံပြပွဲကျင်းပ

ရေဦး ဖေဖော်ဝါရီ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် ဘက်စုံစိုက်ပျိုးရေးသုတေသနဦးစီးဌာန၌ ကျေးရွာတောင်သူများ ဆောင်းသီးနှံ စိုက်ပျိုးထားမှုနှင့် အောင်မြင်ဖြစ်ထွန်းနေမှုများကို မျက်မြင်ကိုယ်တွေ့ ကြည့်ရှုလေ့လာနိုင်ရန်အတွက် စိုက်ပျိုးရေးနှင့် သုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြည်၊ ဒုတိယညွှန်ကြားရေးမှူးများ ဖြစ်ကြသည့် နှံစားသီးနှံဌာန ဦးသန်းလွင်ဦး၊ အပင်ရောဂါဌာန ဒေါ်မြင့်မြင့်စန်း၊ ပိုးမွှားရောဂါဌာန ဒေါ်နွဲ့နွဲ့ယဉ်နှင့် ပဲမျိုးစုံဌာနစု၊ ကုလားပဲဌာနမှ ဦးစီးအရာရှိ ဒေါက်တာထွန်းရွှေဘိုတို့က ကဏ္ဍအလိုက် ရှင်းလင်းပြောပြကြောင်း သိရသည်။

ဆောင်းသီးနှံပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ၊ မြို့နယ်စိုက်ညှိအဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ ဒေသခံတောင်သူများ စုစုပေါင်း အင်အား ၁၀၀ ကျော် တက်ရောက်ခဲ့သည်။ ဆက်လက်၍ တောင်သူများက စိုက်ပျိုးဖြစ်ထွန်း အောင်မြင်နေသည့် စိုက်ခင်းအတွင်းသို့ ကွင်းဆင်းကြည့်ရှုကြသည်။ ယင်းနောက် ကျေးရွာတောင်သူများက မိမိနှစ်သက်သော သီးနှံများကို မှတ်တမ်းတင်အကဲဖြတ်ပေးကြသည်။

ထို့နောက် စိုက်ပျိုးသီးနှံ လက်ထောက်(၃) ဦးခင်မောင်တင့်က ဆောင်းသီးနှံ ပြပွဲပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အထွက်နှုန်းကောင်းသည့်သီးနှံများနှင့်စပ်လျဉ်း၍ သိရှိနားလည်ပြီး စိုက်ပျိုးတတ်စေရန်နှင့် တောင်သူများ လက်တွေ့စိုက်ပျိုးထားရှိမှုကို မြင်တွေ့သွားစေချင်ကြောင်း၊ သီးနှံပြပွဲတွင် ကုလားပဲနှင့် ဂျုံကို အဓိကတင်ပြပေးခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးခြံမှထွက်ရှိသည့် အထွက်နှုန်းကောင်းသော သီးနှံမျိုးများကို မျိုးပွားပြီး တောင်သူများ လက်ဝယ် ဖြန့်ချိရောင်းချပေးမည်ဖြစ်ကြောင်း ပြောကြားပြီး ဒေသခံတောင်သူများအား စိုက်ကွင်းအတွင်း လိုက်ပါလျက် ရှင်းပြရာ လေ့လာသူတောင်သူများကလည်း စိတ်ဝင်တစားရှိကြောင်း သိရှိရသည်။

သန်းထိုက်(ရေဦး)

နွားနို့နှင့်ကြက်ဥတိုက်ကျွေးရေးအခမ်းအနား ညောင်လေးပင်မြို့၌ကျင်းပ

ညောင်လေးပင် ဖေဖော်ဝါရီ ၁၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူး၍ ကလေးငယ်များအား တတိယအကြိမ်မြောက် နွားနို့နှင့် ကြက်ဥတိုက်ကျွေးခြင်း အခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲက အခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလကကျောင်းအုပ်ဆရာမကြီး ဒေါ်စိန်စိန်အုံးက အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဆန်းဝေဖြိုးက နွားနို့နှင့် ကြက်ဥတိုက်ကျွေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျောင်းသား ကျောင်းသူ ၄၀၀ အား နွားနို့တစ်ပုလင်းစီနှင့် ကြက်ဥတစ်လုံးစီတို့ကို တိုက်ကျွေးကြသည်။

နွားနို့နှင့် ကြက်ဥတိုက်ကျွေးရခြင်းကြောင့် မူလတန်းကျောင်းသားကျောင်းသူလေးများအနေဖြင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်ကာ ဗီတာမင်အားများ အပြည့်အဝရရှိ၍ ကျန်းမာရေးနှင့် သင့်လျော်သော အာဟာရဖြစ်ကြောင်း၊ နောင်ကိုလည်း အလျဉ်းသင့်သလို ယခုကဲ့သို့ အာဟာရဒါနများ တိုက်ကျွေးသွားမည်ဖြစ်ကြောင်း ဒေါက်တာဆန်းဝေဖြိုးက ရှင်းလင်းပြောကြားသွားကြောင်း သိရှိရသည်။ **(ဓါတ်ပုံ)**

(နေလင်း)

ကျိုင်းတုံမြို့တွင် အချိန်အခါမဲ့မိုးရွာသွန်းပြီး လေပြင်းများတိုက်ခတ်

ကျိုင်းတုံ ဖေဖော်ဝါရီ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့တွင် ဖေဖော်ဝါရီ ၁၃ ရက် ညနေ ၁၀ နာရီခွဲခန့်က တစ်နာရီခန့်ကြာ မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းများ တိုက်ခတ်ခဲ့သောကြောင့် သစ်ကိုင်းများ ကျိုးကျခြင်း၊ သစ်ပင်များ အမြစ်မှကျွတ်၍ပြိုလဲခြင်း၊ ကြော်ငြာပိုစတာဗီနိုင်းဆိုင်းဘုတ်များ ဆုတ်ပြဲပျက်စီးခြင်း၊ ဈေးဆိုင်ခန်းတချို့နှင့် လူနေအိမ်တချို့ ခေါင်မိုးများ လန်သွားခဲ့ပြီး မြို့တွင်း/မြို့ပြင် လမ်းများပေါ်တွင် သစ်ကိုင်းကျိုးများ၊ အမှိုက်သရိုက်များနှင့် ရွှံ့နွံများတင်ကျန်ခဲ့ခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဆိုပါအမှိုက်သရိုက်များ၊ သစ်ကိုင်းကျိုးများနှင့် ရွှံ့နွံများအား ဖယ်ရှားရှင်းလင်း၍ သန့်ရှင်း သာယာလှပစေရန်အတွက် လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၃ ရက်ကလည်း ယခုကဲ့သို့ အချိန်အခါမဲ့မိုးရွာသွန်းပြီး ဂေါက်သီးလုံးခန့်အရွယ် မိုးသီးများ ကြွေကျခဲ့သောကြောင့် သာသနိကအဆောက်အအုံများနှင့် နေအိမ်အဆောက်အအုံ ခေါင်မိုးများ ပျက်စီးဆုံးရှုံးမှု အနည်းငယ်သာရှိခဲ့ကြောင်း သိရှိရသည်။ **(အောက်ဓါတ်ပုံ)**

ရန်နိုင်(သီလဝ)

ပြင်ဆင်ဖတ်ရှုပါရန်

ဖေဖော်ဝါရီ ၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ အချပ်ပို (ခ)တွင်ပါရှိသည့် မော်တော်ယာဉ်နှင့်ဆိုင်ကယ် မျက်နှာချင်းဆိုင်တိုက်မိ သတင်း၏ ကားနံပါတ် ပ/... အစား သ/...ဟု ပြင်ဆင်ဖတ်ရှုပါရန်။

မြန်မာ့အလင်း စာတည်းအဖွဲ့

ဧရာဝတီမြစ်အတွင်း၌ ကလေးတစ်ဦးရေနစ်သေဆုံး

ဗန်းမော် ဖေဖော်ဝါရီ ၁၆

ဗန်းမော်မြို့ မင်းကျောင်းကုန်းရပ်ကွက် ဧရာဝတီမြစ်တွင် လူငယ်တစ်ဦး ရေနစ်သေဆုံးခဲ့သည်။ သေဆုံးသူ မောင်ဇော်အိမ်(၁၄)နှစ်သည် မန်စီမြို့နယ် လွယ်ခန်းကျေးရွာတွင် နေထိုင်ပြီး ညောင်ပင်ရပ်ကွက် ရောဘတ်ကျောင်းစခန်း၌ နေရပ်စွန့်ခွာပြောင်းရွှေ့ နေထိုင်ခိုလှုံလျက်ရှိသော အိမ်ထောင်စု မိသားစုဝင်ဖြစ်သည်။ ဖေဖော်ဝါရီ ၁၀ ရက် မွန်းလွဲ ၂ နာရီတွင် ကလေးငယ်များနှင့်အတူ မြို့အတွင်းသွားကြရင်း ဧရာဝတီမြစ်ဆိပ်သို့ရောက်ရှိပြီး မြစ်ရေထဲဆင်းကြရာမှ ရေနစ်သေဆုံးခဲ့ရခြင်း ဖြစ်သည်။ ဖေဖော်ဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် အလောင်းကို ရှာတွေ့ခဲ့၍ ညနေ ၃ နာရီတွင် ကြက်ပေါင်ခြံ သုသာန်၌ သင်္ဂြိုဟ်ခဲ့ကြောင်း သိရှိရသည်။

(ဆီမီးခုံ-နန်းရီ)

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
လျှောက်လွှာပိတ်ရက်ပြင်ဆင်ခြင်း

မြန်မာ့လေကြောင်းမှ (၁/၂၀၁၃)ဖြင့် ကြော်ငြာခေါ်ယူထားသော လေယာဉ်မောင်/ လေယာဉ်မယ် လျှောက်လွှာများ နောက်ဆုံးတင်ပြရမည့် ရက်အား ၂၈-၃-၂၀၁၃ရက်အစား ၂၈-၂-၂၀၁၃ရက်သို့ ပြင်ဆင်သတ်မှတ်ပါသည်။

မြန်မာ့လေကြောင်း

အမည်ပြောင်း

တောင်ကြီးမြို့၊ အမက(၄)၊ ပဥ္စမတန်း(က)မှ မောင်ကြယ်စင်လင်းအား ယနေ့မှစ၍ မောင်လင်းမြတ်ဘုန်းခန့်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်လင်းမြတ်ဘုန်းခန့်

တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး၉/တသန(နိုင်)၀၆၅၈၅၆ကိုင်ဆောင်သူ ဦးဆွက်ခတ်ပုမ်းနှင့် ဦးဆွမ်ခတ်ပုမ်း ၉/တသန(နိုင်)၀၆၅၈၅၆မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ အထက်မြန်မာပြည်အစိုးရ ပုံနှိပ်စက်ရုံ (မန္တလေး)မှထွက်ရှိသော ဘေးထွက်ပစ္စည်းများ (ကျောင်းသုံးဖြတ်စ၊ ရိုက်ပျက်၊ Duplex Board ဖြတ်စ၊ ရိုက်ပျက်)တို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံအသေးစိတ်အချက်အလက်များကို ၁၅-၂-၂၀၁၃ ရက်မှ ၂၁-၂-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၉:၃၀ နာရီမှ ညနေ ၄ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံလျှောက်လွှာများကို ၂၂-၂-၂၀၁၃ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ လာရောက်တင်သွင်းရန်ဖြစ်ပြီး သတ်မှတ်ချိန်ထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း ၀၆၇-၄၁၂၂၀၈၊ ၀၆၇-၄၁၂၃၇၄ ထံသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇) နေပြည်တော်

အများသိစေရန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်၊ ဥယျာဉ်ကွက်သစ်အကွက်(၄၁၃/က)ရှိ ဦးပိုင်(၂၂)မြေနှင့် မြေရှိ အရပ်ရပ်အကျိုးခံစားခွင့်များကို ဒေါ်တိုးတိုး (ဘ-ဦးသန်း) ၉/မရတ(နိုင်) ၀၇၄၉၈၈နှင့် သားသမီး ခုနစ်ဦးတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အဆုံးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ယနေ့မှ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ရေးဆိုင်ခွင့် အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံ တင်ပြကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို တရားဝင်ဖြစ်စေရန် တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်ပါမည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ဝင်းရည် တရားလွှတ်တော်ရှေ့နေ (စဉ်-၄၄၉၀)
B.Econ:, R.L, H.G.P, B.A (Psy),
M.A(Eng), Dip in English, Dip in ELT
ADVOCATE
အမှတ် (၁၈၇/၁၀)၊ ၈၇လမ်း၊ ၂၅×၂၆ လမ်း၊ မန္တလေးမြို့၊
ဖုန်း-၀၂-၃၃၀၉၆၊ ၀၉-၂၀၅၅၃၃၅

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဖောင်ရွာရပ်ကွက်၊ အကွက်အမှတ်/အမည်(၂၅/စုကြီးအကွက်)ဦးပိုင်အမှတ်(၈၅-ခ)၊ ဧရိယာ ၀ဒသမ၀၄၀ ဧကရှိမြေကွက်သည်မြို့မြေအမှုတွဲအမှတ် ၂၆/၁၉၃၆-၁၉၃၇ဖြင့် ၂၂-၁၂-၁၉၅၆ရက်အထိ နှစ် ၂၀ ဂရန် ဦးလွင်အမည်ပေါက် မြေကွက်အား အမွေဆက် အမွေခံပိုင်ဆိုင်သူ ဒေါ်ကုလားမထံမှ ဝယ်ယူပိုင်ဆိုင်ထားသူ ဦးတင်မောင် ၉/ကဆန(နိုင်) ၀၀၈၉၅၁က ၄င်းအမည်ဖြင့်မြေငှားဂရန်အမည်ပြောင်း သက်တမ်းတိုးလျှောက်ထားလာရာ ဦးလွင်အမည်ပေါက်ဂရန်စာချုပ်မှာပျောက်ဆုံးနေပါ၍ ကန့်ကွက်လိုသူရှိပါက အကျိုးသက်ဆိုင်သူများအနေဖြင့် ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက မြေငှားဂရန်အမည်ပြောင်းသက်တမ်းတိုး ဆောင်ရွက်ခြင်းကိစ္စရပ်များ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးတင်မောင်
၉/ကဆန(နိုင်)၀၀၈၉၅၁

အမည်ပြောင်း

ဦးဖရေရယ်၏သမီး လှိုင်ကော်မြို့၊ အထက-၂၊ အဌမတန်း(C)မှ မမော်ရှန်းယုစံမြာအား မနန်းရှန်းယုခဲမြာဟု ပြောင်းလဲခေါ်ပါရန်။

မနန်းရှန်းယုခဲမြာ

တစ်ဦးတည်းဖြစ်ပါကြောင်း

မသင်းသင်းလတ် ၁၂/ထတပ(နိုင်)၀၈၈၄၆၈၏ ဖခင် ဦးဖားအဲ ၁၂/ထတပ(နိုင်)၀၀၅၈၄၄နှင့် ဦးရာဖာအဲလ်တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာ သတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန် ကြေညာချက်(၃/၂၀၁၃)
နေပြည်တော် ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက် (၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

၁။ ကျောက်မျက်ရတနာ နယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိကကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်စိမ်း ကျောက်မျက် တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၃ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များနှင့် ဖော်ထုတ်လုပ်ကွက်များ၊ မိုးကုတ်ရတနာနယ်မြေ၊ မိုင်းရှူးရတနာနယ်မြေနှင့် နန့်ယားဆိပ်ရတနာနယ်မြေများရှိ လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅) တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များ ထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသော ကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးနိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement) တို့ ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း အဆိုပြုလွှာ ထုတ်ယူခြင်းနှင့် အဆိုပြုလွှာ ပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်းဆောင်ရွက်ရန် ဖြစ်ပါသည်-

(က) လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာများထုတ်ယူခြင်း၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာများ ထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) အဆိုပြုလွှာများတင်သွင်းခြင်း။ အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ(သမ-၁) တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ (ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံရေးသွင်းရပါမည်။ ၎င်းအဆို ပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်မှ မတ် ၁၉ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိတ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ (Deposit) ကျပ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။ အာမခံစပေါ်ငွေနှင့်ပတ်သက်၍ သတ်မှတ်လုပ်ထုံး၊ လုပ်နည်းများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ အမည်မည်း (Black List) စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့် ကုမ္ပဏီများကို ကျောက်စိမ်း ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု (မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ မိုးကုတ်နှင့် လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး၊ လှိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်၊ ကျောက်စိမ်း စခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

အထက(သောင်ကြီး-ကျုံပျော်)မြတ်ဆရာပူဇော်ပွဲအား ဖြည့်စွက်ဖတ်ရှုပါရန်

၁၁-၂-၂၀၁၃ရက် မြန်မာ့အလင်းကြော်ငြာ စာမျက်နှာ(စ)တွင် အထက (သောင်ကြီး) (ယခင် အလက-သောင်ကြီး)တွင် ၁၉၅၂မှ ယခုထိ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲဟု ဖြည့်စွက်ဖတ်ရှုပါရန်။

ဂျပန်နိုင်ငံသို့ ပညာသင်စရိတ်သက်သာစွာဖြင့်သွားနိုင်ပြီ

- တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ သို့မဟုတ် တက္ကသိုလ်တက်ရောက်နေသူ သို့မဟုတ် ဘွဲ့ရပြီးသူဖြစ်ရမည်၊
- NAT N5, N4 သို့မဟုတ် JLPT N5, N4 အောင်မြင်ပြီးသူဖြစ်ပါက အထူးဝန်ဆောင်မှုဖြင့်ဆောင်ရွက်ပေးပါမည်၊
- NAT N3, N2, N1 သို့မဟုတ် JLPT N3, N2, N1 အောင်မြင်ပြီးသူဖြစ်ပါက အထူးလျှော့နှုန်းဖြင့်ဆောင်ရွက်ပေးပါမည်၊
- လူဦးရေကန့်သတ်ထားပါသဖြင့် အမြန်စာရင်းပေးသွင်းသူအား ဦးစားပေးပါမည်၊

AUNG JAPANESE ACADEMY (အသေးစိတ်စုံစမ်းရန်လိပ်စာ)
No. A 66-68, 4 D, Insein Road, Sanyeiknyein, Kamayut Township
Ph: 095183872, 095363192, 0973060391

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သမီး မစန္ဒာဖြိုး ၁၀/မလန(နိုင်)၂၄၇၂၆၂သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ မိမိ၏သဘောအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

နောက်နောင် မစန္ဒာဖြိုးနှင့် ပတ်သက်သောကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်မယူပါ။

ဖခင် - ဦးအောင်မျိုးဦး
၁၀/မလမ(နိုင်)၁၆၆၇၇၆

၂၀၁၃ခုနှစ် (ဒုတိယအကြိမ်) မိဘမဲ့ကလေးများ၊ ကိတ္တိမသားများနှင့် ဆင်းရဲနွမ်းပါးသည့်ကလေးများ ရှင်သာမဏေအပါး (၂၀၀)စုပေါင်း ရှင်ပြုပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပျဉ်းမပင်ကျေးရွာအုပ်စု၊ သီတဂူလမင်းထေရဝါဒဗုဒ္ဓ သာသနာ့အကျိုးတော်ဆောင်အသင်းကြီးမှကြီးမှူး၍ မိဘမဲ့ကလေးများ၊ ကိတ္တိမသားများနှင့် ဆင်းရဲနွမ်းပါးသည့်ကလေးများအား သာသနာ့ဘောင်သို့သွတ်သွင်းပေးမည့် ရှင်အပါး (၂၀၀) စုပေါင်းရဟန်းခံ၊ ရှင်ပြုအလှူတော်မင်္ဂလာပွဲကြီးကို ၃၀-၃-၂၀၁၃ရက်နှင့် ၃၁-၃-၂၀၁၃ရက်များတွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ သို့ပါ၍ **သာသနာ့အမွေခံယူလိုကြသော သူတော်ကောင်း အပေါင်းတို့မှ** အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ကြပါကြောင်းနှင့် ရှင်သာမဏေများ၊ ရဟန်းများအဖြစ် ငွေကြေးလုံးဝထည့်ဝင်ရန်မလိုဘဲ သာသနာ့ဘောင်သို့ ဝင်ရောက်နိုင်ကြမည်ဖြစ်ပါသောကြောင့် ဝင်ရောက်လိုသူများလည်း ဆက်သွယ်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

ဖုန်း-၀၉-၄၃၁၄၂၀၁၄၊၀၉-၄၉၃၄၈၉၇၀
(သီတဂူလမင်းထေရဝါဒဗုဒ္ဓသာသနာ့အကျိုးတော်ဆောင်အသင်း)

DMA APPROVED
UNIQUE MARINE TRAINING CENTER
သင်တန်းသားများခေါ်ယူခြင်း
BST (4 Tickets)၊ Presea (Deck & Engine) rating နှင့် SSA
BEST(အင်္ဂလိပ်စာ အရည်အချင်းစစ်) ဖြေဆိုရန်မလိုတော့ဘဲ BST (4 Tickets)၊
Presea နှင့် Ship Security Awareness (SSA) သင်တန်းသားများအား
ဦးရေလူစနစ်ဖြင့် လက်ခံနေပြီဖြစ်ပါကြောင်း -
သင်တန်းဝင်ခွင့်ပုံစံနှင့် သင်ကြားမည့် စာအုပ်စာတမ်းများအား အခမဲ့
သင်တန်းဖွင့်မည့်ရက်
BST (4 tickets) -(25.2.2013) (11.3.2013)
Presea -(11.3.2013)
SSA -(23.2.2013)
သင်တန်းဖွင့်လှစ်မည့်နေရာ – စုပေါင်းရုံး၊ ရွာသစ်ချောင်းလမ်း၊
ဆိပ်ကမ်းမြို့နယ်။ ဆက်သွယ်ရန် 09 49247979, 09 49650777

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် အဆောက်အအုံများတည်ဆောက်ခြင်း၊ လုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် အငယ်တန်းအင်ဂျင်နီယာလိုင်စင်၊ အကြီးတန်းအင်ဂျင်နီယာလိုင်စင်၊ အဆောက်အအုံအင်ဂျင်နီယာလိုင်စင် (SEC) လိုင်စင်များထုတ်ပေးရန် အရည်အချင်းစစ်စာမေးပွဲကို ၂၀၁၃ခုနှစ် မတ် ၁၆ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ လိုင်စင်လျှောက်ထားလိုသူများသည် ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် နောက်ဆုံးထား၍ ဤဌာနသို့ လျှောက်လွှာများအား အချိန်မီပေးပို့ကြပါရန် အသိပေးကြေညာအပ်ပါသည်။ (အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၈၁၂၉၁၊ ၀၁-၂၄၈၁၁၂/လိုင်းခွဲ-၂၇၈သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။)

ဌာနမှူး၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဖယ်ခုံမြို့နယ်တရားမရုံးတော်၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ် -၁

၁။ ဦးသန်းထွန်း
ဈေးကုန်းရပ်ကွက်
မိုးဖြဲ၊ ဖယ်ခုံမြို့နယ်
တရားလို

နှင့်

၁။ ဦးစိုးမြင့်(ခ)အိုက်မောင်
၂။ ဒေါ်စိမ်းမေ
(အတူနေ လင်မယား)
ညောင်ပိုင်းရပ်ကွက်၊ မိုးဖြဲ
ဖယ်ခုံမြို့နယ်
တရားပြိုင်များ

ဖယ်ခုံမြို့နယ်၊ မိုးဖြဲကျေးရွာအုပ်စု၊ညောင်ပိုင်းရပ်(ယခုနေရပ်လိပ်စာမသိ)(၁) တရားပြိုင် ဦးစိုးမြင့်(ခ)အိုက်မောင် သိစေရမည်။

သင့်အပေါ်၌ ဦးသန်းထွန်းက ပိုင်ဆိုင်ကြောင်းမြွက်ဟကြေညာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၂၇ ရက် (၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၂ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရမည်။၎င်းပြင်သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင် ဦးသန်းထွန်းက ကြည့်ရှုလိုသော စာရွက်စာတမ်းနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်လက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် ဖေဖော်ဝါရီ ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဥမ္မာစမ်း (တ-၂၆၁၃)
မြို့နယ်တရားသူကြီး၊ ဖယ်ခုံမြို့

ပြင်ဆင်ဖတ်ရှုပေးပါရန်

၁၃-၂-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာကြော်ငြာစာမျက်နှာ(ဂ)၊ ကော်လံ(၃/၄)တွင်ပါရှိသည့် အများသိစေရန် ကြေညာချက်၌ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၁၀ ရပ်ကွက်၊ ၄၈ လမ်း၊ အမှတ် ၁၆၂ (ဟောင်ကောင်နှစ်လွှာတိုက်)၏ ၅-လွှာ၊ အခန်း(၁၀)ဟု ဖော်ပြကြေညာထားရာ အမှတ် ၁၆၂အစား အမှတ် ၁၄၀ ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

၃-၂-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာတွင်ပါရှိသည့် မုဒုံမြို့နေ ၁၀/မဒန(နိုင်) ၁၁၉၂၈၀ ကိုင်ဆောင်သူ ဦးလှစိန်၏သမီးအဖြစ်မှ စွန့်လွှတ်ခြင်းကြော်ငြာခြင်းအား မုဒုံမြို့နေ ဦးလှစိန်နှင့် ကွယ်လွန်သူ ဒေါ်လှဝင်းတို့၏သားသမီးများဖြစ်သော မောင်ဇာနည်ဦး(ခ)ရူပါ ၁၀/မဒန(နိုင်)၁၆၆၁၆၉၊ မသူဇာဝင်း ၁၀/မဒန(နိုင်) ၂၀၂၇၆၆၊ မစန္ဒာဝင်း ၁၀/မဒန(နိုင်)၁၉၈၆၇၁ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးလှစိန်နှင့် အများသိစေရန် ပြန်လည်ကြေညာအပ်ပါသည်။

ဖခင်ဖြစ်သူ ဦးလှစိန်သည် သားသမီးသုံးဦးမှ ၂၀-၄-၂၀၁၂ ရက်တွင် မိခင်ဖြစ်သူ ဒေါ်လှဝင်း ကွယ်လွန်ပြီးနောက် သားသမီးများဝတ္တရားနှင့်အညီ ပြုစုစောင့်ရှောက်ခဲ့သော်လည်း မရွှေ့ပြောင်းနိုင်သော ပစ္စည်းတချို့အား မိမိတစ်ဦးတည်းဆန္ဒဖြင့် ပေါင်နှံသုံးစွဲနေ၍ သားသမီးများက တားမြစ်ခဲ့သဖြင့် သတင်းစာတွင် မမှန်မကန်ကြေညာခဲ့သည့်အပေါ် ပြန်လည်ရုပ်သိမ်းပေးရန် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအားလုံးကိုလည်း သားသမီးများ၏ဆန္ဒမပါဘဲ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းမပြုလုပ်ရန် ဦးလှစိန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်စန္ဒာသိန်း
တရားလွှတ်တော်ရှေ့နေ
စဉ်-၄၄၉၂
အမှတ်-၈၊ မြစေတီလမ်း၊ စက်သစ်ရပ်၊ မြို့မ(၁)၊ မုဒုံမြို့၊ မွန်ပြည်နယ်

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် နှစ်ပတ်လည်ညစာစားပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်၊ အဖွဲ့ဝင်မိသားစုများ၏ တစ်နှစ်တစ်ကြိမ် ဆုံစည်းသည့် နှစ်ပတ်လည်မိသားစုညစာစားပွဲအား ယခုနှစ်တွင် ပထမအကြိမ်အဖြစ် ကျင်းပမည်ဖြစ်ပါသည်။

ယခုနှစ်တွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်၊ အခြေခံပညာအထက်တန်းစာမေးပွဲ၌ ဂုဏ်ထူးသုံးဘာသာနှင့်အထက် ထူးချွန်စွာအောင်မြင်သော အဖွဲ့ဝင်များ၏ သားသမီးရင်သွေးငယ်များအား ဆုချီးမြှင့်မည့်အစီအစဉ် ပါရှိမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်နှင့် ယခင်မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားများအသင်းအဖွဲ့ဝင်မိဘများသည် (အဖွဲ့ဝင်ကတ်၊ ဆုရကျောင်းသား၏ အောင်လက်မှတ်၊ ဓာတ်ပုံနှစ်ပုံ)တို့နှင့် အတူတကွ အဖွဲ့ချုပ်ရုံးသို့ ၁၅-၃-၂၀၁၃ ရက် နောက်ဆုံးထား၍ လျှောက်လွှာတင်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်

ကျင်းပပြုလုပ်မည့်ရက် - ၂၀၁၃၊ မတ် ၃၀ ရက်(စနေနေ့)
ကျင်းပပြုလုပ်မည့်အချိန် - ညနေ ၆ နာရီမှ ၉ နာရီအထိ
ကျင်းပပြုလုပ်မည့်နေရာ - ဆီဒိုးနားဟိုတယ်(Pool Side Level-1)
ဆက်သွယ်ရန်လိပ်စာ - အမှတ်(၅၃)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ၁၁၁၈၂၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ။
ဖုန်း - ၉၅(၁)၃၇၅၈၂၀/ ၃၉၂၀၇၆၊ ၀၉-၇၃၀၅၀၆၀၂၊
ဖက်စ်နံပါတ် - ၉၅(၁)၃၈၁၅၉၂၊ com@myansf.com, www.Msf Myanmar facebook.com

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်း-၂၀)
ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်တရားရုံး
၂၀၁၂ ခုနှစ် တရားမကြီးအမှုအမှတ်-၁၂၆

ဒေါ်ခင်မာဝင်း **(တရားလို)** **နှင့်** ဦးဇော်မင်းထက် **(တရားပြိုင်)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်နေ ဦးဇော်မင်းထက်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်မာဝင်းက "လင်မယားကွာရှင်းပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်၊ (၁၃၇၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်တို့မလာရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေ လက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ရန်နိုင်အောင်
ဒုတိယမြို့နယ်တရားသူကြီး
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ သုမင်္ဂလာလမ်း၊ မြေတိုင်းရပ်ကွက် အမှတ်(စ)၊ မြေကွက်အမှတ် (၃၉၀/ခ) မြေကွက်အကျယ်အဝန်း (အလျား၂၀ပေ × အနံ ၅၀ပေ) ဧရိယာ (၁၀၀၀စတုရန်းပေ) နှစ်(၆၀)မြေငှားဂရန် အိမ်မြေအမည်ပေါက် ဦးမောင်ခင် (၁၀/သဖရ(နိုင်)၀၂၃၁၇၂နှင့်ဇနီး ဒေါ်ကြည်ရှိန်(၁၀/သဖရ (နိုင်) ၀၂၂၈၁၄) တို့ဖြစ်ပြီး မြေကွက်အမှတ် (၃၉၀/က) အိမ်မြေကိုလည်း ၎င်းတို့ကပင် လက်ဝယ်ပိုင်ဆိုင်၍ အဆိုပါ မြေကွက်(၂)ကွက်နှင့်တကွ အိမ်(၂)လုံးအပါဝင် အကျိုးခံစားခွင့်များကို ၎င်းတို့ဇနီးမောင်နှံထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရံပေးကတိစာချုပ်ချုပ်ဆို ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးဝင်းကြွယ်(ဝါးခယ်မ) အထက်တန်းရှေ့နေ၊(စဉ်-၄၁၀၉)
အမှတ်(၂၉)၊ ကြံခင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၈၅၃၇၀၉၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ဂ)၊ ဥက္ကာ (၈)လမ်း၊ မြေကွက်အမှတ်(၂၁၅/ခ)၊ ဧရိယာစတုရန်းပေ ၁၂၀၀၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေအမည်ပေါက် ဒေါ်မြင့်မြင့် ၁၂/ဥကမ(နိုင်)၀၀၆၃၁၉ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၀၃၅/၂၀၁၂ရရှိသူ ဒေါ်ကျင်မြ ၁၄/လပတ(နိုင်)၀၀၂၇၇၄က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နွယ်နီအေး အထက်တန်းရှေ့နေ(LL.B)
ဖုန်း-၀၉-၇၃၁၈၈၀၇၂၊ အမှတ်(၃/၂၀၆)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၀၊ မြေကွက်အမှတ် (၉၂၇+၉၃၀)၊ အကျယ်အဝန်း (ပေ၄၀×၆၀ပေ)ရှိ မြေချပါမစ် နှစ်ကွက်သည် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးမြင့်စိုး အမည်ပေါက်လျက်ရှိပြီး ၎င်းထံမှ ကျွန်တော် ဦးစည်သူထွန်း ၁၂/ရကန(နိုင်)၀၁၈၇၃၇သည် ၃-၁၂-၁၉၉၃ရက်ပါ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်လာခဲ့ပြီး၊ အဆိုပါ မြေချပါမစ်နှစ်ကွက်၏ စာချုပ်မူရင်းများသည် ပျောက်ဆုံးသွားခဲ့ပါသည်။ ထိုသို့ ပျောက်ဆုံးနေမှုအပေါ်တွင် မည်သူမျှ အဆိုပါမြေချပါမစ်မြေကွက်များနှင့်ပတ်သက်၍ တစ်စုံတစ်ရာပြုလုပ်ဆောင်ရွက်ခြင်းများ မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

ဦးစည်သူထွန်း
၁၂/ရကန(နိုင်)၀၁၈၇၃၇

ကြော်ငြာ

UNITED AMARA BANK LTD.

Vacancy Announcement (Local)

ယူနိုက်တက်အမရာဘဏ်လီမိတက်၏ ရန်ကုန်ရုံးခွဲ၊ မူဆယ်ဘဏ်ခွဲနှင့်အသစ်ဖွင့်လှစ်မည့် မန္တလေးဘဏ်ခွဲ (၃)ဘဏ်၊ စမ်းချောင်းဘဏ်ခွဲ၊ မုံရွာဘဏ်ခွဲနှင့် မိတ္ထီလာဘဏ်ခွဲတို့အတွက် အောက်ပါရာထူးများလျှောက်ထားနိုင်ကြောင်းအသိပေးကြေငြာအပ်ပါသည်။

ရန်ကုန်ရုံးခွဲအတွက်

(၁) Manager (Finance) (၁) ဦး (ကျား/မ)

B.Com,CPA ၊ အသက် (၃၅ - ၄၈)နှစ်၊ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁၀)နှစ်နှင့်အထက်၊သက်ဆိုင်ရာရာထူးဖြင့်လုပ်သက်(၂)နှစ်ရှိပြီး Computer Literate ဖြစ်ရမည်။

(၂) Manager (Domestic Transactional Banking) (၁) ဦး (ကျား/မ)

ဘွဲ့ရ၊အသက်(၃၅ - ၅၀) နှစ်၊ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာရာထူးဖြင့်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိပြီးဘဏ်လုပ်သက် (၁၀)နှစ်နှင့်အထက် ရှိရမည်။

(၃)Manager (ATM Card) (၁) ဦး (ကျား/မ)

ဘွဲ့ရ၊ အသက်(၃၅ - ၅၀) နှစ်၊ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာရာထူးဖြင့်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိပြီးဘဏ်လုပ်သက်(၁၀)နှစ်နှင့်အထက် ရှိရမည်။ ATM Cardဌာနတွင် အတွေ့အကြုံရှိပြီး တာဝန်ခံအဖြစ်လုပ်ကိုင်နိုင်သူဖြစ်ရမည်။

(၄) Manager (Cash) (၁) ဦး (ကျား/မ)

ဘွဲ့ရ၊ အသက်(၃၅ - ၅၀) နှစ်၊ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာရာထူးဖြင့်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၂)နှစ်ရှိပြီးဘဏ်လုပ်သက်၁၀)နှစ်နှင့်အထက် ရှိရမည်။ ငွေကြေးဌာနတွင် အတွေ့အကြုံရှိပြီးတာဝန်ခံအဖြစ်လုပ်ကိုင်နိုင်သူဖြစ်ရမည်။

(၅) Manager (Project Management) (၁) ဦး (ကျား/မ)

MBA, MPA, M-Devs.၊ အသက်(၃၅ - ၄၅) နှစ်၊သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ (၅) နှစ်၊ Good in English (4) Skill , Negotiation, Cooperation and Communication Skillကျွမ်းကျင်ရမည်။ Computer Literate ဖြစ်ရမည်။

(၆) Deputy Manager (Finance-Domestic Transaction) (၂) ဦး (ကျား/မ)

ဘွဲ့ရ၊အသက် (၃၅ - ၄၅)နှစ်၊ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာရာထူးဖြင့်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိပြီးဘဏ်လုပ်သက်(၈)နှစ်နှင့်အထက် ရှိရမည်။Computer Literate ဖြစ်ရမည်။

(၇) Deputy Manager (Compliance) (၁) ဦး (ကျား/မ)

ဘွဲ့ရ၊အသက် (၃၅ - ၄၅)နှစ်၊ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာရာထူးဖြင့်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိပြီးဘဏ်လုပ်သက်(၈)နှစ်နှင့်အထက် ရှိရမည်။Computer Literate ဖြစ်ရမည်။

(၈) Assistant Manager/Supervisor (ATM Card) (၅) ဦး (ကျား/မ)

ဘွဲ့ရ၊အသက် (၂၈ - ၄၅)နှစ်၊ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာရာထူးဖြင့်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိပြီးဘဏ်လုပ်သက် (၅)နှစ်နှင့်အထက် ရှိရမည်။Computer Literate ဖြစ်ရမည်။ATM Card ဌာနတွင်အတွေ့အကြုံရှိသူဖြစ်ရမည်။

(၉) MBA ဘွဲ့ရ (၁၅) ဦး (ကျား/မ)

အသက် (၂၅ - ၃၅)နှစ်၊ Good in English (4 Skills)၊ Computer Literate၊ လုပ်ငန်းအတွေ့အကြုံရှိသူဦးစားပေးမည်။

(၁၀) Supervisor/Assistant Supervisor (Treasury) (၅) ဦး (ကျား/မ)

ဘွဲ့ရ၊ MBA/DMA ဦးစားပေး၊ အသက် (၂၈ - ၃၅)နှစ်၊ Foreign Exchange/Money Changer/Trading/Marketing အတွေ့အကြုံရှိသူဖြစ်ရမည်။

ဘဏ်ခွဲများအတွက်

(၁)Manager / Deputy Manager (မန္တလေးဘဏ်ခွဲ(၃)ဘဏ် ၊ မုံရွာဘဏ်ခွဲ၊ မိတ္ထီလာဘဏ်ခွဲ) (၇) ဦး (ကျား/မ)

ဘွဲ့ရ၊အသက် (၃၅ - ၅၀)နှစ်၊ ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာရာထူးဖြင့် တာဝန်ခံ၊ ဒုတိယတာဝန်ခံအဖြစ် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိပြီး ဘဏ်လုပ်သက် (၁၀)နှစ်နှင့်အထက်ရှိရမည်။

(၂) AssistantManager (မန္တလေးဘဏ်ခွဲ(၃)ဘဏ် ၊ စမ်းချောင်းဘဏ်ခွဲ၊ မိတ္ထီလာဘဏ်ခွဲ) (၁၀) ဦး (ကျား/မ)

ဘွဲ့ရ၊အသက် (၃၀ - ၄၅)နှစ်၊ ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာရာထူးဖြင့် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိပြီးဘဏ်လုပ်သက် (၅)နှစ်နှင့် အထက်ရှိရမည်။

(၃) Supervisor/Assistant Supervisor/Senior Assistant (မန္တလေးဘဏ်ခွဲ(၃)ဘဏ် ၊ စမ်းချောင်းဘဏ်ခွဲ) (၃၀) ဦး (ကျား/မ)

ဘွဲ့ရ၊အသက် (၂၅ - ၃၅)နှစ်၊ ဘဏ်လုပ်ငန်းတစ်ခုခုတွင် သက်ဆိုင်ရာရာထူးဖြင့် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိပြီးဘဏ်လုပ်သက် (၃)နှစ်နှင့်အထက် ရှိရမည်။

(၄) Supervisor/Assistant Supervisor (မူဆယ်ဘဏ်ခွဲ) (၅) ဦး (ကျား/မ)

ဘွဲ့ရ၊ အသက်(၂၈-၄၀)နှစ်၊ ဘဏ်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်အထက်ရှိပြီးသက်ဆိုင်ရာရာထူးဖြင့် တာဝန်ထမ်းဆောင်ဖူးသူဖြစ်ရမည်။

လျှောက်ထားသူများသည် အောက်ပါလိပ်စာအတိုင်းမိမိတို့၏ကိုယ်ရေးရာဇဝင်အကျဉ်းအား လုပ်ငန်းအတွေ့အကြုံ ထည့်သွင်းရေးသား၍ ဓာတ်ပုံနှစ်ပုံ၊ ပညာအရည်အချင်းထောက်ခံစာ၊မိတ္တူ၊ရဲစခန်းထောက်ခံစာ၊လေဘာ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ တို့အားပူးတွဲ၍ (၈-၃-၂၀၁၃)နေ့နောက်ဆုံးထား၍ စာတိုက်မှတစ်ဆင့်/Email /လူကိုယ်တိုင်လာရောက်၍လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရမည့်လိပ်စာ- အမှတ်(520/A4)၊ ပွင့်သစ်စမ်းစားသောက်ဆိုင်(ဒုတိယထပ်)၊ ကမ္ဘာအေးဘုရားလမ်း၊ဗဟန်းမြို့နယ်၊ရန်ကုန်မြို့။

ဆက်သွယ်ရမည့်ဖုန်းနံပါတ်- 01-8603009~18 **(HR Department) , Email - uabhohr@unitedamarabank.com**

ဆက်သွယ်ရမည့်လိပ်စာ- အမှတ်(၁၅/၁၈၇)၊ ၂၆ ဘီလမ်း ၊ ၈၇လမ်းနှင့်၈၈လမ်းကြား၊ ဘုရင့်နောင်လမ်း၊ အောင်မြေသာဇံ၊ မန္တလေးမြို့။

ဆက်သွယ်ရမည့်ဖုန်းနံပါတ်- 02-24810 ~ 24 မန္တလေး ၊ အထက်မြန်မာပြည်ဒေသရုံး(ရုံးခွဲ) **(HR Department)**

လက်ထပ်ထိမ်းမြားပြီးစီးကြောင်း

မုဒုံမြို့၊ ကျောင်းသစ်ရပ်၊ ဗညားနွဲ့လမ်း၊ အမှတ် ၄၉ နေ
ဦးစိန်ဝင်း(မန်နေဂျာ၊ မုဒုံမြို့နယ် သ/မအသင်း)-ဒေါ်ခင်သန်းနွဲ့ (ဦးစီးအရာရှိ၊ စိုက်ပျိုးရေး ဦးစီးဌာန၊ မွန်ပြည်နယ်)တို့၏သားကြီး

ဗိုလ်မှူး/ဗိုလ်ကြီးစောအောင် B.E (EC) DSTA
M.E (M.A.I, Russia). Ph. D (M.A.I, Russia)

လ/ထ ကထိက (စတသ၊ ပြင်ဦးလွင်)နှင့်

ပြင်ဦးလွင်မြို့၊ ရေချမ်းအိုးတောင်ရွာ၊ အမှတ်(၆၇၅)နေ
ဦးခင်မောင်ဝင်း [လ/ထ အင်ဂျင်နီယာ(မြို့ပြ)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဖားကန့်မြို့]-ဒေါ်ခင်သိန်းမြင့်တို့၏ သမီးငယ်

မထူးထူးအောင် B.A (Eco:)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၁၂-၂-၂၀၁၃ရက်တွင် ပြင်ဦးလွင်မြို့၊ မြနန်းတော်ဟိုတယ်၌ လက်ထပ်ထိမ်းမြားပြီးစီးပြီးဖြစ်ပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် ဗိုလ်မှူး/ဗိုလ်ကြီးစောအောင်-မထူးထူးအောင်**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ လေလံတင်ရောင်းချရန် ကြေညာခြင်း

၁။ မြန်မာ့မီးရထားမှပြန်လည်အသုံးပြု၍မရတော့သည့် အောက်ပါပစ္စည်းများအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချပါမည်-

တင်ဒါအမှတ် ၅/၂၀၁၂-၂၀၁၃/မမ

စဉ်	ပစ္စည်းအမျိုးအမည်	ပြွန်တန်ဆာကွန်ဖားစက်ရုံ	မတ္တမကွန်ဖားစက်ရုံ
၁။	P.C Wire ဖြတ်စ	၄၀.၃၂ တန်	၃၅ တန်
၂။	Spring Steel ဖြတ်စ	-	၂၄ တန်

ပိတ်ရက်/အချိန် - ၅.၃.၂၀၁၃(အင်္ဂါနေ့) (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၁၅.၂.၂၀၁၃)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၄င်းဌာနသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊
မြန်မာ့မီးရထားကုန်သည်လမ်းနှင့်(၅၁)လမ်းထောင့်၊
ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့ ဖုန်း-၂၉၁၉၉၁၊ ၂၉၁၉၉၄

Hotel Apple (Nay Pyi Taw)

Room Rate - 18000 Kyats

ph:09-8636624

RIVER VIEW HOTEL

20% Discount

28.2.2013 ထိ

ပြည်တွင်းပြည်ပဧည့်သည်များ ဈေးနှုန်းချိုသာစွာဖြင့် တည်းခိုနိုင်ပါပြီ။

No.374, Strand Road, Botahtaung Tsp, Yangon, Myanmar.
Tel : 95-01-296731, 95-01-297355

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/မြောက်ရပ်ကွက်၊ မြေနီကုန်းဈေးလမ်း၊ အမှတ်-၆၆၊ ငါးလွှာ(A)၊အကျယ်ပေ(၁၅×၁၆)ရှိတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မူလနေထိုင်သူ ဒေါ်နွယ်စန်းဝင်းMGDN-၀၀၁၃၃၁ထံမှ ၂၁-၁၀-၂၀၀၅ ရက်စွဲပါ အပျောက်တိုက်ခန်း အရောင်းအဝယ်စာချုပ်အရ ဝယ်ယူပိုင်ဆိုင်၍ လက်ဝယ်ထားရှိသူ ဒေါ်မို့မို့နိုင် ၉/ပဘန(နိုင်)၀၁၀၀၇၈ မှလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေကဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ကန့်ကွက်ခြင်းမရှိပါကဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး — **အထက်တန်းရှေ့နေ(စဉ်-၃၂၃၅)**
ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**

အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ အောက်ဝါးနက်ချောင်းကျေးရွာအုပ်စု၊ ဦးပိုင်အမှတ် ၅၄/၁၊ ၅၃/၁၂၊ ကွင်းအမှတ် ၅၉၄-A၊ ဧရိယာ ၁ ဒသမ ၂၇၈က ဥယျာဉ်လယ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မြေစာရင်းပုံစံ(၁၀၅)တွင် ဦးအောင်ကျော်ဦး အမည်ပေါက်ပိုင်ဆိုင်ပြီး ၄င်းထံမှ အပြီးအပိုင်ဝယ်ယူထားသူ ဒေါ်သက်သက်အောင်က တရားဝင်လက်ရှိပိုင်ဆိုင်သူဖြစ်ကြောင်း ဝန်ခံပြောဆိုသဖြင့် ၄င်းထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်း အဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်စပါယ် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၇၇)
အမှတ် ၁၁၉(လေးလွှာ)၊ ၁၅၇လမ်း၊တာမွေကြီး(က+ဂ)ရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၂၂၄၇၆၃၇၃

အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်
(SME Microfinance)

ဤဘဏ်တွင် အရာထမ်းအဖြစ် လျှောက်ထားပြီးသူများအတွက် အင်္ဂလိပ်စာကျွမ်းကျင်မှု ရေးဖြေစာမေးပွဲကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်-

ဖြေဆိုမည့်နေ့ရက် - ၂၄-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)

ဖြေဆိုရမည့်အချိန် - နံနက် ၁၁:၀၀ နာရီမှ မွန်းလွဲ ၂ နာရီ

ဖြေဆိုရမည့်နေရာ - အထက(၁)ရန်ကင်း(ရန်ကင်းလမ်းမကြီး)

မှတ်ချက်။ ။နိုင်ငံသားစိစစ်ရေးကတ်ပြားယူဆောင်လာရန်

ပဋ္ဌာန်းသမ္မာပွဲဒ်သင်တန်းနှင့် ယဉ်ကျေးလိမ္မာကလေးအထူးတရားစခန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျိုက်ဒေးဒလွန်ဘုရားကြီးအနီးရှိ ထေရီဓမ္မရိပ်သာကြီးတွင်း၌ ပဋ္ဌာန်းသမ္မာပွဲဒ်သင်တန်းနှင့် ကလေးအထူးတရားစခန်းပွဲကို ၂-၃-၂၀၁၃ရက်မှ ၄-၃-၂၀၁၃ရက်အထိ ကျင်းပဖွင့်လှစ်သွားမည်ဖြစ်ပါ၍ (၅)တန်းမှ (၈)တန်းအထိ တရားဝင်လိုသော ကျောင်းသား ကျောင်းသူများအနေဖြင့် ၂၀-၂-၂၀၁၃ရက်မှစ၍ ကြိုတင်စာရင်း ပေးသွင်းနိုင်ပြီဖြစ်ကြောင်း ဖိတ်ကြားအပ်ပါသည်။

ကျောင်းသား ကျောင်းသူများ ရောက်ရှိရမည့်ရက် ၁-၃-၂၀၁၃ရက် ညနေ ၄:၀၀နာရီအရောက်။

အကျိုးတော်ဆောင်အဖွဲ့
ထေရီဓမ္မရိပ်သာ
ဖုန်း-၀၉-၅၄၀၄၃၉၄၊ ၀၉-၅၀၃၈၈၇၅

ကန့်ကွက်နိုင်ပါကြောင်း

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇/H ၊ မြေကွက်အမှတ် ၂/ဃ⁶+၂ ဃ-၇/၄ +၂ င¹/၃ / A မြေကွက်တည်နေရာအမှတ်-၂၃/D၊ မင်္ဂလာလမ်း၊ နံ့သာကုန်း၊အင်းစိန် ဦးတင်ထွန်းရင်၊ဒေါ်ဥမ္မာမော် အမည်ပေါက်မြေပိုင်မြေအား အစ/ပုံ-၂၅၄၈/၁၀(၁၂-၈-၁၀)ဖြင့် အမည်ပေါက် ဦးတင်ထွန်းရင်၊ ဒေါ်ဥမ္မာမော်တို့မှ စွန့်လွှတ်မြေပုံနှင့် အရောင်းမြေပုံကူးလျှောက်ထားခဲ့ပြီး အမည်ပေါက်များမှ စွန့်လွှတ်မြေပုံနှင့် အပြန်အလှန် စွန့်လွှတ်စာချုပ်ချုပ်ဆိုပြီးကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံမှာ ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာတင်ပြပြီး ဒေါ်ဥမ္မာမော်+၁တို့မှ ခြံစည်းရိုးကာရံနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက် ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

အဆောက်အအုံ - (100' × 220')

အထည်ချုပ်စက်ရုံ တစ်နှစ်လုပ်ပြီး။ မြေ (2.5) ဧက၊

(160)KVA TRANSFORMER ပါပြီး။

Generator - 25KVA (သုံးလုံး)

(သိန်း -၃၁၀၀)

မှော်ဘီမြို့နယ်အောက်ဝါးနက်ချောင်း၊ ဓမ္မဒူတကျောင်းအနီး။

ဆက်သွယ်ရန် ဖုန်း-၀၁-၆၂၀၂၃၃၊ ၀၉-၅၁၈၅၉၉၂

ကြော်ငြာ

တစ်ဦးတည်းဖြစ်ပါကြောင်း

နော်ဆာနီးတို ၆/ထဝန(နိုင်)၁၀၉၂၈၈ ၏ဖခင် စောပါနာတူး ၆/ထဝန(နိုင်)၀၉၂၁၅၃ နှင့် စောတာနာတူး ၆/ထဝန(နိုင်)၀၉၂၁၅၃ တို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

စောပါနာတူး(ခ)စောတာနာတူး

မြေကွက်များဝယ်လိုသည်

ရန်ကုန်မြို့၊ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒဂုံမြို့သစ်တောင်ပိုင်း၊ဆိပ်ကမ်းရှိ မြေကွက်များ ဝယ်လိုသည်။

☎ - ၀၉-၄၄၈၀၂၅၃၄၂
၀၉-၃၃၂၃၄၆၅၆
၀၉-၃၃၂၂၉၉၆၅

(၁)လပြည့် လွမ်းဆွတ်သတိရခြင်း
ဦးကျော်မြင့်(ခ)U JOE
(၁၇-၁-၁၃)-(၁၇-၂-၁၃)

ကျေးဇူးကြီးမားလှတဲ့အဖေ သမီးတို့ကို မမျှော်လင့်ဘဲ ခွဲခွာသွားခဲ့တာ ဒီနေ့ဆို (၁)လပြည့်ပေမယ့်လည်း သမီးတို့ရဲ့ ရင်ထဲမှာတော့ မနေ့ကလိုဘဲသတိရပြီး နှမြောတသဖြစ်နေဆဲပါအဖေ။ အဖေမရှိတော့ပေမယ့်လည်း အဖေ့အနားမှာရှိနေသလို ခံစားနေရပြီး အဖေ့ရဲ့ ဖြူစင်တဲ့စိတ်ထား၊ သူတကာကို ကူညီတတ်တဲ့စေတနာ၊ အဖေ့ရဲ့ သွန်သင်ဆုံးမမှု၊ စိတ်ပူတတ်မှုနဲ့ စည်းကမ်းရှိလှတဲ့ အဖေ့အပေါ် ကျေးဇူးများဆပ်၍ မကုန်ခဲ့ပါဘူး၊ သားသမီးအပေါ် ရယူလိုမှုမရှိဘဲ ပေးဆပ်ခွင့်လွှတ်အနစ်နာခံပြီးချစ်ခဲ့တဲ့ အဖေ့ရဲ့မေတ္တာတရားဟာ အင်မတန်မှကြီးမားပြီး တန်ဖိုးဖြတ်မရဘူးအဖေရယ်။

အဖေ့ရဲ့ ကျေးဇူးတရားနဲ့၊ မေတ္တာတရားကိုတော့ ဘယ်လိုမှမေ့မရပါဘူးအဖေရယ်၊ အဖေ့အတွက် ပြုလုပ်သမျှကောင်းမှုကုသိုလ်များကိုလဲ ရောက်ရာဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုနိုင်ပါစေ။ **ချစ်သားသမီးများ**

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်း
အခြေခံပန်းအလှပြုပြင်မှုသင်တန်း ၁/၂၀၁၃ဖွင့်မည်

သင်တန်းကာလ	-	၂၅-၂-၂၀၁၃ရက်မှ ၄-၃-၂၀၁၃ရက်အထိ
သင်တန်းအချိန်	-	မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ
သင်တန်းကြေး	-	ကျပ် (၂၀၀၀၀)
သင်တန်းနေရာ	-	ပြည်သူ့ရင်ပြင်နှင့်ပြည်သူ့ဥယျာဉ်အတွင်း **ဖုန်း-၀၁-၃၇၉၃၆၁၊ ၀၉-၄၂၁၀၉၈၁၄၃**

မင်္ဂလာ-နား အလှပြုပြင်ရေး

ဖုန်း-၀၁-၂၉၉၈၃၉၊ ၀၉-၅၁၉၉၂၀၇၊ ၀၉-၅၁၇၉၀၂၄

- ခေတ်မီ မနာမကျင်သောနည်းဖြင့် နားဖောက်သည်။ ပိတ်သည်။
- နားပေါက် (အဟောင်း၊ အကျယ်၊ အပြတ်နှင့် ပုံမကျသောနားပေါက်)များကို မနာမကျင်သောနည်းဖြင့် နဂိုအတိုင်းဖြစ်အောင် သေသပ်လှပစွာ ပြုပြင်ပေးပါသည်။
- နားသီးများကို မခွဲစိတ်ရဘဲ နဂိုအတိုင်းဖြစ်အောင် ပြုပြင်ပေးပါသည်။

အမှတ်(၂)၊ ဓီဇဝါလမ်း၊ ရေကျော်ဈေးအနီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့

ခြံအိမ်ငှားမည်/ ရောင်းမည်

ပြင်ဦးလွင်မြို့၏ အချက်အချာကျသော နေရာတွင် တည်ရှိသည့် ဟိုတယ်လုပ်ရန် အသင့်ရှိသော အဆောက်အဦးအား ငှားရန်/ ရောင်းရန်

ဖုန်း၊ ၀၉ - ၂၀၁၃၄၄၁၊ ၀၉ - ၂၀၁၉၆၉၀

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ဒက္ခိဏခရိုင်တရားရုံး

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၁၀

မြို့နယ်အုပ်ချုပ်ရေးမှူး **နှင့်** ဦးလှိုင်ဝင်း
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
နေပြည်တော်၊ လယ်ဝေးမြို့။
တရားလို **တရားပြိုင်**

နေပြည်တော်၊ လယ်ဝေးမြို့၊ ရေကာကျေးရွာအုပ်စု၊ ရေကာရွာနေ ဦးလှိုင်ဝင်း(ဘ)ဦးလှုပို (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပုလဲယူရီးယားဓာတ်မြေသြဇာ ၇၀၇ အိတ်၏တန်ဖိုး ၁၁၂၄၁၃၀၀ိ/ (ကျပ်တစ်ရာတစ်ဆယ့်နှစ်သိန်းလေးသောင်းတစ်ထောင့်သုံးရာတိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မတ် ၈ရက် (၁၃၇၄ခုနှစ် တပို့တွဲလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်ဝင်းဆွေ)
ခရိုင်တရားသူကြီး
ဒက္ခိဏခရိုင်တရားရုံး

အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တိုက်ကြီးမြို့နယ်၊ သရက်ချောင်းကျေးရွာအုပ်စု၊ သရက်ချောင်းကျေးရွာနေ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းမြင့် ၁၂/တကန(နိုင်)၀၉၈၉၈၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းမြင့်၏သမီးဖြစ်သူ မရီရီစိုး ၁၂/တကန(နိုင်)၀၉၈၉၇၈သည် မိခင်၏ဆိုဆုံးမမှုကို မနာခံဘဲ မိခင်နှင့်မောင်နှမများအား အကြိမ်ကြိမ်အရှက်တကွဲအကျိုးနည်းအောင် အမျိုးမျိုးပြုမူဆောင်ရွက်နေပါသဖြင့် ကျွန်ုပ်မိတ်ဆွေ၏ သမီး မရီရီစိုးအား ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ မရီရီစိုးနှင့် ပတ်သက်သော ပြဿနာကိစ္စအဝဝကို မိခင်နှင့် မောင်နှမများမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အသိပေးအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မြတ်မြတ်စိုး
တရားလွှတ်တော်ရှေ့နေ
(စဉ်-၇၄၆၇)
အမှတ် (၇၁/၃ခ)၊ ဌာနာလမ်း၊ ဌာနာရပ်ကွက်၊ အလုံ၊ ရန်ကုန်၊
ဖုန်း-၀၉-၄၉၃၀၅၅၀၃၊ ၀၉-၇၃၀၄၃၁၅၂

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ကြည် (ပဲခူး)
အသက် (၉၂)နှစ်

ပဲခူးမြို့နေ (ဦးဟုတ်စိန်-ဒေါ်ကျင်စိန်)တို့၏သမီး၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ ဦးလှော်ခြံလမ်း၊ အမှတ် ၁၃/ခနေ ဒေါက်တာဖုန်းမြင့်-ဒေါ်ခင်ဆင့်ဟန်၊ ဦးသိန်းလှိုင်-ဒေါ်ခင်မြင့်မြင့်၊ ဦးခင်မောင်ချို-ဒေါ်ဆွေဆွေမြင့်၊ ဒေါက်တာမြင့်အောင်-(ဒေါ်သီတာမြင့်) တို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား၊ (ဦးကြီးမြင့်)(မော်ကွန်းဝင်ပထမဆင့်)၏ဇနီးသည် ၁၃-၂-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ည ၁၁း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ယဉ်ကြည် (သံဖြူဇရပ်)

အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ ဦးနေလင်း(စီမံကိန်းဒါရိုက်တာ)နှင့် နေပြည်တော်လေဆိပ်စီမံကိန်းမှ ဦးပို့ကြည်(လက်ထောက်မန်နေဂျာ)တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ယဉ်ကြည်သည် သံဖြူဇရပ်မြို့နေအိမ်၌ ၁၃-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

နေပြည်တော်လေဆိပ်ဝန်ထမ်းမိသားစု
Asia World Co.,Ltd.
Pioneer Aerodrome Service Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ယဉ်ကြည် (သံဖြူဇရပ်)

အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ ဦးနေလင်း(စီမံကိန်းဒါရိုက်တာ)၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ယဉ်ကြည်သည် သံဖြူဇရပ်မြို့နေအိမ်၌ ၁၃-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ရန်ကုန်လေဆိပ်ဝန်ထမ်းမိသားစု
Asia World Co.,Ltd.
Pioneer Aerodrome Service Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ယဉ်ကြည် (သံဖြူဇရပ်)

အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ ဦးနေလင်း(စီမံကိန်းဒါရိုက်တာ)၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ယဉ်ကြည်သည် သံဖြူဇရပ်မြို့နေအိမ်၌ ၁၃-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **စက်မှုတက္ကသိုလ် အပတ်စဉ်(၇၈)သူငယ်ချင်းများ**

နေပြည်တော်လေဆိပ်စီမံကိန်း

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ယဉ်ကြည် (သံဖြူဇရပ်)

အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ ဦးနေလင်း(စီမံကိန်းဒါရိုက်တာ)၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ယဉ်ကြည်သည် သံဖြူဇရပ်မြို့နေအိမ်၌ ၁၃-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စီမံကိန်းဒါရိုက်တာနှင့် ဝန်ထမ်းမိသားစု
သီလဝါဆီသိုလှောင်ကန်တည်ဆောက်ရေးစီမံကိန်း
Asia World Co.,Ltd.

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ယဉ်ကြည် (သံဖြူဇရပ်)

အေးရှားဝေါလ်ကုမ္ပဏီလီမိတက်မှ ဦးနေလင်း(စီမံကိန်းဒါရိုက်တာ)၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ယဉ်ကြည်သည် သံဖြူဇရပ်မြို့နေအိမ်၌ ၁၃-၂-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ **တည်ဆောက်ရေးအဖွဲ့များ**

နေပြည်တော်လေဆိပ်တည်ဆောက်ရေးစီမံကိန်း

ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ဂျေ၊ မြေကွက်အမှတ် ၁၁၂/၄-၁၈ဘီ^{၂ဘီ}၊ မြေကွက်တည်နေရာအမှတ် ၈၈(အေ)၊ ကမ္ဘောဇလမ်း၊ ဗဟန်းမြို့နယ် ဒေါ်သင်းသင်းအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်သင်းသင်းထံမှ အရောင်းအဝယ်စာချုပ် ၁၇၉၀/၂၂-၆-၂၀၀၉ဖြင့် ဒေါ်မြသီတာ(ခ)ဒေါ်ရီရီဦးမှ ဝယ်ယူပိုင်ဆိုင်ပြီး ၎င်းထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၁၂၅၈/၉-၃-၂၀၁၂ ဖြင့် ပိုင်ဆိုင်သူ ဦးမျိုးမင်းအောင် ၇/ပခန(ပြု)၀၀၀၀၄၄က မြေငှားဂရန်မူရင်း ပျောက်ဆုံးကြောင်း ကျမ်းကိုန်လွှာ၊ရဲစခန်း၊ ရပ်ကွက်အထွေထွေအုပ်ချုပ်ရေးမှူး ရုံးထောက်ခံစာနှင့် အရောင်းအဝယ်စာချုပ်အမှတ် ၁၇၉၀/၂၂-၆-၂၀၀၉ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး လက်ခံအမှန်တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဗိုလ်မှူးကြီးရဲမြင့် (ငြိမ်း) (BC-၅၉၂၂)
မော်ကွန်းဝင် (ဒုတိယဆင့်)
ချင်းပြည်နယ်ဒေသပါတီကော်မတီ ဥက္ကဋ္ဌ
မန္တလေးတိုင်းဒေသကြီးပါတီကော်မတီ ဥက္ကဋ္ဌ
ဗဟိုနိုင်ငံရေးတက္ကသိုလ်ကျောင်းအုပ်ကြီး
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိရိပ်သာလမ်းသွယ်(၁)၊ အမှတ် (၄၀)နေ (ဦးမောင်ထွား-ဒေါ်မယ်တင်)တို့၏သား၊ (ဒေါ်ခင်ဖြူနွဲ့)၏ခင်ပွန်း၊ [ဗိုလ်ကြီးညွန့်လွင်(ငြိမ်း)-ဒေါ်ခင်ထူး]တို့၏ညီ၊ (ဒေါ်ငြိမ်းအောင်)၊ (ဦးမျိုးတင့်)-ဒေါ်မြသန်းတို့၏အစ်ကို၊ ဦးခင်မောင်မြင့်-ဒေါ်ဝေဝေ(UP 2 Industry Co.,Ltd.)၊ (ဦးခိုင်ဇော်မြင့်)-ဒေါ်ချစ်ချစ်ဝင်း(မန္တလေးသစ်စက်)၊ (ဦးဇာနည်မြင့်)-ဒေါ်သွယ်သွယ်စန်း (ငွေတောင်ဆေးလိပ်)တို့၏ဖခင်၊ မောင်ရဲပြည့်ဇော် (Bar One 4 Gastropub)၊ မောင်အောင်ကို၊ မဆုမြတ်သွယ်တို့၏အဘိုးသည် ၁၃-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ည ၁၁း၁၀နာရီတွင် ရန်ကုန်မြို့အာရုတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၉-၂-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၉နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးစံဖေ (ခ)ဂေါ်ရှမ်ပီ
အသက် (၉၇)နှစ်

ဦးမြင့်ရွှေ(ရွှေဘုရင်ဆောက်လုပ်ရေး)-ဒေါ်ခင်စန်းကြူတို့၏ဖခင် ဦးစံဖေသည် ၂၄-၁-၂၀၁၃ရက် အမေရိကန်နိုင်ငံမှာ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးကျော်ခင်(ခ)ဦးစံခင်း မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးစိုးအေး
ပြည်နယ်ဝန်ကြီး၊ ရခိုင်ပြည်နယ် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
အသက်(၆၅)နှစ်

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်နယ်ဝန်ကြီး ဦးစိုးအေးသည် ၆-၂-၂၀၁၃ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

သံတွဲခရိုင်ပြည်နိုင်ဖြိုးပါတီ

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံကျော် ရုပ်ရှင်နှင့်ဗီဒီယိုဟာသ သရုပ်ဆောင် အကယ်ဒမီဦးမော့စ် အသက်(၅၉)နှစ်သည် ၁၃-၂-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄း၂၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဝင်းဝင်းအမွှေးတိုင်နှင့် ဖယောင်းတိုင်လုပ်ငန်း မိသားစု

တစ်လပြည့်လွမ်းဆွတ်သတိရခြင်း
မောင်စည်သူအောင်
အသက်(၂၀)

သားရေ…ဖေဖေ မေမေတို့ရဲ့ မိသားစုဘဝလေးထဲက ရုတ်တရက် ထွက်ခွာသွားတာ ဒီနေ့ ၁၇-၂-၂၀၁၃ရက်ဆို တစ်လပြည့်ပြီသားရေ-ဖေဖေ မေမေတို့အားလုံး သားကို နှမြောတသ ယူကျုံးမရလွမ်းဆွတ်နေဆဲပါ။ သားအတွက် ရည်စူးပြီးပြုပေးတဲ့ ကောင်းမှုကုသိုလ်အားလုံး သားရရှိပြီး မြင့်မြတ်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။

ကျန်ရစ်သူမိသားစု
ဒုတိယဗိုလ်မှူးကြီးထင်ပေါ်(ငြိမ်း)-ဒေါက်တာစိုးစိုးအောင်
ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ လှိုင်ကော်တက္ကသိုလ်

အထူးကျေးဇူးတင်ရှိခြင်း

၁၇-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားခဲ့သော မောင်စည်သူအောင်၏ နာရေးကိစ္စအဝဝတွင် လူကိုယ်တိုင်လာရောက်အားပေး နှစ်သိမ့်သူများ၊ ရပ်နီးရပ်ဝေးမှ ဖုန်းဖြင့် အားပေးနှစ်သိမ့်ကြသူများ၊ လွမ်းသူ့ပန်းခြင်းပေးပို့ကြသူများ၊ သတင်းစာများတွင် ဝမ်းနည်းကြေကွဲမှုမှတ်တမ်းဖော်ပြသူများ၊ လိုက်ပါပို့ဆောင်ပေးကြသူများ၊ အလှူဒါနပြုရန် ပါဝင်ကူညီပေးကြသူများ၊ ကွယ်လွန်ချိန်မှစ၍ ရက်လည်ပြီးချိန်အထိ လိုလေသေးမရှိအောင် ဝိုင်းဝန်းပံ့ပိုးပေးကြပါသော ဆရာသမား၊ မိတ်ဆွေသူငယ်ချင်းအပေါင်းတို့အား ကျန်ရစ်သူမိသားစုမှ လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု
ဒုတိယဗိုလ်မှူးကြီးထင်ပေါ်(ငြိမ်း)-ဒေါက်တာစိုးစိုးအောင်
ပါမောက္ခ(ဌာနမှူး)၊ သမိုင်းဌာန၊ လှိုင်ကော်တက္ကသိုလ်မိသားစု

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဗိုလ်မှူးကြီးရဲမြင့် (ငြိမ်း)

BC- ၅၉၂၂

ယခင် ချင်းပြည်နယ်ဒေသပါတီကော်မတီဥက္ကဋ္ဌ၊

ယခင် မန္တလေးတိုင်းဒေသကြီး ပါတီကော်မတီဥက္ကဋ္ဌ၊

ဗဟိုနိုင်ငံရေးတက္ကသိုလ်ကျောင်းအုပ်ကြီး

အသက်(၈၆)နှစ်

၁၃-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရ၍ မိသားစုနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှမြင့်

ယခင် ဝမ်းတွင်းမြို့နယ်ပါတီယူနစ်ဥက္ကဋ္ဌနှင့်ဇနီး မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျင်တုတ်

(အောင်အီလက်ထရွန်နစ်၊ ပုသိမ်)

အသက်(၈၆)နှစ်

ပုသိမ်မြို့၊ အမှတ် 15-C/D၊ ကုန်သည်လမ်းနေ ဦးကျင်တုတ် (အောင်အီလက်ထရွန်နစ်) အသက်(၈၆)နှစ်သည် ၁၄-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူး ဝမ်းနည်းကြေကွဲရပါသည်။

ပြည့်စုံဝင်းနိုင်ကုမ္ပဏီလီမိတက်

ဦးထွန်းကြည် (ထော်နွတ်)

တိ/မွေး ကု(ငြိမ်း)

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ကင်းဝန် ၃လမ်း၊ အမှတ် ၁၁၀၃နေ ဒေါ်လှမြင့်၏ခင်ပွန်း၊ ကိုဝင်းဇော်ထွန်း-မထားထား မြင့်၊ ကိုဝင်းမော်ထွန်း-မမြင့်မြင့်ဝေ၊ ကိုမြင့်သောင်း-မမေကြည်ထွန်း၊ ကိုဇော် သင်း-မမေမြင့်ထွန်း၊ ကိုအောင်မြင့်စိုး-မမေငြိမ်းထွန်း၊ မမေကျော့ထွန်း၊ ကိုကျော့ မောင်မောင်ထွန်း-မအိသဉ္ဇာမိုး၊ ကိုငြိမ်းမောင်မောင်ထွန်း-မဝင့်ဝါနွယ်၊ မမေဇင် ထွန်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၆-၂-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့ ဗဟိုစည်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၃ရက် နံနက် ၉နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးအုန်းရွှေ (မြစ်ကြီးနား)

အသက်(၆၉)နှစ်

SWY Group Co., Ltd. ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးလှမော်မြင့်မောင်နှင့် ဒါရိုက်တာဒေါ်မော်မော်တင့်တို့၏ဖခင်ကြီး၊ ဒေါ်သန်းသန်းအေး(မနော‌မြေ ဆန်ပွဲရုံ၊ ဘုရင့်နောင်)၏ခင်ပွန်း ဦးအုန်းရွှေသည် ၁၆-၂-၂၀၁၃ရက် နံနက်ပိုင်းတွင် SSC အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဝန်ထမ်းများ

SWY Group Co., Ltd.

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ခင်စု

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ် ၁၇၉၊ ဇရာ ၈လမ်း၊ (ည)ရပ်ကွက်နေ (ဦးကျင်-ဒေါ်သန်းတင်)တို့၏သမီးကြီး၊ (ဦးအောင်သိန်း၊ လက်ထောက်အလုပ်ရုံမှူး၊ ကပရ၊ မော်လမြိုင်)၏ဇနီး၊ ဦးစိုးမိုးအောင်(Swift Movers Service-Golden Eleven Group)-ဒေါ်ဇင်ဇာနွယ်၊ မဝင်းဝင်းထိုက်၊ ဦးမျိုးသူရ (G-11-G)-ဒေါ်သီဂီဝင်း၊ ဦးစိုးသူရ(S.M.S)-ဒေါ်ခင်သန့်ဇဉ်တို့၏ မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၆-၂-၂၀၁၃ရက် နံနက် ၁၁း၂၅နာရီ တွင် SSC ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၄နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာစိန်လင်း(ခရမ်း)(ဆုဆေးခန်း၊ထူပါရုံ၁၃လမ်း၊သာကေတ)

အသက်(၅၂)နှစ်

ခရမ်းမြို့၊ အမှတ်(၆)ရပ်ကွက်နေ ဦးချစ်စိန်-(ဒေါ်ထွန်း)-(ဒေါ်အေးသန်း) တို့၏သား၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ ဦးပွ-ဒေါ်တင်နွဲ့တို့၏သားသမက်၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၂၈၊ တတိယထပ်(A) နေ ဒေါ်မြတ်စုခိုင်၏ခင်ပွန်း၊ မဆုရတီလင်း(ပဥ္စမတန်း)၊ မသဲဆုဟန်နီ (ဒုတိယ တန်း၊ အထက-၅၊ ဗိုလ်တထောင်)တို့၏ဖခင်သည် ၁၆-၂-၂၀၁၃ရက် (စနေနေ့) နံနက် ၁၁း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောအထူးကု ဌာန၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၃ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါ ကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍၂၂-၂-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါက်တာစိန်လင်း(ခရမ်း)(ဆုဆေးခန်း၊ထူပါရုံ၁၃လမ်း၊သာကေတ)

အသက်(၅၂)နှစ်

ခရမ်းမြို့၊ အမှတ်(၆)ရပ်ကွက်နေ ဦးချစ်စိန်-(ဒေါ်ထွန်း)-(ဒေါ်အေးသန်း) တို့၏သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ဦးမောင်ဇော်-ဒေါ်ငွေးငွေး၊ ဦးသန်း ငွေး-ဒေါ်ဝင်းတင်၊ ဦးဆန်းအေး-ဒေါ်သန်းသန်းဝင်းတို့၏ညီ/မောင်၊ ဦးလှခိုင်- ဒေါ်နွယ်နွယ်အေး(တိုင်းရင်းဆေး၊ ခရမ်း)၊ ဦးညွန့်ဝင်း(တိုင်းရင်းဆေး)၊ ဒေါ်ခင် မာချယ်(လမ်း၄၀၊ ဆက်သွယ်ရေး)၊ ဒေါ်ချိုချိုမြင့်(ဆည်မြောင်းရုံးချုပ်)ဦးအောင် ကျော်ဇော-ဒေါ်နွဲ့နွဲ့ကြည်တို့၏အစ်ကို၊ တူ၊ တူမ ၁၄ယောက်တို့၏ဦးလေး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၂၈၊ တတိယထပ်(A) နေ ဒေါ်မြတ်စုခိုင်၏ခင်ပွန်းသည် ၁၆-၂-၂၀၁၃ရက်(စနေနေ့) နံနက် ၁၁း၄၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောအထူးကုဌာန၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှမိတ်ဆွေသင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ညွန့် (သံတွဲ)

အသက်(၉၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၄-အေ၊ မြစပါယ်ရိပ်သာလမ်း၊ ပါရမီ၊ မရမ်းကုန်း မြို့နယ်နေ (ဦးထွန်းလှအောင်-ဒေါ်အုံ)တို့၏သမီး၊ (ဦးဘညွန့်)၏ဇနီး၊ ဦးစိန်သာ အောင်-ဒေါ်စောမြင့်၊ ဦးသန်းမြင့်-ဒေါ်စောတင့်တို့၏မိခင်၊ ဒေါ်လှဲ့လှဲ့နှင်း၊ ဒေါ် ခင်ခင်နှင်း၊ ဦးတင်ထွဋ်အောင်၊ ဒေါ်ခင်မိုးလှိုင်၊ ဒေါ်ခိုင်သီဟန်တို့၏အဘွားသည် ၁၅-၂-၂၀၁၃ရက် မွန်းလွဲ ၁၂း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂- ၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

(၁)နှစ်ပြည့် လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း

(၁၇-၂-၂၀၁၂) မှ (၁၇-၂-၂၀၁၃)

အနန္တကျေးဇူးရှင်ဖခင်ကြီးအားရည်စူး၍ လစဉ်နှင့်ယနေ့ (၁)နှစ်ပြည့် နေ့များတွင် ပြုလုပ်သော ကုသိုလ်ကောင်းမှုအစုစုတို့ကို အမျှပေးဝေပါ တယ်။ ရောက်ရာဘုံဘဝမှ အဖေ သာဓုခေါ်ဆိုနိုင်ပါစေ။

ဒေါ်နှင်းကြည် မိသားစု

နေပြည်တော်

ဝမ်းနည်းကြေကွဲခြင်း

နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးမှ တာဝန်ခံ ဓာတ်မှန် အထူးကုဆရာဝန်ကြီး ဒေါက်တာနိုင်နိုင်အောင်၏ဖခင် ဦးခိုင်ထွဋ် အသက်(၇၉) နှစ်သည် ၁၄-၂-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူဝမ်းနည်းရပါကြောင်း။

ဓာတ်မှန်ဌာနဝန်ထမ်းများ

ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၊ နေပြည်တော်

ဒုအရာခံဗိုလ်သက်ဇင်

စစ်မှုထမ်း(ငြိမ်း)

အသက်(၇၃)နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့၊ အနောက်ကွက်သစ်ရပ်၊ အမှတ် ၃၃၆နေ ဒေါ်သန်းသန်းမြင့်၏ ခင်ပွန်း၊ ဦးမင်းယုဇင် (အထက်တန်းစာရေး၊ ငွေစာရင်းဌာနခွဲ၊ ရပခ)ဒေါ် အေးမြင့်မြင့်(အထက်တန်းစာရေး၊ငွေစာရင်းဌာနခွဲ၊ ရပခ)၊ ဒေါ်ငုဆွေဇင်(မြရတနာကုမ္ပဏီလီမိတက်၊ ပင်လောင်းမြို့)၊ ဗိုလ်မှူးရဲကျော်အောင်(လတထ-၂)-ဒေါ်မွန်မွန်စိုးညွန့်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁၆-၂-၂၀၁၃ရက်(စနေနေ့) နံနက် ၁၀း၃၀နာရီတွင် အမှတ်(၂/၁၀၀၀)၊ တပ်မတော်ဆေးရုံကြီး နေပြည်တော်၌ ကွယ်လွန်သွားပါ၍ ၁၈-၂-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကွင်းကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ကော့သောင်းမြို့နယ်အသင်း(ရန်ကုန်)

ဦးစန်းရှိန်(ခ)ဦးကြီးလော်

အသက်(၆၉)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ကော့သောင်းမြို့၊ ရွှေဟင်္သာရပ်၊ကျောက်တံတားလမ်း၊ အမှတ် ၈၂/ဘီနေ ဒေါ်မြဝင်း၏ခင်ပွန်း၊ ဦးဝင်းဇော်၊ ဒေါ်ထွေးထွေးနွယ်တို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၁၅-၂-၂၀၁၃ရက် နံနက် ၉း၁၅နာရီ တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၂-၂၀၁၃ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရွှေပြည်သာသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း၊ ကော့သောင်းမြို့နေ အဝေးရောက် အမှုဆောင်အဖွဲ့မှ အသင်းဝင်များအား စုစည်း၍ လိုက်ပါပို့ဆောင်ကြပါရန် အသိပေးနိုးဆော်အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဒေါ်နွဲ့နွဲ့ရီ(ခ)ဒေါ်ပြုံး

(မြနန္ဒာ ကျောက်မျက်ရတနာ)

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ယောမင်းကြီးလမ်း၊ ခြံအမှတ် ၂၄/ခနေ (ဦးကျော်-ဒေါ်မြစိန်၊ ဗန်းမော်)တို့၏မြေး၊ (ဒေါ်ခင်ရီ)၏သမီး၊ (ဒေါက်တာ ဒေါ်နွယ်နွယ်အေး)၏ညီမ၊ ဒေါ်ခင်ဝင်းဝင်းအေး၏အစ်မသည် ၁၆-၂-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းရပ်ဝေးရပ်နီးမှဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးစိုးညွန့်

(ဗဟိုစာရင်းရုံး၊ ငြိမ်း)

အသက်(၇၂)နှစ်

တိုက်ကြီးမြို့နယ်၊ ရွာသာရွာနေ (ဦးအောင်ထွန်း-ဒေါ်သိန်း)တို့၏သား၊ (ကိုသာဖဲ)-ဒေါ်ညွန့်ကြည်တို့၏မောင်၊ ဦးညွန့်သိန်း-ဒေါ်မြင့်စန်းတို့၏ အစ်ကို၊ အမှတ် ၃၃၊ ပတ္တမြားလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ဗဟန်းမြို့နယ်နေ ဒေါ်မြစန်း၏ ခင်ပွန်း၊မောင်ကျော်မင်းဦး-မဖြူဖြူဝင်း၊ မောင်သန့်ဇော်၊ မအေးငြိမ်းသူတို့၏ဖခင်၊ မနှင်းဦးဝေ၊ မောင်ဥက္ကာမိုးတို့၏အဘိုးသည် ၁၆-၂-၂၀၁၃ရက် နံနက် ၁း၄၅ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၂-၂၀၁၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးအုန်းရွှေ (မြစ်ကြီးနား)

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံနယ်မြေ၊ ပိတောက်လမ်း၊ ဆ/၄၅နေ (ဦးတင်-ဒေါ်နုမြ)တို့၏သား၊ (ဦးစံရင်-ဒေါ်ခင်စိုး)တို့၏ သားသမက်၊ ဒေါ်သန်းသန်းအေး(မနော‌မြေဆန်ပွဲရုံ)၏ ခင်ပွန်း၊(ဦးအုန်းညွန့်၊ မြစ်ကြီးနား)၏ညီ၊ ဦးလှမော်မြင့်မောင် - ဒေါ်မော်မော်တင့် (SWY Group Co., Ltd.)၊ ဦးရာဇာမျိုး-ဒေါ်မီမီစံ (ရွှေမနော‌မြေကုမ္ပဏီ)၊ ဦးသောင်းတိုက်စိုး - ဒေါ်ဖွှန်ပွင့်အောင် (ခေတ္တ- Australia)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၆-၂-၂၀၁၃ ရက် နံနက် ၇း၄၅နာရီတွင် SSC အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၃ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကိုသန်းနိုင်ဝင်း

အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ စစ်တောင်းရိပ်မွန်၊ မြမင်္ဂလာလမ်း၊ တိုက် ၃၈၊ အခန်း ၀၀၁နေ ဦးခင်မောင်ဝင်း-ဒေါ်တူးတူးမေတို့၏သား၊ ကိုစိုးတင့်၊ ကိုမျိုးမြင့်အောင်-မဝင်းမာသန်း၊ ကိုမျိုးခန့်-မဆွေဆွေဟန်တို့၏အစ်ကိုကြီး၊ မောင်မျိုးဇာနည်ထွဋ်၊မမေသော်တာမြင့်အောင်၊ မဒီဇင်ဘာနှင်းဝေလှိုင်တို့၏ ဘကြီးသည် ၁၅-၂-၂၀၁၃ရက်(သောကြာနေ့) ညနေ ၃း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်ထိပ်တင်သီ

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊နှင်းဆီလမ်း၊ အမှတ် ၁(ဘီ)နေ (ဦးစိုးကြွယ် - မြင်ကွန်းထိပ်ခေါင်တင်)တို့၏သမီးကြီး၊ ဒေါ်ထိပ်တင်ညွန့်၊ ဒေါ်ထိပ်တင်လှ၊ဒေါ်ထိပ်တင်အေး-ဦးကျော်ဟိန်း၊ ဦးထိပ်တင်လွင် - ဒေါက်တာတိုးနန္ဒာ၊ ဦးထိပ်တင်မြင့်-ဒေါ်ခင်ဆွေဦးတို့၏အစ်မကြီးသည် ၁၅-၂-၂၀၁၃ရက် ည ၈း၅၅နာရီတွင် ပင်လုံဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၆-၂-၂၀၁၃ရက် မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်သန်းစိန် (မာန်အောင်)

အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၆/အနောက်)ရပ်ကွက်၊ ဝေဇယန္တာ (၁၃/အနောက်)လမ်း၊ အမှတ် ၆၁၉နေ(ဦးဘကျော်-ဒေါ်ရွှေနှင်းဦး)၏သမီး၊ဦးစိန်ရှင်ဦး၏ဇနီး၊ဦးဘနီ-ဒေါ်နုစိန်ဦး၊ (ဦးကျော်သာအောင်-ဒေါ်နုဖြူ)၊ ဦးစိုးနိုင်-ဒေါ်စိန်စိန်မိုး၊ဦးခင်မောင်ဝင်း-ဒေါ်သန်းရှင်၊ ဦးသိန်းဆင်-ဒေါ်သန်းနု၊ ဦးဖုန်းနိုင်-ဒေါ်သန်းရီ၊ ကိုသန်းထွန်းလေး-မခင်မာမိုး၊ မသန်းသန်းထွေးတို့၏မိခင်၊ မြေး ၁၀ယောက်၊ မြစ်လေးယောက်တို့၏ ဘွားဘွားသည် ၁၆-၂-၂၀၁၃ရက်(စနေနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၈-၂-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၃နာရီ တွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်နွဲ့(ပန်းတနော်၊ မရမ်း)

အသက်(၈၀)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် ၂၅ (လေးလွှာ)၊ ၄လမ်းနေ (ဦးဘိုးစ - ဒေါ်ကျင်မြိုင်)တို့၏သမီး၊ အိမ်မဲမြို့နေ (ဦးမောင်ညွန့်-ဒေါ်မြသီ) တို့၏ညီမ၊ (ဦးထွန်းကြည်)၏ဇနီး၊ ဦးမျိုးညွန့်-ဒေါ်သင်းသင်းဝေ(ဗဟိုစည်ဆေးရုံ)၊ဦးအောင်ကိုဦး-ဒေါ်မာမာသိန်း၊ ဦးအောင်မင်း (အုပ်ချုပ်ရေးမှူး၊ မရမ်းကုန်းမြို့နယ်၊ စည်/ပင်)-ဒေါ်တင်တင်ဝေ၊ ဦးကျော်စိုးနိုင်တို့၏မိခင်၊ ကိုသော်ဇင်ထွန်း (ဒု-လက်ထောက်မန်နေဂျာ၊ တော်ဝင်စင်တာ)-မခိုင်သဉ္ဇာစိုး၊ မောင်ကောင်းထက်မျိုး၊ မစုသဉ္ဇာအောင်၊ မရွှေယမင်းဦးတို့၏အဘွားသည် ၁၅-၂-၂၀၁၃ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန် သွားပါ၍ ၁၇-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမျိုးအောင်(ခ)ဦးဆန်နီ

(ဟင်္သာတ)

ရွှေတိဂုံစေတီတော်

(၇)ရက်သားသမီးအသင်း

အသက်(၅၉)နှစ်

ဟင်္သာတမြို့နေ (ဦးအေးမောင်-ဒေါ်ခင်ညွန့်)တို့၏သားထွေး၊ (ဦးတင်ရွှေ-ဒေါ်လှလှ)တို့၏သားသမက်၊ ဒေါ်မာမာသန်းဦး၏ခင်ပွန်း၊ (ဦးငွေးတင်)-ဒေါ်ရီရီမြင့်၊ (ဦးမျိုးလွင်)-ဒေါ်အေးမြင့်လှိုင်၊ ဦးမျိုးဝင်း-ဒေါ်ခင်စန်းငွေး၊ ဦးမျိုးသန့်-ဒေါ်ခင်အုပ်၊ ဦးဝင်းအောင်-ဒေါ်စန်းစန်းခိုင်၊ဒေါ်စိုးစိုးခိုင်တို့၏ညီ/မောင်၊ (ဦးဇော်ဝင်း) - ဒေါ်တင်တင်ဝင်းတို့၏ အစ်ကို၊ တူ၊ တူမ ၁၈ယောက်တို့၏ ဦးလေး၊ မြေး ၁၈ယောက်တို့၏အဘိုးသည် ၁၆-၂-၂၀၁၃ရက်(စနေနေ့)နံနက် ၂း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင်ရေဝေးအအေးတိုက်မှရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (တိုက် ၈၀/B၊ အခန်း ၆/A၊ သီရိ ၅ လမ်း၊ လှိုင်မြို့နယ်နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး

ဒေါ်ဝိုင်း(မော်လမြိုင်) အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ကွက်သစ်လမ်း၊ အမှတ် ၇(ပထမထပ်)နေ ဦးမြတ်သွင်နိုင်-ဒေါ်သီသီအောင်ညွန့်၊ Captain ဦးစိုးမိုးအောင် MV ယဋ္ဌိကာရ-ဒေါ်စန်းရီ၊ ဒေါ်သီတာစန်းအောင်(အကောက်ခွန်)၊ ဦးဇော်ဝင်းအောင်(Carnival Cruise Lines.Miami.FL. U.S.A)-ဒေါ်သန္တာစိုး Assistant Manager Puzzahut. Pte., Ltd. (Singapore)၊ ဒေါ်မေစုအောင် (အကောက်ခွန်)၊ ဦးအောင်မိုးကျော်(LL.B)၊ မောင်ဇန်သော်ဟန်(Diploma in Maritime Technology)၊ မလင်းလဲ့မေဦး(ဒုတိယနှစ်၊ စီးပွားရေး)၊ မောင်ဖြိုးစီဟန်(Grade-10၊ အထက-၃၊ ဗိုလ်တထောင်)၊ မချယ်လီဝင်းရှိန်(Grade-9၊ အထက-၃၊ ဗိုလ်တထောင်)၊ မောင်ဝဏ္ဏဝင်းရှိန်(Grade-9၊ အထက-၃၊ ဗိုလ်တထောင်)၊ မောင်ဝင်းထူးကျော်(Grade-7၊ အလက-၈၊ မော်လမြိုင်)၊ မောင်အောင်ကောင်းဆက် (Grade-1၊ အထက-၅၊ ဗိုလ်တထောင်)၊ ဘေဘီဝင်းရှိန်တို့၏ဘွားဘွားကြီးသည် ၁၃-၂-၂၀၁၃ရက် မွန်းလွဲ ၂း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၁၅-၂-၂၀၁၃ရက်တွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမြေးများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးမောင်မောင်ဇော်(ဒုကြီးကြပ်ရေးမှူး၊ ငြိမ်း၊ ကြေးနန်းရုံးချုပ်)

အသက်(၆၂)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်မောင်တင်-ဒေါ်ခင်မမတင်)တို့၏သားငယ်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ၃၆လမ်း၊ အမှတ် ၂၁၉/ကနေ (ဦးဗဆွေ)-ဒေါ်မမတို့၏သားသမက်၊ ဒေါ်ယဉ်ယဉ်အေး (မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ငြိမ်း)၏ခင်ပွန်း၊ မောင်ထက်အောင်လင်း၏ဖခင်၊ (ဦးကျော်စိန်)-ဒေါ်ဆွေဆွေတင်၊ (ဦးမောင်မောင်ဂိုင်)-ဒေါ်သန်းသန်းဆင့်၊ ဒေါက်တာမောင်မောင်စိုး (BDS)တို့၏မောင်/ညီ၊ ဦးဇော်ဝင်း-ဒေါ်ဝေဝေတင်၊ ဒေါက်တာဝင်းကို-ဒေါ်နုနုဝင်း(U.K)၊ ဦးဝင်းဗိုလ်-ဒေါ်သန်းသန်းရွှေ(USA)တို့၏အစ်ကို၊ တူ၊ တူမ ၁၃ယောက်တို့၏ဦးလေးသည် ၁၅-၂-၂၀၁၃ရက်(သောကြာနေ့) နံနက် ၂း၁၅နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးတင်မောင်ဝင်း (ဖျာပုံ၊ ကျုံကဒွန်း)

အသက်(၆၁)နှစ်

ဖျာပုံမြို့၊ ကျုံကဒွန်းမြို့၊ ဗိုလ်ချုပ်လမ်းနှင့် ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ် ၁၈/ခနေ (ဦးဘလှိုင်-ဒေါ်တင်ညွန့်)တို့၏သား၊ ဒေါ်စန်းမြင့်၊ (ဦးရွှေဝင်း)၊ (ဒေါ်စောဝင်း)တို့၏ညီ/မောင်၊ ဦးသောင်းဝင်း၊ ဒေါ်တင်တင်ဝင်း၊ ဒေါ်ယဉ်ယဉ်ဝင်းတို့၏အစ်ကိုသည် ၁၆-၂-၂၀၁၃ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများနံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမင်းလွင်(ခ) ယမ်ဘွန်စွမ်း

အသက်(၇၃)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ၅၂ လမ်း၊ အမှတ် ၈၁နေ (ဦးတင်မောင်-ဒေါ်ကျင်မြိုင်)တို့၏သား၊(ဦးလျောင်ဘွန်ဂုက်-ဒေါ်တင်)တို့၏သားသမက်၊ ဒေါ်ခင်ပြုံးရီ(ခ)လျောင်လေဂှါး၏ ခင်ပွန်း၊ ကိုမျိုးမင်းသန်း-မဇာဇာလင်း၊ မလင်းလင်းခိုင်-ကိုသက်ဝင်းရှိန်၊ မဝင်းမင်းခိုင်-ကိုဟန်ထွန်းအောင်၊ မဖြူဖြူမင်းလွင်-မောင်မျိုးမင်းကိုတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၅-၂-၂၀၁၃ရက် မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၁၀း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မြစ်ကြီးနားအသင်း(ရန်ကုန်)

ဦးအုန်းရွှေ

အသက်(၆၉)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံနယ်မြေ၊ ပိတောက်လမ်း၊ ဆ/၄၅နေ (ဦးတင်-ဒေါ်နုမြ)တို့၏သား၊ (ဦးစံရင်-ဒေါ်ခင်စိုး)တို့၏ သားသမက်၊ ဒေါ်သန်းသန်းအေး (မနော‌မြေ ဆန်ပွဲရုံ)၏ခင်ပွန်း၊ (ဦးအုန်းညွန့်၊ မြစ်ကြီးနား)၏ညီ၊ ဦးလှမော်မြင့်မောင်-ဒေါ်မော်မော်တင့်(SWY Group Co.,Ltd.)၊ ဦးရာဇာမျိုး-ဒေါ်မီမီစံ (ရွှေမနော‌မြေ ကုမ္ပဏီ)၊ ဦးသောင်းတိုက်စိုး - ဒေါ်ဖွှန်ပွင့်အောင် (ခေတ္တ - Australia)တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၆-၂-၂၀၁၃ရက် နံနက် ၇း၄၅နာရီတွင် SSC အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ မြစ်ကြီးနားအသင်းသား အသင်းသူများ လိုက်ပါပို့ဆောင်ပါရန် အသိပေးနိုးဆော်အပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဦးကျော်ညွန့်

အသက်(၇၈)နှစ်

အမှတ် ၆၆၊ နိဗ္ဗာန်လမ်း၊ သာခုအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးရွှေ-ဒေါ်စိန်)တို့၏သား၊ Mr and Mrs H.R.Stiles တို့၏သားသမက်၊ [ဒေါ်ခင်ခင်စီ (ခ) Joyce]၏ ခင်ပွန်း၊ (ဦးမောင်မောင်ညွန့်)၊ ဒေါ်ချိုချိုညွန့် (MPPE)၊ (ဦးကျော်ထူး)-ဒေါ်မာမာဝေ၊ (ဦးကျော်ကျော်မိုး)၊ (ဦးထင်လင်းကျော်)တို့၏ဖခင်၊ မောင်ငြိမ်းချမ်းသူ(MPPE)၊ ကိုရဲထွန်း-မသိမ့်သိမ့်သူ(New Day Energy Co.,Ltd.)တို့၏အဘိုး၊ (ဦးလှမြင့်)-ဒေါ်အုန်းခင်၊ (ဦးမြင့်ဦး)-ဒေါ်မြင့်မြင့်ဦး(ခ) June၊ ဦးကြည်အောင်-ဒေါ်ညွန့်ဟင်တို့၏ မောင်/အစ်ကိုသည် ၁၆-၂-၂၀၁၃ရက်(စနေနေ့)နံနက် ၆း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၈-၂-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မကေခိုင်ထွန်း(ခ) မငြိမ်းချမ်းခိုင်

ဒုတိယနှစ်(ဥပဒေ)၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်(သန်လျင်)

အသက်(၂၁)နှစ်

ဖျာပုံမြို့နေ (ဦးငြိမ်းမောင်-ဒေါ်သန်းရွှေ)၊ ရန်ကုန်မြို့နေ (ဦးကျော်ညွန့်-ဒေါ်ခင်လှ)တို့၏မြေး၊ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရွှေလှိုင်လမ်း၊ အမှတ် ၇၁(A)၊ လေးလွှာ၊ မကျီးတန်းတောင်/အရှေ့ရပ်ကွက်နေ ဦးခင်ထွန်း-ဒေါ်ခင်ဝေစန်းတို့၏သမီးကြီး၊ မောင်ဖြိုးအောင်ကို(သတ္တမတန်း-A၊ အထက-၄၊ စမ်းချောင်း)၏အစ်မသည် ၁၆-၂-၂၀၁၃ ရက် (စနေနေ့) နံနက် ၃း၁၅ နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၂-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

အစိုးရယန္တရားကို အောင်မြင်စွာမောင်းနှင်နိုင်ရန် တာဝန်ရှိသူများ အရည်အချင်းရှိရန်နှင့် အကျင့်စာရိတ္တကောင်းရန်လို

နေပြည်တော် ဖေဖော်ဝါရီ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယမန်နေ့ ညနေ ၄ နာရီတွင် ကလေးမြို့ရှိ ဒေသခံတပ်နယ် အောင်ဖေယျရိပ်သာခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကလေးခရိုင်၊ မော်လိုက်ခရိုင်နှင့် တမူးခရိုင်တို့မှ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ကလေးခရိုင်မှ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်အတွင်းရှိ မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်နိုင်သိန်း၊ ဦးခင်ရီ၊ ဦးဝင်းထွန်း၊ ဦးအုန်းမြင့်နှင့် ဒေါက်တာမြအေး၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးလှထွန်းနှင့် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်တို့က နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် *စာမျက်နှာ ၈ ကော်လံ ၁* ❍

■ **ယခုကာလသည် နိုင်ငံတော်ကြီးကို ဒီမိုကရေစီလမ်းကြောင်းဖြင့် လျှောက်လှမ်းနေရာ ခေတ်စနစ်ပါ ပြောင်းလဲနေရချိန်ဖြစ်၊**

■ **ဆက်လက်ပြီး လိုက်ပါပြောင်းလဲရန်ကျန်ရှိနေသည်မှာ လူပုဂ္ဂိုလ်များပင်ဖြစ်။**

အမှာစကားပြောကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကလေးမြို့ရှိ ဒေသခံတပ်နယ်ခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ယနေ့ မာတိကာ

မြောက် ကို ရီး ယား နျူကလီးယား စမ်းသပ်ဦးမည် စာ - ၅

စာတွေ့ဖတ်မှ မျက်ခြည်မပြတ် အနေတတ်မည် (ဆောင်းပါး) စာ - ၆

အိမ်ကွင်းမှာ ကာဒစ်ဖ်တို့ ရှန်းကန်ရဦးမယ့် ချန်ပီယံရှစ် ပွဲစဉ် (၃၃) စာ - ၁၃

မင်းဘူး မန်းရွှေစက်တော် ဘုရားပွဲတော် ဖွင့်ပြီ စာ - ၁၄

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို (၄) မျက်နှာ ပါရှိပါသည်။

ဝူရှူးအဖွဲ့ရဲ့ ရွှေလက်တံများ

သတင်း-စိုးဝင်း၊ ဓာတ်ပုံ-အောင်အောင်

ယခု ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် စတင်ကျင်းပမည့် ပရီဆီးဂိမ်းပြိုင်ပွဲနှင့်ပတ်သက်၍ ပြင်ဆင်မှုများကို လေ့လာသတင်းယူရန် နေပြည်တော်သို့ ရောက်ခဲ့သည်။ နေပြည်တော် Gold Camp အတွင်း လေ့လာသင့်သည်များကို လေ့လာရင်း အားကစားအဖွဲ့များ လေ့ကျင့်ရာသို့ သွားရောက်လေ့လာဖြစ်ခဲ့ပါသည်။ ဖေဖော်ဝါရီ ၁၅ ရက်နေ့က လေ့ကျင့်ရေးစခန်းတစ်ခုဖြစ်သည့် လယ်ဝေး TC2 သို့ ရောက်ရှိပြီး ဝူရှူးအဖွဲ့၏ ပြင်ဆင်ဆောင်ရွက်ပုံများကို လေ့လာမေးမြန်းဖြစ်ခဲ့ပါသည်။

ဝူရှူးအဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲများတွင် ရွှေတံဆိပ်များ ရယူပေးနိုင်ခဲ့သည့် အားကစားနည်းဖြစ်သည်။ ပြီးခဲ့သည့် (၂၆) ကြိမ်မြောက် အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင်လည်း ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ရယူပေးနိုင်ခဲ့သည့်အဖွဲ့လည်းဖြစ်သည်။ ယခု (၂၇) ကြိမ်မြောက် ဆီးဂိမ်းသည် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရသော ပြိုင်ပွဲဖြစ်၍ မြန်မာအားကစားအဖွဲ့အသီးသီး ရွှေတံဆိပ်အသီးသီးဖြင့် နိုင်ငံ့ဂုဏ်ဆောင်နိုင်ဖို့လည်း အရေးကြီးသည်။ နိုင်ငံ့ဂုဏ်ဆောင်နိုင်ဖို့အတွက် အားထားရမည့် အဖွဲ့များထဲတွင် ဝူရှူးအဖွဲ့လည်းပါဝင်နေသည်ကို တွေ့ရသည်။ ယခုပြိုင်ပွဲတွင် ဝူရှူးအဖွဲ့သည် အနည်းဆုံး ရွှေတံဆိပ်ခြောက်ခုမှ ရှစ်ခုအထိ မျှော်မှန်းနိုင်သည့် အနေအထားမျိုးရှိသည်။ ရွှေတံဆိပ်အသီးသီးဆွဲနိုင်ဖို့ လေ့ကျင့်ခန်း အချိန်မလပ်ပြုလုပ်နေသော ဝူရှူးအဖွဲ့၏ လေ့ကျင့်ချိန် နာရီလက်တံများသည် ရွှေလက်တံများဟုဆိုနိုင်မည်ဖြစ်ရာ ဝူရှူးအဖွဲ့ လေ့ကျင့်ရာသို့ သွားရောက်မေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည်။

မေး။ ။ ဆီးဂိမ်းပြိုင်ပွဲကြီးမှာ ဝူရှူးအားကစားနည်းအတွက် ချီးမြှင့်မယ့်ဆုတံဆိပ်အရေအတွက် ဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ အမျိုးသားအတွက် ရွှေတံဆိပ် ၁၂ ခု၊ အမျိုးသမီးအတွက် ရွှေတံဆိပ် ၁၁ ခုဆိုပြီး စုစုပေါင်း ရွှေတံဆိပ် ၂၃ ခု ချီးမြှင့်မှာ ဖြစ်ပါတယ်။

မေး။ ။ ဒါဆိုရင် ကိုထွန်းထွန်းဦးတို့ အဖွဲ့ကရော ဘယ်လောက်ရမယ် မှန်းထားသလဲ။

ဖြေ။ ။ မှန်းတယ်ဆိုတာ စိတ်ထဲက မှန်းလို့ရတဲ့အရာ၊ ထင်လို့ရတဲ့ အရာပေါ့နော်၊ ဒီတော့ စိတ်ထဲရှိတဲ့အတိုင်းပြောရင်တော့ ပေးတဲ့အရေအတွက်ထဲကရနိုင်သမျှယူချင်တာပေါ့။ ဒါကစိတ်ဆန္ဒကို ပြောတာ၊ ဒါပေမယ့် လက်တွေ့ကိုလည်း မေ့လို့ မရဘူး မဟုတ်လား။

မေး။ ။ ဟုတ်ပါတယ်၊ ဒါဆိုရင် အနီးစပ်ဆုံးဖြစ်နိုင်ခြေကို ပြောပြပါလား။

စာမျက်နှာ ၉ ကော်လံ ၄ ▲

ရွှေတံဆိပ်အသီးသီးဆွတ်ခူးနိုင်ရန် အချိန်မလပ်လေ့ကျင့်လျက်။